# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၈ ရက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၁၃၅)


# ပြည်ထောင်စုကြီး မပြိုကွဲစေရန်အတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ၏ လက်တွဲမဖြုတ်စတမ်း စည်းလုံးညီညွတ်မှုအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့အချိန်အခါသည် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအတွက် စည်းလုံးညီညွတ်မှု၏ အောင်ပွဲပြယုဂ်ဖြစ်သော ဂုဏ်ယူဖွယ်ရာ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပါသည်။ ဤနေ့ထူးနေ့မြတ် မင်္ဂလာအခါသမယတွင် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ ငြိမ်းချမ်းသာယာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အေးအတူပူအမျှ သမိုင်းစဉ်ဆက် ခံ့ထည်စွာ ရပ်တည်နေထိုင်ခဲ့ကြသော်လည်း ၁၉ ရာစုအရောက်၌ ဗြိတိသျှကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်သိမ်းပိုက်မှုကြောင့် အချုပ်အခြာအာဏာ လက်လွှတ်ခဲ့ရပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါသည်။ လွတ်လပ်ရေးဆုံးရှုံးမှုနှင့်အတူ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမှာလည်း ပြိုကွဲခဲ့ရပါသည်။

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ပြီး ဆုံးရှုံးသွားသော လွတ်လပ်ရေးကိုပြန်လည်ရရှိနိုင်ရန် ကိုယ်ကျိုးစွန့် အနစ်နာခံကာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ပြည်မနှင့်အတူ တောင်တန်းဒေသများပါ တစ်ပြိုင်တည်း

*စာမျက်နှာ ၃ ကော်လံ ၁* ◆




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။ သတင်းစဉ်

# ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က **ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် တီထွင်မှုမူပိုင်ခွင့် ဥပဒေကြမ်း**ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အခြေပြစာချုပ်ငယ်(၂) ၏ အတည်ပြုစာချွန်လွှာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရန်ကိစ္စ**နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အခြေပြစာချုပ်ငယ် (၂) ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများက ၂၀၁၈ ခုနှစ်၊ မေ (၄)ရက်တွင်

*စာမျက်နှာ ၇ ကော်လံ ၁* ❋


ဗိုလ်ချုပ်ကျေးဇူး ဆပ်ဖို့ဆိုလျှင် စာ - ၆

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန် စာ - ၈ - ၉

လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ပိတ်ဆို့ခဲ့သည့်အတွက် ဗင်နီဇွဲလား တပ်မတော်ကို အတိုက်အခံခေါင်းဆောင် သတိပေး စာ - ၁၄





မြန်မာ့အလင်း

# ပြည်ထောင်စုနေ့ ပြည်ထောင်စုစိတ်ဓာတ်

ယနေ့ ဖေဖော်ဝါရီ ၁၂ ရက်သည် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ ဖြစ်၏။ မြန်မာနိုင်ငံ လွတ်လပ်ရေးပန်းတိုင်ဝင်ခါနီး နောက်ဆုံးအချိန်တွင် ပြည်မတောင်တန်းဒေသ မခွဲခြားဘဲ ပြည်ထောင်စုသားများအဖြစ် ဗြိတိသျှလက်အောက်က ရုန်းထွက်ကာ လွတ်လပ်ရေးအရယူမည်ဟူသည့် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သောနေ့ဖြစ်၏။ ဤစာချုပ်က များစွာအဓိပ္ပာယ်လေးနက်မှုရှိသော စာချုပ်ဖြစ်ပါသည်။

အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရတော့မည့် နောက်ဆုံးအချိန်တွင် ၎င်းတို့၏သဘောထားမှာ -တောင်တန်း ဒေသတို့ကို လွတ်လပ်ရေးမပေးဘဲ ချန်ထားရန် လိုကောင်းလိုမည်၊ ပြည်မက လွတ်လပ်ရေးလိုချင်သည်ဆိုသော်လည်း တောင်တန်းဒေသတို့က အတူတကွ လိုချင်သည် မလိုချင်သည်မှာ မသေချာ။ ကချင်၊ ချင်းနှင့် ရှမ်းပြည်နယ် အစရှိသည့် တောင်တန်းဒေသများကို မြန်မာနိုင်ငံ လွတ်လပ်ရေးပေးရာတွင် ဖယ်ချန်ထားလိုသည်။ ပြည်မနှင့် တောင်တန်းဒေသများသည် သီးခြားဖြစ်သည်ဟူ၍ အကြောင်းပြ၏။

ဒုတိယကမ္ဘာစစ်အပြီး ၁၇ မေ ၁၉၄၅ တွင် မြန်မာနိုင်ငံဆိုင်ရာ အုပ်ချုပ်ရေးမူဝါဒအဖြစ် ဗြိတိသျှအစိုးရက စက္ကူဖြူစာတမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ စက္ကူဖြူစာတမ်း၏ အနှစ်သာရမှာ စစ်ပြီးကာလတွင် မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစွာလုပ်မည်။ ထိုကာလအတွင်း ဗြိတိသျှတို့က သုံး နှစ် အုပ်ချုပ်မည်။ ပြန်လည်ထူထောင်ရေးကာလပြီးလျှင် အထွေထွေရွေးကောက်ပွဲကျင်းပမည်။ ဥပဒေပြုလွှတ်တော်နှင့် အစိုးရဖွဲ့စည်းမည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲမည်။ ထိုအခြေခံဥပဒေကို ဗြိတိသျှပါလီမန်က အတည်ပြုမည်။ ဗြိတိသျှအစိုးရနှင့် မြန်မာအစိုးရတို့၏ ဆက်ဆံရေးနှင့် ဘဏ္ဍာရေးစာချုပ်များ ချုပ်ဆိုမည်။ မြန်မာနိုင်ငံက ဗြိတိသျှဓနသဟာယနိုင်ငံများ အဖွဲ့အစည်းအတွင်း၌ ကိုယ်ပိုင်အုပ်ချုပ်ရေးရမည်။ ရခိုင်တောင်တန်းဒေသ၊ ကချင်တောင်တန်းဒေသ၊ ရှမ်းပြည်နယ်၊ ကရင်နီ (ကယား) ပြည်နယ် အပါအဝင် စသည့်တောင်တန်းဒေသများက မြန်မာပြည်မနှင့် တစ်လုံးတစ်စည်းတည်း ပူးပေါင်းရန် အဆိုပါ တောင်တန်းဒေသများက ဆန္ဒမရှိသရွေ့ မြန်မာဘုရင်ခံက ပြည်မနှင့်ခွဲကာ သီးခြားအုပ်ချုပ်သွားမည်ဟူ၍ ဖြစ်သည်။

မြန်မာနိုင်ငံကို ပတ်လည်ဝိုင်းနေသည့် တောင်တန်းဒေသများကို ဗြိတိသျှက ဆက်လက်ချုပ်ကိုင်ထားပြီး အလယ်ကွက်ကာ ပြည်မအဖြစ် လွတ်လပ်ရေးပေးမည်ဟူသည့် သဘော။

ထို့ကြောင့်ပင် ၁၉၄၆ မတ်လတွင် နိုးကြားတက်ကြွသော ရှမ်းလူငယ်များက ခေါင်းဆောင်ကာ ပဒေသရာဇ်ဆန့်ကျင်ရေး နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ ဖော်ဆောင်ကြပြီး ပင်လုံအစည်းအဝေးတစ်ခုကို ကျင်းပခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းမှာ ရခိုင်ခရီးစဉ်စီစဉ်ပြီးဖြစ်နေ၍ ကိုယ်စားအဖြစ် သခင်နု၊ ဦးဘဂျမ်းနှင့် မန်းဘခိုင်တို့ တက်ခဲ့ကြသည်။ ဗြိတိသျှကိုယ်စားလှယ်ကလည်း တောင်တန်းသားများ ဗြိတိသျှတို့၏ တောင်တန်းဒေသ အုပ်ချုပ်ရေးအောက်တွင် ဆက်လက်နေကြဖို့ စည်းရုံးလှုံ့ဆော်နေသည်။

ထို့နောက် ၁၉၄၆ ဒီဇင်ဘာတွင် ဗိုလ်ချုပ်တို့ လန်ဒန်သွား၍ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရေးအတွက် ပြင်ဆင်ထားသည့် အောင်ဆန်း-အက်တလီစာချုပ် လက်မှတ်ထိုးသည်။ ထိုအချိန်တွင် စာချုပ်၌ အပိုဒ်တစ်ပိုဒ် ပါလာသည်။

ပင်လုံအစည်းအဝေး သို့မဟုတ် အထူးကွန်ဖရင့်အစည်းအဝေးပြီးဆုံးသည့်အခါတွင် တောင်တန်းဒေသတို့က ပြည်မနှင့်အတူ လွတ်လပ်ရေးယူချင်သည်ဟု သဘောတူညီကြောင်း သေချာမှသာလျှင် တစ်နိုင်ငံလုံးအနေဖြင့် လွတ်လပ်ရေးပေးမည်ဟူသည့်သဘော ဖြစ်၏။

ပင်လုံညီလာခံ၏ သဘောတူညီမှုက တောင်တန်းဒေသများ ပြည်မနှင့်အတူ လွတ်လပ်ရေးရမည်လား၊ မရဘူးလားဟူသည်ကို အဆုံးအဖြတ်ပေးတော့မည်။

ယခုကျင်းပမည့် ပင်လုံညီလာခံသည် တောင်တန်းနှင့် ပြည်မအတူ ပူးပေါင်းလွတ်လပ်ရေး ယူ-မယူ ကို တောင်တန်းသားများ တိုင်းရင်းသားခေါင်းဆောင်များ၏ ဆန္ဒခံယူသည့် ညီလာခံသဖွယ် ဖြစ်ခဲ့သည်။

ပင်လုံညီလာခံကို ရှမ်းပြည်သူလူထုက ထောက်ခံပွဲကြီး ကျင်းပကာ သွေးခွဲသမား နယ်ချဲ့အလိုမရှိ၊ လွတ်လပ်ရေး ချက်ချင်းပေး၊ ရှမ်း-မြန်မာ တောင်တန်းသားများ ပူးပေါင်းကြ စသည့်ကြွေးကြော်သံများဖြင့် ကြိုဆိုခဲ့ကြသည်။

ဒီမိုကရေစီမူအရ ပြည်မသား တောင်တန်းသားအားလုံး အခွင့်အရေး တန်းတူညီမျှရေးဟူသည့် သဘောထားပေါ်တွင်မူတည်ကာ တောင်တန်းသားများ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရရေးကို အခြေခံသည့် သဘောတူမှုများဖြင့် ပင်လုံစာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းသားကိုယ်စားလှယ်များ လက်မှတ်ရေးထိုးခဲ့ကြသည်။

ဗြိတိသျှအစိုးရအနေဖြင့် လွတ်လပ်ရေးကို သီးခြားစီပေးရန် အကြောင်းရှာမရတော့သည့်အဆုံး တောင်တန်း ပြည်မ ခွဲခြားမရဘဲ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးလိုက်ရခြင်းပင် ဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှု၊ တိုင်းရင်းသား ခေါင်းဆောင်တို့၏ အမြော်အမြင်ကြီးမားမှု၊ တောင်ပေါ် ပြည်မ ပြည်သူလူထုတို့၏ နိုင်ငံရေးနိုးကြားမှုတို့ဖြင့် ပြည်ထောင်စုညီညွတ်ရေး ရယူနိုင်ခဲ့သည့် ပင်လုံစိတ်ဓာတ်ကို ဆက်လက်မွေးမြူကြရင်း အနာဂတ်ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံကို ထူထောင်နိုင်ကြပါစို့။ ။

# ပြည်နယ်ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၂၆/၂၀၁၉**
၁၃၈၀ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

**ပြည်နယ်ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း**

ကချင်ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်အရ ကချင်ပြည်နယ်အစိုးရအဖွဲ့ရှိ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနအား **"လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန"** နှင့် **"လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန"**အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးညီညီစံ<br>ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အထက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး<br>ဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| (၂) | ဦးကျော်စိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး<br>ဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အထက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| (၃) | ဦးထင်ကျော်<br>စစ်ဆေးရေးမှူးချုပ်<br>(ညွှန်ကြားရေးမှူးချုပ်)<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေး<br>ကော်မရှင်ရုံး<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေး<br>ကော်မရှင် | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေး<br>ကော်မရှင်ရုံး<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေး<br>ကော်မရှင် |

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး၊ လက်ပူး မီးလောင်ဒဏ်ရာများအား အခမဲ့ခွဲစိတ် ကုသပေးမည်

**ဘားအံ ဖေဖော်ဝါရီ ၁၁**

ဂျာမန် ဆရာဝန်ကြီးများဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး၊ လက်ပူး၊ မီးလောင်ဒဏ်ရာများကို ဖေဖော်ဝါရီ ၁၆ ရက် မှ ၂၈ ရက်အထိ အခမဲ့ခွဲစိတ်ကုသမှုကို ဘားအံပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်မည်ဖြစ်ရာ လူနာများ လာရောက်ပြသနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေး လုပ်ငန်းစီမံချက်ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်မိုးနိုင်သည် Energize Myanmar Co.,Ltd အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီက နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-8) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် လျှပ်စစ်ဓာတ်အား ပိုမိုရရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော Project Empower စီမံကိန်းဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများ၊ အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် Financially နှင့် Technically အဆင်သင့်ဖြစ်နေမှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစီမံချက်ဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ထင်သာမြင်သာ ပြုပြင်စရာ

# ဖျာပုံမြို့ မြို့မဈေးကြီးရှေ့တွင် စည်းကမ်းမဲ့ဂိတ်ထိုးရပ်နားထားသောယာဉ်များအား အမြန်ဆုံးရှင်းလင်းပေးစေလို

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၏ အဓိက ဈေးကြီးတစ်ခုဖြစ်သော မြို့မဈေးကြီးရှေ့တွင် နေ့စဉ်နံနက် ၆ နာရီခွဲမှ ၁၁ နာရီအထိ ကုန်တင်/ကုန်ချ မပြုလုပ်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ပေးထားသော်လည်း ကုန်တင်/ကုန်ချပြုလုပ်သည့် သုံးဘီး၊ ထော်လာဂျီယာဉ်များနှင့် လက်တွန်းလှည်းများ လာရောက်ရပ်နားပြီး ကုန်တင်/ကုန်ချပြုလုပ်နေသည်ကို ယနေ့ထိတိုင်တွေ့မြင်နေသည်။ ထို့အပြင် အငှားယာဉ်ဆိုက်ကားများကလည်း သက်ဆိုင်ရာမှ သတ်မှတ်ပေးထားသော နေသူရိန်လမ်းထိပ်တွင် ဂိတ်ထိုးခြင်းမပြုဘဲ ပထမလမ်း မြို့မဈေးကြီး ရှေ့တွင်ဂိတ်ထိုးပြီး **(အောက်ပုံ)** ကုန်ပစ္စည်းနှင့် ခရီးသည်ခေါ်ယူ တင်ဆောင်ခြင်း၊ ဆိုင်ကယ်ကယ်ရီများမှ စည်းကမ်းမဲ့ ဂိတ်ထိုးပြီး ယာဉ်နှစ်ထပ်ရပ်ထားမှုများကြောင့် ဈေးရောင်း၊ ဈေးဝယ်လာသည့် ပြည်သူများ၊ ခရီးသွားပြည်သူများအတွက် ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်မတော်တဆထိခိုက်မှု အန္တရာယ်များ မကြာခဏ ကြုံတွေ့နေရသည်။



"စည်းကမ်းလိုက်နာမှုမရှိတော့ ခရီးသွားပြည်သူတွေ အဆင်မပြေပါဘူး။ ယာဉ်မတော်တဆမှု ဖြစ်ရင်လည်း ပြေလည်အောင်ဖြေရှင်းဖို့ ခက်ခဲနေလို့ ဒီလိုနေ့စဉ် ကြုံတွေ့နေရတာတွေကို သက်ဆိုင်ရာ တာဝန်ရှိသူတွေက အမြန်ဆုံး စည်းကမ်းတကျ လာရောက်ဖြေရှင်းပေးသင့်နေပါပြီ" ဟု ဒေသခံတစ်ဦးက ပြောသည်။

ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာမှုရှိစေရန် ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် ဒေသခံများက မျှော်လင့်နေကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**

◆ ရှေ့ဖုံးမှ

လွတ်လပ်ရေးရရှိစေရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ပင်လုံညီလာခံကြီးကို ကျင်းပခဲ့ပါသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် တိုင်းရင်းသားပြည်သူများ တညီတညွတ်တည်း လွတ်လပ်ရေးတောင်းဆိုရန် ကတိပြုလက်မှတ်ရေးထိုးကာ သမိုင်းဝင်ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြပါသည်။ တိုင်းရင်းသားပြည်သူများ၏ ပြည်ထောင်စုစိတ်ဓာတ်နှင့် သွေးစည်းညီညွတ်မှုကို အခိုင်အမာဖော်ကျူးပြသပြီး ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့် ယင်းနေ့ထူးနေ့မြတ်ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း(၇၂)နှစ် ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

ပင်လုံစာချုပ်၏ အသီးအပွင့်ရလဒ်အဖြစ် လုံးဝအချုပ်အခြာအာဏာပိုင် မြန်မာ့လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင် ပြန်လည်ရယူနိုင်ခဲ့ပါသည်။ သို့ရာတွင် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် အတိတ်သမိုင်း၏ အမွေဆိုးများနှင့် အကြောင်းအမျိုးမျိုးတို့ကြောင့် တိုင်းရင်းသားပြည်သူများ အချင်းချင်းနားလည်မှုလွဲမှား၊ ယုံကြည်မှုနည်းပါး၊ သံသယများ ပွားများလာကာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့ရာ နှစ်ပေါင်း ၇၀ ကျော်ကြာ ယနေ့ထက်တိုင် ပြည်တွင်းစစ်ချုပ်ငြိမ်းမှု မရှိနိုင်သေးပါ။

ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ရရှိခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်ထောင်စုကြီးမပြိုကွဲစေရန်အတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများ၏ လက်တွဲမဖြုတ်စတမ်း စည်းလုံးညီညွတ်မှုအင်အားဖြင့်သာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်ပါသည်။

ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများ မတူကွဲပြားစွာရှိနေသော တိုင်းရင်းသားပြည်သူများအကြား ပေါင်းစည်းညီညွတ်စေပြီး အထွေထွေသဟဇာတရှိစွာ ဥမကွဲသိုက်မပျက်နေထိုင်ကာ ရေရှည်တည်တံ့သည့် နိုင်ငံတော်ကြီးဖြစ်စေရန်အတွက် အရေးကြီးဆုံးအချက်မှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးပင် ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ပုံဖော်နိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကိုလည်း ကျင်းပနေပြီဖြစ်ပါသည်။ (၂၁)ရာစုပင်လုံတွင် နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တွေ့ဆုံညှိနှိုင်းဆွေးနွေးလျက်ရှိရာ ဒီမိုကရေစီဖက်ဒရယ်အခြေခံမူ ၅၁ ချက်အား ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း(၂)ခုအဖြစ် ချုပ်ဆိုနိုင်ခဲ့ပြီး ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် အားလုံးပါဝင်ရေးမူကို အခြေခံလျက် NCA လက်မှတ်ရေးထိုးခြင်း မပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပါ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းမှတစ်ဆင့် ငြိမ်းချမ်းရေးပန်းတိုင်သို့ ဆက်လက်လျှောက်လှမ်းလျက်ရှိပါသည်။

> “ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများ မတူကွဲပြားစွာရှိနေသော တိုင်းရင်းသားပြည်သူများအကြား ပေါင်းစည်းညီညွတ်စေပြီး အထွေထွေသဟဇာတရှိစွာ ဥမကွဲသိုက်မပျက်နေထိုင်ကာ ရေရှည်တည်တံ့သည့် နိုင်ငံတော်ကြီးဖြစ်စေရန်အတွက် အရေးကြီးဆုံးအချက်မှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးပင်ဖြစ် ”
>
> “ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသည် တိုင်းရင်းသားပြည်သူများ နှစ်ပေါင်း (၇၀)ကျော် မျှော်လင့်တောင့်တခဲ့ရသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု အိပ်မက်ကို လက်တွေ့ကျကျ တည်ဆောက်ပုံဖော်နိုင်ရန် ကြိုးပမ်းနေ ”

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသည် တိုင်းရင်းသားပြည်သူများ နှစ်ပေါင်း (၇၀)ကျော် မျှော်လင့်တောင့်တခဲ့ရသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအိပ်မက်ကို လက်တွေ့ကျကျ တည်ဆောက်ပုံဖော်နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်ပါသည်။ ပြည်ထောင်စုတစ်ဝန်းလုံး ငြိမ်းချမ်းသွားပြီဆိုလျှင် အချိန်တိုအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာပြီး တိုင်းရင်းသားပြည်သူများ၏ အိပ်မက်များ အထင်အရှား မြင်တွေ့လာကြမည်ဟုလည်း အခိုင်အမာယုံကြည်ထားပါသည်။ တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရယူနိုင်ပြီးနောက် မိမိတို့၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများအား အနာဂတ်ကာလတွင် မည်သို့ဖွံ့ဖြိုးတိုးတက်လာမည်၊ မည်သို့မြင်တွေ့လိုကြသည်ကိုလည်း မျက်မှောက်ပြုလျက် အလေးအနက် သုံးသပ်စဉ်းစားကြစေလိုပါသည်။

သို့ပါ၍ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေး လုပ်ငန်းစဉ်များတွင် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့နှင့်အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ရင်း ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက် (၅) ရပ်ဖြစ်သော-

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး “စည်းလုံးညီညွတ်စွာ” ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး၊

တို့ကို အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါရန် ဤပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ် မင်္ဂလာအခါသမယ၌ အလေးအနက် တိုက်တွန်းအပ်ပါသည်။

## ရာဇဝတ်အထွေထွေလျှောက်ထားမှု(စာချွန်တော်) (၁)မှုနှင့် တရားမ အထွေထွေလျှောက်ထားမှု (စာချွန်တော်)(၅)မှု စီရင်ချက်ချမှတ်၊ တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)(၅)မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော ဦးသာဋ္ဌေးနှင့် ဦးမျိုးဝင်းတို့ ပါဝင်သည့် အပြီးသတ်ကြားနာ ဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး ရာဇဝတ်အထွေထွေလျှောက်ထားမှု(စာချွန်တော်) (၁)မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၅)မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)(၅)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ညအပူချိန်များမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၂ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မကွေးတိုင်းဒေသကြီး၌ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့က မကွေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မကွေးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ၊ မကွေးမြို့နယ်အတွင်းရှိ မိခင်ဝိုင်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့များအား ထောက်ပံ့ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

**သင်္ကေတပြ ဘာသာစကား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံသည် လူမှုကာကွယ်စောင့်ရှောက်ရေး နည်းလမ်းဖြစ်သည့်အတွက် လူသားတိုင်း၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန် မူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများ ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွင် မသန်စွမ်းများအား ထောက်ပံ့မှုပေးရန်ပါဝင်၍ ငွေကြေးထောက်ပံ့မှုများသာမက စွမ်းနိုင်သမျှစွမ်းအောင် မိမိဘာသာ ရပ်တည်နိုင်ရေး အထောက်အကူပြုဝန်းကျင်ဖန်တီးပေးခြင်း၊ သက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ မသန်စွမ်းလေးမျိုးထဲမှ အကြားအာရုံချို့ယွင်းသောသူများအတွက် လက်သင်္ကေတပြ ဘာသာစကားများဖြင့် သင်ကြားပေးလျက်ရှိရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲများ ဖြေဆိုအောင်မြင်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ၎င်းတို့ကို စွမ်းနိုင်သမျှ စွမ်းအောင် ကူညီထောက်ပံ့မှုများ ပေးရမည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအတွက် ကနဦး ငွေကြေးထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ထောက်ပံ့ပေးမှုများအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

**လက်ဝယ်အရောက်ထောက်ပံ့**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ ၁၂၃၀ အတွက် ထောက်ပံ့ငွေကျပ် ၃၆၉၉၀၀၀၀၊ မကွေးမြို့နယ်အတွင်း မိခင်ဝိုင်းများအတွက် ထောက်ပံ့ငွေကျပ် ၂၆၇၈၁၀၀၊ ဖန်ခါးမြေ ဘိုးဘွားရိပ်သာအတွက် ထောက်ပံ့ငွေကျပ် ၂၉၅၅၀၀၀၊ ဆားစည့်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ထောက်ပံ့ငွေကျပ် ၆၅၃၄၀၀၀၊ နတ်မောက်မြို့နယ်၌ (၁၀၄)နှစ်မြောက် ဗိုလ်ချုပ်မွေးနေ့ကျင်းပရန်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀၊ မိခင်မေတ္တာ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း၊ မကွေးမြို့နယ်အတွင်းရှိ တပ်မတော်ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း နှစ်ကျောင်းအတွက် တစ်ကျောင်းလျှင် ထောက်ပံ့ငွေကျပ် ၇၀၀၀၀၀၊ မိခင်ဝိုင်းငါးဝိုင်းအတွက် ထောက်ပံ့ငွေကျပ် ၂၆၇၈၁၀၀ နှင့် အခမ်းအနားသို့ တက်ရောက်လာကြသော မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေများကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ပြီး ကလေးငယ်များအတွက် ကစားစရာအရုပ်များနှင့် အာဟာရမုန့်များကို ပေးဝေကြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မကွေးတိုင်းဒေသကြီးအတွင်း မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်စဉ်။

# မြန်မာ-ကိုရီးယား နှစ်နိုင်ငံပူးပေါင်းပြီး ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာ- ကိုရီးယား နှစ်နိုင်ငံပူးပေါင်းပြီး ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးမှုကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့ တက်ရောက်ဆွေးနွေးသည်။

**ညှိနှိုင်းဆွေးနွေး**

တွေ့ဆုံဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဗရက်ဆင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးသက်လွင်တိုးနှင့် မြန်မာ- ကိုရီးယားခရီးသွားလုပ်ငန်းမြှင့်တင်ရေး လုပ်ငန်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ စင်ရော်မောင်မောင်နှင့် JBJ Entertainment ကုမ္ပဏီဥက္ကဋ္ဌ Ms. Jeong Bunja နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တောင်ကိုရီးယားနိုင်ငံမှ အထင်ကရ ရုပ်သံကုမ္ပဏီတစ်ခုဖြစ်သည့် SBS TV Channel နှင့် ပူးပေါင်း၍ မြန်မာ- ကိုရီးယားခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံ၏ ပုံရိပ်ကို ရုပ်သံရိုက်ကူးမှုဖြင့် တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးနိုင်ရေး၊ မြန်မာ- ကိုရီးယားခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် Tourism Brand Promoter အဖြစ် ဆောင်ရွက်ခွင့်ရရှိရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

**ရုပ်ရှင်ဇာတ်ကားရိုက်ကူးမည်**

မြန်မာ- ကိုရီးယား နှစ်နိုင်ငံပူးပေါင်းပြီး ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်နိုင်ရေးအတွက် ဒေါက်တာမိုးနီလွင်၏ ဝတ္ထု၊ ဇာတ်ညွှန်းကို ကိုရီးယားနိုင်ငံမှ တွဲဖက်ဒါရိုက်တာ အပါအဝင် နိုင်ငံတကာ အဆင့်မီ ရိုက်ကူး/ထုတ်လုပ်ရေးအဖွဲ့များဖြင့် ပူးပေါင်း၍ ကိုရီးယားနှင့် မြန်မာနိုင်ငံတို့မှ နာမည်ကြီး အမျိုးသားသရုပ်ဆောင်တစ်ဦးစီ ရွေးချယ်ပြီး မြန်မာနိုင်ငံမှ အမျိုးသမီး သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ဝတ်မှုံရွှေရည်တို့ဖြင့် ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ စင်ရော်မောင်မောင် ခံစားတင်ပြမည့် "တစ်ခါကဆောင်း" အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးမည်ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် တာဝန်ရှိသူများ မြန်မာ- ကိုရီးယား နှစ်နိုင်ငံပူးပေါင်းပြီး ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

ထိုသို့ ရိုက်ကူးမှုကို ကိုရီးယားနိုင်ငံမှ ဆိုးလ်၊ ဘူဆန်နှင့် အခြားမြို့ကြီးများတွင် လည်းကောင်း၊ မြန်မာနိုင်ငံမှ မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ ပုဂံမြို့များနှင့် ရှမ်းပြည်နယ် အင်းလေးဒေသ၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ လည်းကောင်း နှစ်နိုင်ငံခရီးသွားလုပ်ငန်း မြှင့်တင်မှုကို ဦးတည်၍ ချစ်ခြင်းမေတ္တာနှင့် သစ္စာတရားကို အခြေခံကာရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး လုပ်ငန်းညှိနှိုင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၁

**စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့် ဖြန့်ဖြူးပေးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက်ညနေပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဝန်ကြီးဌာနအနေဖြင့် ၂၀၂၀- ၂၀၂၁ ခုနှစ်တွင် လျှပ်စစ်မီးသုံးစွဲသူဦးရေသည် တစ်နိုင်ငံလုံး၏ ၅၅ ရာခိုင်နှုန်းအထိ တိုးတက်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် ဓာတ်အားစနစ်မှ သုံးစွဲသူပြည်သူများ လျှပ်စစ်ဓာတ်အား ဗို့အားပြည့်ဝပြီး တည်ငြိမ်စွာဖြန့်ဖြူးပေးနိုင်ရေးအတွက် ဟန်ချက်ညီညီ စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးနှင့် တိုးတက်သုံးစွဲလာမည့် ဓာတ်အားလိုအပ်ချက်များကို ကြိုတင်တွက်ချက်၍ စီမံဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ နယ်စပ်မြို့ဖြစ်သည့် တမူးမြို့အား လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူး၍ နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်သွားကြရမည် ဖြစ်ကြောင်း၊ လျှပ်စစ်ကဏ္ဍနှင့်စပ်လျဉ်း၍ ဒေသနေပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုကြောင်း၊ ပြည်သူများအတွက် အရည်အသွေးပြည့်ဝသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရန်နှင့် ဝန်ထမ်းများ အနေဖြင့်လည်း လုပ်ငန်းများအပေါ် စိတ်ဝင်စားစွာဖြင့် အဂတိတရားကင်းရှင်းပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်အောင်မြင်အောင် စေတနာထား၍ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့ ၂၃၀ ကေဗွီ ကလေးပင်မဓာတ်အားခွဲရုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**ဓာတ်အားဖြန့်ဖြူးပေးနေ**

ထို့နောက် တမူးနှင့် ကလေးခရိုင်တို့မှ လျှပ်စစ်အင်ဂျင်နီယာများက ခရိုင်အလိုက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှု၊ နှစ်အလိုက်ဓာတ်အားတိုးတက်သုံးစွဲမှု၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ လျှပ်စစ်အင်ဂျင်နီယာများက တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုရှင်းလင်းတင်ပြကြရာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကျော်က ကလေးဝဒေသမြောက်ခြမ်းရှိ မော်လိုက်၊ ဟုမ္မလင်းနှင့် ဖောင်းပြင်ဒေသများသို့ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်တို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကလေးမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၂၃၀ ကေဗွီ ကလေးပင်မဓာတ်အားခွဲရုံ စီမံကိန်းကို ကြည့်ရှုစစ်ဆေးရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းညွှန်ကြားရေးမှူး(မြောက်ပိုင်း)က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးအေးကျော်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြား၍ စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၂၃၀ ကေဗွီကလေးပင်မဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကလေးမြို့နှင့် ပတ်ဝန်းကျင်ဒေသများအား လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်မည့်အပြင် စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်းရှိ တမူး၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီးအစရှိသည့်ဒေသများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းဟောင်းများအသင်း အသင်းသားစုံညီ အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းဟောင်းများအသင်း၊ အသင်းသားစုံညီ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက်(စနေနေ့)၌ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ဦးအနီး၊ အာဇာနည်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ နေပြည်တော်ကောင်စီနယ်မြေတို့မှ အသင်းဝင်ကိုယ်စားလှယ်နှစ်ဦးစီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အသင်းဝင်အားလုံးတက်ရောက်ရန် ဖိတ်ကြားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၅/၂၀၁၉) သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

**နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၅/၂၀၁၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။**

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အငြိမ်းစားသံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြဆရာကြီး၊ ဆရာမကြီးများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းများကို ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိပြီး ပြင်ပပုဂ္ဂလိကကဏ္ဍများ၏ အရည်အသွေးနှင့် စွမ်းဆောင် ရည်များကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးလျက်ရှိသည်။ အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းများကို အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း တက်ရောက်အောင်မြင်ပြီးနောက် သံတမန်ရေးရာ ဘာသာရပ်များကို ပိုမိုလေ့လာလိုသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းကာလ ရက်သတ္တပတ်ရှစ်ပတ်အတွင်း သံတမန်ရေးရာနှင့် သက်ဆိုင်သည့် သံခင်းတမန်ခင်း၊ စေ့စပ်ညှိနှိုင်းမှုပညာ၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်၊ မျက်မှောက်ခေတ်နိုင်ငံတကာရေးရာများ၊ စီးပွားရေးဆိုင်ရာ ဘာသာရပ်များနှင့် မူဝါဒရေးရာတို့ကို ပို့ချပေးမည် ဖြစ်သည်။

သင်တန်းတွင် သင်တန်းနည်းပြ ဆရာကြီး၊ ဆရာမကြီးများ၊ ပါမောက္ခများနှင့် ဝါရင့်သံတမန်များက လက်ရှိဖြစ်ပေါ် တိုးတက်နေသော မျက်မှောက်ခေတ်ရေးရာများနှင့် သံတမန်ရေးရာ ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၅/၂၀၁၉) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်




ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများက ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

# (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲပြိုင်ပွဲများ စစ်တွေမြို့ဧည့်ဝတီအားကစားကွင်းတွင် ဖွင့်လှစ်

စစ်တွေ ဖေဖော်ဝါရီ ၁၁

**(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဌာနဆိုင်ရာများပြခန်း၊ ကုမ္ပဏီများ၏ပြခန်းများနှင့်ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ဧည့်ဝတီအားကစားကွင်း၌ ပြုလုပ်သည်။**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်နှင့် ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းတို့က ဌာနဆိုင်ရာများပြခန်း၊ ကုမ္ပဏီများပြခန်းနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ဌာနဆိုင်ရာများသည် ဧည့်ဝတီအားကစားကွင်းအတွင်း ဖွင့်လှစ်ပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးစန်းလွင်ဦးက "ကျွန်တော်တို့ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြခန်း ၄၅ ခန်း ပြသထားပါတယ်၊ အဲဒီအထဲမှာ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုတွေ၊ ဌာနဆိုင်ရာတွေရဲ့မိမိဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှုတွေ၊ အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းရှင်တွေရဲ့ စီးပွားဖြစ်အောင်မြင်နေမှုတွေ၊ ဒါ့အပြင် ပြည်နယ်အတွင်းမှထွက်ရှိတဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်တွေကိုလည်း ပြသထားပါတယ်။ ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြခန်းတွေကို လေ့လာကြည့်ရှုသူတွေအနေနဲ့ အသိပညာဗဟုသုတတွေ တိုးပွားရရှိလာမှာ ဖြစ်တဲ့အတွက် လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်အပ်ပါတယ်" ဟု ပြောသည်။

အဆိုပါပြခန်းများကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ ပြသထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ- ကံထွန်း(ဟံတာမြေ)**

## တနင်္သာရီတိုင်းဒေသကြီးအတွင်း နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲသံတွဲမြို့ငပလီကမ်းခြေတွင်ကျင်းပမည်

**စစ်တွေ ဖေဖော်ဝါရီ ၁၁**

ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်မည့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ "Rakhine State Investment Fair 2019" ကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ရခိုင်ပြည်နယ် သံတွဲမြို့ငပလီကမ်းခြေ၌ ကျင်းပသွားမည်ဖြစ် သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လုပ်ငန်းကော်မတီများ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အမှာစကားပြောကြားပြီး ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ပြပွဲအောင်မြင်စွာ ကျင်းပသွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ပြပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေမှုများနှင့်ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ လုပ်ငန်းကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

**ဟန်လင်းနိုင်၊ ဓာတ်ပုံ- ရာမည**



ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကျင်းပရေးညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

# ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့

**စစ်တွေ ဖေဖော်ဝါရီ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်မင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ချောင်းတူကျေးရွာမှ ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာရှိ ပင်မဘုန်းတော်ကြီးကျောင်း၌ခိုလှုံလျက်ရှိသည့် တိုက်ပွဲရှောင်ပြည်သူများကို ဆန်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်ထောက်ပံ့သည်။ **(အောက်ပုံ)**



အဆိုပါ တိုက်ပွဲရှောင်ပြည်သူများသည် ကျောက်တော်မြို့နယ် ချောင်းတူကျေးရွာမှ ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးတရုတ်ကျေးရွာရှိ ပင်မဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ခိုလှုံလာခြင်းဖြစ်ကြောင်း သိရသည်။

တိုက်ပွဲရှောင် အိမ်ထောင်စု ၆၈ စုမှလူဦးရေ ၂၃၉ ဦးအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းငါးမျိုးနှင့် တန်ဖိုးငွေကျပ် ၁၉၃၈၀၀ ရှိ ကျားလုံချည် ၆၈ထည်၊ တန်ဖိုးငွေကျပ် ၁၄၉၆၀၀ ရှိ မလုံချည် ၆၈ ထည်၊ တန်ဖိုးငွေကျပ် ၁၈၉၀၄၀ ရှိ တီရှပ် ၁၃၆ ထည်၊ တန်ဖိုးငွေကျပ် ၃၆၀၄၀၀ ရှိစောင် ၁၃၆ ထည်၊ တန်ဖိုးငွေကျပ် ၃၄၀၀၀၀ ရှိဖျာ ၆၈ ခု၊ လူဦးရေ ၂၃၉ ဦးအတွက် ဆန်ရိက္ခာတစ်လစာတန်ဖိုးငွေကျပ် ၂၁၅၁၀၀၀ စုစုပေါင်းထောက်ပံ့ငွေကျပ် ၃၃၈၃၈၄၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဗိုလ်ချုပ်ကျေးဇူး ဆပ်ဖို့ဆိုလျှင်



မောင်သောင်းဝင်း (တမန်ဟောင်း)

**လွန်ခဲ့သော နှစ်ပေါင်း ၁၀၄ နှစ်က ဖြစ်သည်။ ထိုစဉ်က မြန်မာနိုင်ငံအတွက် အပြောင်းအလဲကို ထုဆစ်ပုံဖော်မည့် အာဇာနည်ပုဂ္ဂိုလ်တစ်ဦး ပေါ်ထွန်းခဲ့သည်။ တိတိကျကျ ပြောရမည်ဆိုလျှင် ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၂၇၆ ခုနှစ် တပေါင်းလဆန်း ၁ ရက် (စနေနေ့)နံနက်စောစောတွင် နတ်မောက်မြို့၌ အဖ ရှေ့နေ ဦးဖာနှင့် အမိဒေါ်စုတို့မှ ကျောင်းသား ခေါင်းဆောင်၊ တပ်မတော်၏ဖခင်၊ အမျိုးသားခေါင်းဆောင်၊ လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းကို မွေးဖွားခဲ့သည်။ ထို့ကြောင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဗိုလ်ချုပ်၏ ၁၀၄ နှစ်မြောက်မွေးနေ့ရောက်ရှိတော့မည်ဖြစ်သည်။ ထို့အပြင် ဗိုလ်ချုပ်ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကို ကလေးများနေ့အဖြစ်လည်း သတ်မှတ်ထားသည်။**

## နာမည်နှင့်လိုက်အောင် ထူးဆန်း

ဗိုလ်ချုပ်အောင်ဆန်း၏ ဇာတာတွင် "ထိန်လင်း" ဟု ပါရှိသည်။ သို့သော် မိဘများအပါအဝင် မည်သူကမျှ "ထိန်လင်း" ဟူ၍ မခေါ်ခဲ့ကြပေ။ "အောင်ဆန်း" ဆိုသောနာမည်ကိုသာ ခေါ်ခဲ့ကြသည်။ "ပညတ်သွားရာ ဓာတ်သက်ပါ" ဆိုသည့် အတိုင်း အောင်ဆန်းနာမည်နှင့်လိုက်အောင် "ဆန်း" ခဲ့သည်။

ငယ်စဉ်က အသက်သုံးနှစ်ကျော်အထိ စကားမပြောခဲ့ပေ။ မိဘများက "စကားမှ ပြောပါဦးမလား၊ 'အ အ' ကလေးများ ဖြစ်နေမလား" ဟု စိုးရိမ်ပူပန်ခဲ့ကြသည်။ စကားပြောလာသည့်အချိန်တွင်လည်း လူကြီးများ မဖြေနိုင်သည့် မေးခွန်းများကို မေးလေ့ရှိသည်။ "မိုးတွင်း၊ ဆောင်းတွင်း" ဟု ပြောကြားသော်လည်း မည်သည့်အတွက်ကြောင့် "နွေတွင်း" ဟု မပြောကြသနည်းဟုမေးခဲ့ရာ လူကြီးများမှာ မဖြေနိုင်ဘဲ ရယ်နေကြရသည်။ "ညီအစ်ကို တစ်ဝမ်းကွဲ"၊ "မောင်နှမတစ်ဝမ်းကွဲ" ရှိသော်လည်း မည်သည့်အတွက်ကြောင့် "လင်မယား တစ်ဝမ်းကွဲ" မရှိသနည်းဟု မေးမြန်းခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်ကပင် အမြဲတွေးတောစဉ်းစားနေလေ့ရှိသည်။ အသက် ၁၅ နှစ်ခန့်အရွယ်တွင် နတ်မောက်ဘုရားကြီးကျောင်းဆရာတော် ဦးဉာဏဝံသထံသွားပြီး ဥပဒေအရ အပြစ်ရှိသည့် တရားခံတစ်ယောက်အား သေဒဏ်ပေးလိုက်သော တရားသူကြီးတွင် ဘာသာရေးအရ အပြစ် ရှိ၊ မရှိ လျှောက်ထားမေးမြန်းခဲ့ဖူးသည်။ ကလေးတစ်ယောက်၏ မြင့်မားသော တွေးခေါ်မြော်မြင်မှုပင် ဖြစ်သည်။

## လူ့ဂွစာဟုပင် ကင်ပွန်းတပ်ခံရ

၁၉၃၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ရောက်လာသော ကိုအောင်ဆန်းသည် လူထူးလူဆန်းတစ်ယောက်လို ဖြစ်နေသည်။ ထိုခေတ်ကတက္ကသိုလ်ကျောင်းသားများသည် အထက်တန်းလွှာမှဖြစ်၍ တန်ဖိုးရှိသော အဝတ်အထည်များကို ဝတ်ဆင်ကြသည်။ သို့သော် ကိုအောင်ဆန်းသည် မန္တလေးလုံချည် တစ်ပတ်နွမ်း၊ ပင်နီတိုက်ပုံအင်္ကျီ၊ တစ်ပတ်နွမ်းရှပ်အင်္ကျီလောက်သာ ဝတ်ဆင်ခဲ့သည်။ ကိုအောင်ဆန်း၏အခန်းသည် စာအုပ်များနှင့် ပြန့်ကျဲနေတတ်သည်။ အဝတ်အစားအနေအထိုင်ကို ဂရုမစိုက်သော်လည်း စာအုပ်စာပေပေါင်းစုံကို ဖတ်သည်။ ကျောင်းစာအပြင် နိုင်ငံရေးစာအုပ်များစွာကိုလည်းဖတ်ခဲ့သည်။ လောကွတ်မလုပ်တတ်ချေ။ သူ့အားဖော်ရွေစွာနှုတ်ဆက်သည့် ကျောင်းသားများကိုလည်း ပြန်လည်နှုတ်ဆက်ချင်မှ နှုတ်ဆက်သည်။ ထို့ကြောင့် တချို့သောကျောင်းသားများက ကိုအောင်ဆန်းကို "လူ့ဂွစာ" ဟုပင် ကင်ပွန်းတပ်ခဲ့ကြသည်။ မည်သို့ပင်ဆိုစေကာမူ သူနှင့်ရင်းရင်းနှီးနှီးဆက်ဆံဖူးသူများကမူ ကိုအောင်ဆန်းကို တစ်သက်လုံးခင်မင်ရင်းနှီးသွားတော့သည်။

## ကြိုတင်သိထား

ကိုအောင်ဆန်းသည် ၁၉၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ တကသဥက္ကဋ္ဌတာဝန်အပြင် ဗကသဥက္ကဋ္ဌအဖြစ်ပါ ရွေးကောက်တင်မြှောက်ခံရသည်။ ကျောင်းသားခေါင်းဆောင် တာဝန်ထမ်းဆောင်နေစဉ် တကသအဆောက်အအုံ၌သာ အိပ်စားနေလေ့ရှိသည်။ ကိုအောင်ဆန်းသည် ခေါင်းအုံး၊ ခြံရန် စောင်၊ အိပ်ရာခင်းနှင့် ခြင်ထောင်တို့မပါဘဲ ခုံတန်းလျားများပေါ်တွင် ကြမ်းပိုးကိုက်ခံ၊ ခြင်ကိုက်ခံ၍ အိပ်ခဲ့ရသည်။ တကသ၏ အစောင့်ဖြစ်သူက စောင်၊ ခြင်ထောင်များ ထုတ်ပေးသည့်အခါ "ကျုပ်ကနိုင်ငံရေးလုပ်မည့်လူ၊ ထောင်ထဲကထွက်ရမှာ မဟုတ်ဘူး၊ ဒါကြောင့် ခုကတည်းက ကျင့်နေတာ"ဟု ပြန်ပြောခဲ့သည်။ တိုင်းပြည်နှင့် လူမျိုးအတွက် အနစ်နာခံသွားမည်ဆိုသော စိတ်ဓာတ်ပင်ဖြစ်သည်။ တက္ကသိုလ်ကျောင်းသားတစ်ဦး၏ အတုယူဖွယ် စိတ်နေစိတ်ထားပင်ဖြစ်သည်။

## ထမင်းဖိုးပင်မရှိ

သခင်အောင်ဆန်းသည် တို့ဗမာအစည်းအရုံးတွင် အထွေထွေအတွင်းရေးမှူးတာဝန်ထမ်းဆောင်ခဲ့သည်။ ထိုစဉ်က သခင်များသည် အလွန်ဆင်းရဲကြသည်။ တစ်ခါတစ်ရံ နှစ်ရက်၊ သုံးရက် ထမင်း မစားရပေ။ တစ်ခါတစ်ရံဘယာကြော်လောက်နှင့်သာ တင်းတိမ်နေရသည်။ မည်မျှပင် ငတ်ပြတ်နေစေကာမူ ကိုအောင်ဆန်းသည် တစ်ခါမျှ မညည်းညူခဲ့ပေ။ မစားရလျှင် စာဖတ်၍ နေခဲ့သည်။

တစ်နေ့တွင် သခင်အောင်ဆန်းနှင့် သခင်လုကြွေတို့သည် အနီးအနားရှိ အဒေါ်ကြီးတစ်ယောက်၏ ထမင်းဆိုင်တွင် ထမင်းဝင်စားကြသည်။ ထမင်းစားပြီးသောအခါ ပေးရန်ပိုက်ဆံမရှိသောကြောင့် ကိုအောင်ဆန်းက "အဒေါ်ကြီး … ကျုပ်တို့တော့ ခင်ဗျားထမင်းကို စားပြီးနေပြီ၊ ပေးစရာ ပိုက်ဆံမရှိဘူး၊ ကျုပ်ပါးကို ရိုက်ပေတော့" ဟု ပြောဆိုကာ ပါးထိုးပေးခဲ့သည်။ ထမင်းဆိုင်ရှင် အဒေါ်ကြီးက "ပြောရက်ပါပေ့ သခင်အောင်ဆန်းရယ်၊ အဒေါ်က မင်းတို့ကို ကြည်ညိုပြီးသားပါ၊ ဘာဖြစ်လို့ ပါးရိုက်ရမှာတုံး" ဟု ပြန်ပြောခဲ့ရသည်။

ထိုအဖြစ်အပျက်က သခင်အောင်ဆန်း၏ ဟန်ဆောင်မှုကင်းမဲ့သောစိတ်နေစိတ်ထားကို ဖော်ညွှန်းလျက်ရှိသည်။ အမှန်စင်စစ်မှာမူ ဗိုလ်ချုပ်အောင်ဆန်းသည် သူတစ်ပါးပစ္စည်းကို အလကားမယူလိုဘဲ တန်ရာတန်ကြေးပေး၍သာ ရယူလိုသည့် ရိုးသားသောစိတ်ဓာတ် ရှိနေသည်။

## တစ်ထိုင်တည်းရေးဆွဲ

၁၉၃၉ ခုနှစ် စက်တင်ဘာလတွင် ဒုတိယကမ္ဘာစစ် စတင်ဖြစ်ပွားသည်။ သခင်အောင်ဆန်းသည် "အင်္ဂလိပ်အခက် ဗမာ့အချက်" ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားလျက် တိုင်းပြည်လွတ်လပ်ရေးအရယူရန် အခိုင်အမာဆုံးဖြတ်ခဲ့သည်။ အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် ဒေါက်တာဘမော်အိမ်၌ စည်းဝေးကြလျက် "ဗမာ့ထွက်ရပ်ဂိုဏ်း" ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ကြသည်။ သခင်အောင်ဆန်းအား အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ဗမာ့ထွက်ရပ်ဂိုဏ်းကြီးအတွက် လုပ်ငန်းစဉ်ရေးဆွဲနိုင်ရေးအတွက် အစည်းအဝေးကို ၁၅ ရက်ခန့် ရွှေ့ဆိုင်းရန်အချို့ကအဆိုတင်သွင်းခဲ့ရာ သခင်အောင်ဆန်းက "ရက်ရွှေ့နေဖို့ မလိုပါဘူး၊ ခင်ဗျားတို့ လက်ဖက်ရည်သောက်၊ စမူဆာ စားနေကြပါ၊ ကျွန်တော် ရေးလိုက်ပါ့မယ်" ဟု ပြောဆိုကာ စားပွဲတစ်လုံးသို့ရွှေ့၍ တစ်ထိုင်တည်းဖြင့် ရေးချလိုက်သည်။ ကိုအောင်ဆန်းရေးဆွဲတင်ပြသော လမ်းစဉ်သည် ပြီးပြည့်စုံသောကြောင့် အားလုံးက သဘောတူအတည်ပြုခဲ့ကြရသည်။ ထိုစဉ်က သခင်အောင်ဆန်း၏ အသက်သည် ၂၄ နှစ်သာရှိသေးသော်လည်း အရည်အချင်းမှာမူ အံ့မခန်းပင်ဖြစ်သည်။ ယနေ့ခေတ်လူငယ်များ အားကျအတုယူသင့်ပေသည်။

## တပ်မတော်ဖွဲ့ဖို့ ဂျပန်သို့ ထွက်ခွာ

၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ဟိုင်လီသင်္ဘောဖြင့် ဂျပန်နိုင်ငံသို့ လျှို့ဝှက်စွာ ထွက်ခွာခဲ့သည်။ သို့သော် သခင်အောင်ဆန်းသည် အမွိုင်တွင်သောင်တင်နေခဲ့ပြီး ဂျပန်စစ်တပ်မှ ဗိုလ်မှူးကြီး ဆူဇူကီးနှင့် အဆက်အသွယ်ရရှိမှသာ မြန်မာ့တပ်မတော်ဖွဲ့စည်းရေးအတွက် ဆွေးနွေးနိုင်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးအတွက် စီမံကိန်းကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ရေးဆွဲခဲ့ပြီး ထိုနှစ် မတ်လ ၃ ရက်နေ့တွင် ရုပ်ဖျက်ကာမြန်မာနိုင်ငံသို့ ခေတ္တပြန်ခဲ့သည်။

မျိုးချစ်လူငယ်များကို စည်းရုံးစုဆောင်းပြီး ဂျပန်သို့ခေါ်ဆောင်ခဲ့သည်။ ထိုလူငယ်များသည် နောင်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဖြစ်လာကြသည်။ ဟိုင်နန်ကျွန်းတွင် ပင်ပန်းကြီးစွာဖြင့် စစ်ပညာသင်ယူခဲ့ကြသည်။ သခင်အောင်ဆန်းဦးဆောင်သော ရဲဘော်သုံးကျိပ်သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဦးလွန်းဖေနေအိမ်၌ လက်မောင်းသွေးဖောက် သစ္စာဆိုသောက်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army-BIA) ကို ဖွဲ့စည်းခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ချီတက်ခဲ့ပြီး ထိုနှစ်မတ်လ ၈ ရက်နေ့တွင် ရန်ကုန်ကို သိမ်းပိုက်ခဲ့သည်။ ထိုနှစ် ဇူလိုင်လတွင် ဗိုလ်မှူးကြီးရာထူးဖြင့် ဗမာ့တပ်မတော်စစ်သေနာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ စက်တင်ဘာလ ၆ ရက်နေ့တွင် ဒေါ်ခင်ကြည်နှင့် လက်ထပ်ထိမ်းမြားခဲ့ပါသည်။

## လွတ်လပ်ရေးအတွက် ကြိုးပမ်းမှုများ

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဒေါက်တာဘမော်အစိုးရအဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး (ဖဆပလ) ကို လျှို့ဝှက်စွာဖွဲ့စည်းခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ရန်သူကိုတိုက်ခိုက်ရန်အတွက် တပ်မတော်ကို ဦးဆောင်၍ စစ်မြေပြင်သို့ ထွက်ခွာခဲ့သည်။ ထိုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်ဂျပန်ကိုတရားဝင်စစ်ကြေညာကာ တော်လှန်တိုက်ခိုက်ခဲ့သည်။ ထို့နောက် ဩဂုတ်လ ၁၉ ရက်နေ့တွင် ပြုလုပ်သော နေသူရိန်အစည်းအဝေးကြီး၌ သဘာပတိအဖြစ်ဆောင်ရွက်၍ ဗမာ့လွတ်လပ်ရေးကို တောင်းဆိုခဲ့သည်။

၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင် ရွှေတိဂုံဘုရားအလယ်ပစ္စယာ၌ ကျင်းပသော ပြည်လုံးကျွတ် (ဖဆပလ)ညီလာခံက အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့သည်။ ထိုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဗြိတိန်ဘုရင်ခံ၏အမှုဆောင်ကောင်စီ၌ ဒုတိယသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် အင်္ဂလန်လန်ဒန်မြို့၌ အောင်ဆန်း-အက်တလီ စာချုပ်ချုပ်ဆိုခဲ့သည်။ ထို့နောက် မြန်မာ့လွတ်လပ်ရေးအတွက် များစွာအရေးပါသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို လှစ်ဟပြသည့် တောင်တန်းနှင့် ပြည်မပူးပေါင်းသည့် ပင်လုံစာချုပ်ကြီးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဦးဆောင်ချုပ်ဆိုနိုင်ခဲ့သည်။

ထိုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် ပြုလုပ်သော ပထမဆုံးအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်၌ အချုပ်အခြာအာဏာပိုင်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းရန် အဆိုတင်ခဲ့သည်။ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမ၌ တိုင်းပြည်အတွက်အရေးကြီးဆုံးသော မိန့်ခွန်းမြွက်ကြားခဲ့သည်။ ထိုမိန့်ခွန်းသည် ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးမိန့်ခွန်းဖြစ်သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ (စနေနေ့) နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် နယ်ချဲ့လက်ပါးစေများ၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရပါသည်။ ဗိုလ်ချုပ်ကျဆုံးစဉ်က ဇနီးဒေါ်ခင်ကြည်၊ သား အောင်ဆန်းဦး၊ အောင်ဆန်းလင်း (ကွယ်လွန်)နှင့် သမီး အောင်ဆန်းစုကြည်တို့ ကျန်ရစ်ခဲ့ပါသည်။ မည်သို့ပင်ဆိုစေကာမူ ဗိုလ်ချုပ်၏ စွန့်လွှတ်အနစ်နာခံမှုတို့ကြောင့် ခြောက်လအကြာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် တိုင်းပြည်လွတ်လပ်ရေးပြန်လည်ရရှိခဲ့သည်။

## ထူးခြားသောစိတ်ထားပိုင်ရှင်

ဆိုရလျှင် လွတ်လပ်ရေး၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်ကတည်းက အများနှင့်မတူ တစ်မူထူးခြားစွာ နေထိုင်လေ့ရှိသည်။ မိဘများ၊ ဆရာသမားများ အပေါ်တွင် မုသားစကားပြောဆိုလေ့မရှိဘဲ ကလေးသဘာဝ မိမိ၏စိတ်ထဲတွင်ဖြစ်ချင်သော ဆန္ဒအမှန်ကို ထုတ်ဖော်ပြောကြားဝံ့သောသတ္တိရှိခဲ့သည်။ ထို့အပြင် ကလေးဘဝတွင် ပြုမူခဲ့သည့် အမှားများကိုလည်း ရဲဝံ့စွာဝန်ခံရဲသော ရိုးသားဖြောင့်မတ်သည့် စိတ်ထားကို ပိုင်ဆိုင်ထားရှိပြန်သည်။ ထိုစိတ်နေစိတ်ထားများသည် အနာဂတ်ကို စီမံခန့်ခွဲမည့် မျိုးဆက်သစ်လူငယ်များအတွက် အတုယူသင့်သောမွန်မြတ်တည်ကြည်သည့်စိတ်ဓာတ်ပင် ဖြစ်သည်။

အာဇာနည်သူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ် ကျောင်းသားဘဝတွင်လည်း ကြွားဝါထောင်လွှားမှုမရှိဘဲ ကျောင်းစာကိုသာ အပတ်တကုတ်ကြိုးစားခဲ့သည်။ ထို့အပြင် သူတစ်ပါးအကြိုက်အားနာပြီး လိုက်ပါပြောဆိုပြုမူလေ့မရှိဘဲ အရှိကိုအရှိတိုင်း ပြောဆိုဆက်ဆံပြုမူခဲ့သဖြင့် ကျောင်းသားများအကြားတွင် ပေါင်းသင်းဆက်ဆံရခက်ခဲသည့် လူတစ်ဦးဟု ရှုမြင်ခံခဲ့ရသည်။ တခြားသူများ မည်ကဲ့သို့ပင် လက်ညှိုးထိုးနေစေကာမူ ဖြောင့်မတ်စွာ ရပ်တည်ကြိုးစားခဲ့သဖြင့် တက္ကသိုလ်ကျောင်းသားခေါင်းဆောင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဘီအိုင်အေ၊ဘီဒီအေ၊ပီဘီအက်(ဖ်) တပ်မတော်များနှင့်အတူ နယ်ချဲ့နှင့်ဖက်ဆစ်ဂျပန်တို့ကို မြန်မာ့မြေပေါ်မှ အမြစ်ပြတ်ချေမှုန်းတိုက်ထုတ်နိုင်ခဲ့သည်။ ထို့အပြင် မြန်မာ့လွတ်လပ်ရေးအတွက်လည်း နယ်ချဲ့တို့ထံတည်တံ့စွာ ပြောဆိုတောင်းဆိုနိုင်ခဲ့သည်။ နယ်ချဲ့တို့ထံ လွတ်လပ်ရေးတောင်းဆိုရေးအတွက် တိုင်းပြည်အတွင်း တရားမျှတသော ရွေးကောက်ပွဲကြီးကျင်းပကာ တိုင်းပြုပြည်ပြုလွှတ်တော်ကြီးကျင်းပနိုင်ခဲ့သည်။ ထိုလွှတ်တော်ကြီးမှ တိုင်းပြည်အတွက် အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့သည်။ ထို့နောက် လွတ်လပ်သောအချုပ်အခြာအာဏာပိုင်သမ္မတနိုင်ငံ ဖွဲ့စည်းထူထောင်ရန် အရေးကြီးအဆိုကို တင်သွင်းနိုင်ခဲ့သည်။ ဗိုလ်ချုပ်၏ အမြော်အမြင်ကြီးမားမှုကြောင့် တစ်နှစ်အကြာတွင် ကျွန်တော်တို့နိုင်ငံနှင့် လူမျိုးအတွက် အသက်တမျှ အရေးပါသော လွတ်လပ်ရေးကြီးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လက်ဝယ်ပိုင်ပိုင်ရယူနိုင်ခဲ့ပါသည်။

## ဗိုလ်ချုပ်၏ ကျေးဇူးကို ဆပ်နိုင်ဖို့ဆိုလျှင်

ဆိုရလျှင် အမျိုးသားခေါင်းဆောင်ကြီးသည် တိုတောင်းလှသောသက်တမ်းကာလအတွင်း တိုင်းပြည်နှင့် လူမျိုးအတွက် မတူညီသောတာဝန်အမျိုးမျိုးကို အသက်ပေးထမ်းဆောင်ခဲ့သည်။ နိုင်ငံသားများ၊ အထူးသဖြင့် မျိုးဆက်သစ်များအနေဖြင့် ဗိုလ်ချုပ်၏ ပြောဆို၊ ပြုမူမှုပုံစံများကိုသာ သတိရတမ်းတနေခြင်းမျိုး၊ အချိုးအစားမညီသော ဗိုလ်ချုပ်ပုံစံတူရုပ်တုများကိုသာ ထုဆစ်နေခြင်းမျိုး၊ မိမိတို့နာမည်ကျော်ကြားရေးအတွက် ဗိုလ်ချုပ်ကို အသုံးချနေခြင်းမျိုးတို့ကို လုပ်ဆောင်မနေကြဘဲ အမျိုးသားခေါင်းဆောင်ကြီး၏ မှော်မှန်းချက်များကို ရုပ်လုံးပေါ်အောင် လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့်သာ ဗိုလ်ချုပ်၏ လမ်းညွှန်ချက်ကို မြေဝယ်မကျနားထောင်ရာကျသလို ဗိုလ်ချုပ်၏ကျေးဇူးကို ဆပ်ရာလည်းရောက်ပေမည် ဖြစ်သည်။ အမှန်စင်စစ်မှာမူ လွတ်လပ်ရေးဗိသုကာ အာဇာနည်ခေါင်းဆောင်ကြီး၏ ရင်ထဲက စိတ်ကူးအိပ်မက်သည် တိုင်းပြည်အတွင်းတိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မာအောင်တည်ဆောက်သွားရန် ဖြစ်သည်။

စင်စစ်အားဖြင့် ယခုဆိုလျှင် ဗိုလ်ချုပ်ကျဆုံးသွားသည်မှာ (၇၂) နှစ်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း တိုင်းပြည်အတွင်း ငြိမ်းချမ်းရေးကို တင်းပြည့်ကျပ်ပြည့် မတည်ဆောက်နိုင်သေးသည်မှာ ဝမ်းနည်းဖွယ်ရာပင် ဖြစ်သည်။ ဗိုလ်ချုပ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တဖွဖွပြောဆိုခဲ့သည်။ ထို့ကြောင့် မျိုးချစ်စိတ်ဓာတ်ရှိသော ပြည်ထောင်စုဖွားညီအစ်ကိုများအနေဖြင့် တိုင်းပြည်အတွင်း ထာဝရငြိမ်းချမ်းရေးရရှိစေမည့် လုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှ တတ်အားသရွေ့ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် ထူးခြားသော စိတ်ထားရှိသည့် အမျိုးသားခေါင်းဆောင်ကြီးကဲ့သို့ စွမ်းဆောင်နိုင်စွမ်းမရှိသည့်တိုင်အောင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အုတ်တစ်ချပ် သဲတစ်ပွင့်မျှ ပါဝင်ဆောင်ရွက်သွားမည်ဆိုလျှင် ဗိုလ်ချုပ်၏ကျေးဇူးကို ဆပ်နေသည်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။ ။

❇ *ရှေ့ဖုံးမှ*

လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည့်အတွက် စာချုပ်အသက်ဝင်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံအသီးသီးမှ အတည်ပြုစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်မှတ်ရေးထိုး၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရမည်ဖြစ်ပါကြောင်း၊ အဆိုပါစာချုပ်အား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ သဘောထားမှတ်ချက်များရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၂၂/၂၀၁၈)သို့ တင်ပြခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှလည်း သဘောတူအတည်ပြုပြီး ဖြစ်ပါကြောင်း။

သို့ပါ၍ ဖြတ်သန်းကုန်စည်များ လွယ်ကူချောမွေ့စေရေး အာဆီယံမူဘောင် သဘောတူညီချက်၏ အခြေပြစာချုပ်ငယ်(၂)အတွက် အတည်ပြုစာချွန်လွှာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၁၊ ပုဒ်မခွဲ(က) ၏ နောက်ဆက်တွဲ ဇယား ၁၊ အမှတ်စဉ် ၈ ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် နာယကကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လပတ် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၂/၂၀၁၉) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ်** ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အခွန်အကောက်ရငွေများအား အပြည့်အဝရရှိနိုင်ရန်၊ သတ်မှတ်ထားသည့် (၃)လပတ်နှင့် (၆)လပတ် လျာထားချက်များအတိုင်း အခွန်လေးမျိုး လျာထားချက်ပြည့်မီကျော်လွန်စွာရရှိနိုင်ရေး တွန်းအားပေး ဆောင်ရွက်သွားရန်နှင့် ရငွေများတိုးတက်ရရှိစေရေး အစဉ်တစိုက်ကြပ်မတ်ဆောင်ရွက်ရန်အတွက် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ညွှန်ကြားထားရှိပါကြောင်း။

## အခွန်အကောက်ရငွေများ တိုးတက်ရရှိရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေပြုစာရင်းတွင် ပါဝင်သော ယစ်မျိုးခွန်နှင့် မြေယာခွန်အား ဒေသနှင့် ကိုက်ညီဆီလျော်သည့်နှုန်းထားများဖြင့် နှစ်စဉ်တိုးမြှင့် သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်

အခွန်အကောက်ရငွေများ တိုးတက်ရရှိရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေပြုစာရင်းတွင်ပါဝင်သော ယစ်မျိုးခွန်နှင့် မြေယာခွန်အား ဒေသနှင့်ကိုက်ညီဆီလျော်သည့် နှုန်းထားများဖြင့် နှစ်စဉ်တိုးမြှင့်သတ်မှတ် ပြဋ္ဌာန်းနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်သို့ တင်ပြဆောင်ရွက်သွားရန်နှင့် အဆိုပါ သတ်မှတ်နှုန်းထားများအတိုင်း လျာထားချက်ပြည့်မီအောင် ကောက်ခံနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် ထပ်မံညွှန်ကြားထားရှိပါကြောင်း။

အခွန်အကောက်ပြည့်မီကျော်လွန်စွာရရှိရေးနှင့် တိုးတက်ရရှိရေးအတွက် ယစ်မျိုးလိုင်စင်အရေအတွက် ကန့်သတ်ထားခြင်းအား ဖြေလျှော့ပေးပြီး ဟိုတယ်/ မိုတယ်များနှင့် အခြားလိုင်စင်အသစ်များ ချထားပေးခြင်းဖြင့် တရားမဝင်ယစ်မျိုးလိုင်စင်လျော့နည်းပပျောက်ပြီး အခွန်အကောက်များ တိုးတက်ရရှိစေနိုင်ပါကြောင်း၊ တရားမဝင် ယစ်မျိုးသယ်ဆောင် ဖြန့်ဖြူးရောင်းချမှုများအား သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနများနှင့် ပူးပေါင်း၍ တားဆီးနှိမ်နင်းရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် တရားမဝင် ယစ်မျိုးဆိုင်များ ပပျောက်စေနိုင်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များအနေဖြင့် ယစ်မျိုးခွန်နှင့် မြေယာခွန်များအား ဒေသနှင့် သင့်လျော်ကိုက်ညီသည့် နှုန်းထားများကို တိုးမြှင့်သတ်မှတ်ပြီး နှစ်စဉ်ဥပဒေပြဋ္ဌာန်းသတ်မှတ်၍ အခွန်ငွေများကို ကောက်ခံခြင်းဖြင့် အခွန်အကောက်များ တိုးတက်ရရှိစေနိုင်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ**က သစ်တောဦးစီးဌာန၏ တနင်္သာရီတိုင်းဒေသကြီးအတွင်း အိမ်မွေးငှက်သိုက်ထုတ်လုပ်ရန် ဖန်တီးငှက်အိမ်များ၊ ငှက်သိုက်ထုတ်လုပ်မှုနှင့် အခွန်ငွေပေးသွင်းမှု အခြေအနေများကို တင်ပြအပ်ပါကြောင်း၊ အိမ်မွေးငှက်သိုက်လုပ်ငန်းသည် အရင်းအနှီးများစွာ မြှုပ်နှံဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်သော်လည်း ပြန်လည်ရရှိသည့်ဝင်ငွေမှာ နည်းပါးကြောင်းတွေ့ရှိရ၍ လုပ်ငန်းစနစ်တကျ ဆောင်ရွက်နိုင်မှု ရှိ၊ မရှိနှင့် ထွက်ရှိမှုစာရင်းများ မှန်ကန်အောင် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သဘာဝငှက်သိုက်ကျွန်းများအား လေလံစနစ်ဖြင့် ငှက်သိုက်စုသိမ်းခြင်းမှရရှိသည့် အခွန်နှင့် အိမ်မွေးငှက်သိုက်လုပ်ငန်းမှ ရရှိသည့်အခွန်သည် အဆပေါင်းများစွာ ကွာဟနေသဖြင့် အခွန်ငွေပိုမိုရရှိရန် အိမ်မွေးငှက်သိုက်လုပ်ငန်းတိုးချဲ့ခြင်းထက် သဘာဝငှက်သိုက်ကျွန်းများအပေါ် ထိခိုက်မှုမရှိစေသည့် အိမ်မွေးငှက်သိုက်လုပ်ငန်းဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်ခြင်းက တနင်္သာရီတိုင်းဒေသကြီးအတွက် အဓိကအခွန်ဝင်ငွေ ရေရှည်တည်တံ့စေမည် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနသည် သစ်တောရေိယာများ၏ သစ်ထုတ်ခြင်းကို မြန်မာ့သစ်လုပ်ငန်းတစ်ခုတည်းကိုသာ ထုတ်လုပ်ခွင့်ပြုထားပါကြောင်း၊ ရေရှည်သစ်တော စီမံအုပ်ချုပ်မှုစီမံကိန်းအရ သစ်တောဦးစီးဌာန၏ နှစ်စဉ်ထုတ်လုပ်ခွင့်ပြုပမာဏ (AAC – Annual Allowable Cut)တွင် ကျွန်းသစ် အပင် ၁၉၂၁၀၊ ကုဗတန်အားဖြင့် ၂၃၀၅၂တန်၊ သစ်မာအပင် ၅၉၂၃၃၀ ၊ ကုဗတန်အားဖြင့် ၈၂၉၂၆၂ တန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေ လိုအပ်ချက်အရ နှစ်စဉ်သတ်မှတ်ချက် AAC ထက်ကျော်လွန်၍ ကျွန်းသစ်များ ထုတ်လုပ်ခဲ့ရခြင်းရှိခဲ့သော်လည်း ၂၀၁၂ - ၂၀၁၃ ခုနှစ်မှစ၍ သစ်ထုတ်လုပ်မှုများ တဖြည်းဖြည်းလျှော့ချထုတ်လုပ်ခဲ့ရာ ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သစ်ထုတ်ခြင်းလုပ်ငန်းအား (၁)နှစ်ရပ်ဆိုင်းခဲ့ပြီး ပဲခူးရိုးမဒေသအား ကျွန်းနှင့်သစ်မာထုတ်လုပ်ခြင်းကို (၁၀)နှစ်တာကာလအထိ ရပ်ဆိုင်းခဲ့ပါကြောင်း၊ ထို့ပြင် မွန်၊ ကရင်နှင့် ကယားပြည်နယ်တို့တွင် လုံခြုံရေးအခြေအနေကြောင့် ဌာနအင်အားဖြင့်သာ ဆောင်ရွက်ရန် အခက်အခဲရှိပါ၍ သစ်ထုတ်လုပ်ခြင်းများ မဆောင်ရွက်တော့ပါကြောင်း။




ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်။

တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိပါက အရေးယူဆောင်ရွက်နိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များအား ဒေသခံပြည်သူများ သိရှိနားလည်စေရေး ပညာပေးဟောပြောပွဲများကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မြို့နယ်များတွင် တစ်လလျှင် နှစ်ကြိမ် စည်းရုံးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၏ ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်ရင်း/ တပ်ဖွဲ့များ၏ ကူညီမှုဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ တရားမဝင်သစ်နှင့် ပတ်သက်၍ သတင်းပေးတိုင်ကြားနိုင်သည့် Hot Line ဖုန်းနံပါတ်များအား လူမှုကွန်ရက်စာမျက်နှာများ၊ သတင်းမီဒီယာများတွင် ထည့်သွင်းခြင်း၊ ဖမ်းဆီးရမိမှုနှင့် အရေးယူမှုများကို ပြည်သူများသိရှိနိုင်စေရန် သတင်းဖော်ပြခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအစီရင်ခံစာ (၂/၂၀၁၉)အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က ဆက်လက်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွဲဖက်အတွင်းရေးမှူး ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် က ယင်းအစီရင်ခံစာ (၂/၂၀၁၉) ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

## ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၂/ ၂၀၁၉) ကို လွှတ်တော်က သဘောတူအတည်ပြု

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၂/ ၂၀၁၉) ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သည့် ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ ခြောက်လပတ် အခွန်ကောက်ခံရရှိမှုအခြေအနေ အစီရင်ခံစာကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေစာရင်းများနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်အပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၃/၂၀၁၉)** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို**က သက်ဆိုင်ရာဒေသ၏ လုပ်ငန်းတစ်ခုချင်းအတွက် တင်ပြသည့် အဆိုပြုချက် ကောက်ခံရာတွင် တွက်ချက်ရမည့်စံနှုန်းနှင့် ဒေသက သတ်မှတ်အတည်ပြုထားသည့် ဈေးနှုန်းထက်မပိုသည့် တွက်ချက်မှုများနှင့် Estimate များ၊ ပြုလုပ်မည့် လုပ်ငန်းနေရာ ဓာတ်ပုံအထောက်အထားများ လိုအပ်မည်ဖြစ်ပါကြောင်း၊ Estimate ဆိုရာတွင်လည်း BP ဟုခေါ်သည့် ဒီဇိုင်းပုံစံ၊ BQ ဟုခေါ်သည့် လုပ်ငန်းကုန်ကျတန်ဖိုး၊ လုပ်ငန်းစံနှုန်းတွက်ချက်မှုတွင် အင်ဂျင်နီယာလက်မှတ်ရေးထိုး အတည်ပြုထားချက်များ လိုအပ်မည် ဖြစ်ပါကြောင်း။

လုပ်ငန်းဆောင်ရွက်ရန် ငွေထုတ်ပေးရာတွင် လုပ်ငန်းတစ်ခုချင်းအလိုက် ချက်လက်မှတ်ပေးရန် အခက်အခဲရှိနိုင်သည့်အတွက် အမှန်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကိုစုပေါင်းပြီး ပထမအရစ်အဖြစ် ပစ္စည်းများဝယ်ယူနိုင်ရန် ထုတ်ပေးသင့်ပါကြောင်း၊ ယင်းသို့ထုတ်ပေးခြင်းဖြင့် အခွန် နှစ်ရာခိုင်နှုန်းကို ပေးဆောင်ပြီး ကျန်ငွေကို ဘဏ်မှ ထုတ်ယူပေးချေ၍ ဖြတ်တောက်ရငွေများကို သက်ဆိုင်ရာ အခွန်ဦးစီးဌာနကို ပေးချေခြင်းဖြင့် အခွန်ငွေကျန်ရှိမှု ပြဿနာပြေလည်နိုင်မည်ဖြစ်ပါကြောင်း၊ ယင်းအခွန်ငွေသည် အမှန်တကယ်လက်တွေ့တွင် ဥပဒေနှင့်အညီ ကြိုတင်အခွန်သဘောကောက်ယူသော်လည်း အမှန်လက်တွေ့လုပ်နေသူအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသောကြောင့် လွှတ်တော်ဆိုင်ရာဥပဒေအရ ဖြစ်စေ၊ အခွန်ဆိုင်ရာဥပဒေအရဖြစ်စေ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အခွန်ကင်းလွတ်ခွင့် အမိန့်ထုတ်ပြန်သင့်သည်ဟု အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

**အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို**က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကို ကျေးလက်လမ်း၊ တံတားများ ပြုပြင်ခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ရန်ပုံငွေအများဆုံး သုံးစွဲရခြင်းမှာ အမှန်တကယ်ပင် ဒေသခံပြည်သူများ၏ လိုအပ်ချက်ကြောင့် ဖြစ်ပါကြောင်း၊ ရန်ပုံငွေကို သုံးစွဲရာတွင်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့တွင် တာဝန်ယူမှုနှင့် တာဝန်ခံမှုအပြည့်ဖြင့် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ၊ သက်ဆိုင်ရာဒေသရှိ ဒေသခံပြည်သူများလက်ဝယ်သို့ ငွေကြေးအပ်နှံပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြခြင်း ဖြစ်ပါကြောင်း။

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ သည် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် များစွာအထောက်အကူပြုသကဲ့သို့ ဒေသဖွံ့ဖြိုးရေးများ များစွာလိုအပ်

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ သည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုသကဲ့သို့ ဒေသဖွံ့ဖြိုးရေးများ များစွာလိုအပ်မှုရှိပြီး နယ်ပယ်ဒေသကျယ်ဝန်းသည့် မြို့နယ်များတွင် ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကို ခွဲဝေသုံးစွဲရာတွင် လိုအပ်မှုများနှင့် အခက်အခဲများ များစွာရှိနေပါကြောင်း၊ မြို့နယ် ဧရိယာကျယ်ဝန်းပြီး ဖွံ့ဖြိုးမှုနိမ့်ကျနေသော ဒေသများတွင် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ သည် ဒေသခံပြည်သူများအတွက် အမှန်တကယ်လိုအပ်သည့် တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သောကြောင့် သိန်း ၁၀၀၀ ထက်ပိုမိုပြီး ခွင့်ပြုပေးပါက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကို ထပ်မံတိုးချဲ့ခွင့်ပြုပေးရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း** က လုပ်ငန်းအများစုတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအပြင် ပြည်သူလူထုမှ ထည့်ဝင်လှူဒါန်းခြင်းရှိပါကြောင်း၊ အဆိုပါ ထည့်ဝင်ငွေများကို စာရင်းစစ်ရန် မသက်ဆိုင်သော်လည်း ပြည်သူများ ပူးပေါင်းပါဝင်ခဲ့သော ငွေပမာဏ၊ လုပ်ငန်းပမာဏတို့ကို ဖော်ပြမှတ်တမ်းတင်ထားသင့်ပါကြောင်း၊ အများစုဆွေးနွေးသွားသည့် တစ်မြို့နယ်ကို ခွင့်ပြုငွေကျပ် သိန်း ၁၀၀၀ ထက် လိုအပ်သည့် ဒေသများတွင် ပိုမိုခွင့်ပြုသင့်သည်ကို ထောက်ခံပါကြောင်း၊ ထိုသို့ခွင့်ပြုပေးသည့်အချိန်တွင် စိစစ်ရွေးချယ်ရာ၌ စနစ်တကျစိစစ်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ထို့ပြင် လုပ်ငန်းတစ်ခုကို ကျပ်သိန်း ၅၀ ထက်ပို၍ သုံးစွဲခွင့်မပြုခြင်းကို ကျပ် သိန်း ၁၀၀ခန့်အထိ ခွင့်ပြုသင့်သည်ဟု မြင်မိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ပြည်သူများ လိုအပ်သည့်လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ခြင်းအားဖြင့် ရုပ်ဝတ္ထုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် ပြည်သူများပူးပေါင်းဆောင်ရွက်၍ ရန်ပုံငွေထည့်ဝင်ခြင်းသည် အားလုံးပူးပေါင်းဆောင်ရွက်အောင်မြင်ခြင်းကို ပြသနိုင်သည့် အကျိုးကျေးဇူးကိုရရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ခြင်းကို လွှတ်တော်ကိုယ်စားလှယ်များ အလေးထားဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာ (၃/၂၀၁၉)နှင့် စပ်လျဉ်း၍ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဝေ့တင်း၊မချမ်းဘော မဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားမင်းထန်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာ ကြည်မို့မို့လွင်၊ မင်းတုန်းမဲဆန္ဒနယ် မှ ဒေါ်ခင်သန်းနု၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးစိုးဝင်းနှင့် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပမည့်ရက်ကို ထပ်မံအသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၆ / ၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်**
**(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ သရက်ကျင်းကျေးရွာနေ ကျော်လွင်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၂-၂၀၁၉ ရက်နေ့တွင် ဒီပဲယင်းမြို့နယ်၊ သရက်ကျင်းကျေးရွာနေ ကျော်လွင်ဦး(၄၀)နှစ်၊ (ဘ)ဦးမောင်ရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒီပဲယင်း) မယ(ပ)၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာနေ မကြည်ခင်၊ စိုင်းအောင်နှင့် အောင်ရှိန် တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၉-၂-၂၀၁၉ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာနေ မကြည်ခင် (၄၄)နှစ်၊(ဘ) ဦးထွန်းအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကန့်ဘလူ) မယ(ပ)၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ၎င်းကျေးရွာနေ စိုင်းအောင်(ခ) ချစ်စိုင်းအောင်(၂၅)နှစ်၊ (ဘ)ဦးချိုလေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းမည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကန့်ဘလူ) မယ (ပ)၂/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ ဇင်းကျေးရွာအုပ်စု၊ ဆာကနက်တောတိုက်နေ အောင်ရှိန် (၃၃)နှစ်၊ (ဘ)ဦးမြတ်ဟန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် ဇင်းကျေးရွာနေ ကျော်မျိုး(ခ) ကျော်မြူး (၂၉)နှစ်၊(ဘ) ဦးကံထူးတို့အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ကန့်ဘလူ) မယ(ပ)၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ ဝန်ဇင်း (၃)ရပ်ကွက်၊ နယ်မြေ(၆)နေ မစန်းရွှေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၂-၂၀၁၉ ရက်နေ့တွင် မိတ္ထီလာမြို့ ဝန်ဇင်း(၃)ရပ်ကွက်၊ နယ်မြေ(၆)၊ ဒူးလမ်းမ၌ စောင့်ကြည့် သတင်းစုံစမ်းနေစဉ် နယ်မြေ(၁၀)၊ မင်္ဂလာလမ်းနေ မိုးထက်မောင်မောင်(ခ) ဖိုးတာတီး(၁၉)နှစ်၊ (ဘ) ဦးမျိုးမင်းထွန်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး နယ်မြေ (၆)နေ မစန်းရွှေ(၄၈)နှစ်၊ (ဘ)ဦးပန်းရင်ထံမှ ဝယ်ယူခဲ့သဖြင့် ၎င်းတို့ (၂)ဦးအား နမစ(၂)(မိတ္ထီလာ) မယ (ပ)၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ မစန်းရွှေ၏ နေအိမ်အား ဆက်လက် ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(၂) (မိတ္ထီလာ) မယ(ပ)၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အောင်ဆန်းလမ်းနှင့် ဗထူးလမ်းကြား၊ ၅၂× ၅၃ လမ်းကြားတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၂-၂၀၁၉ ရက်နေ့တွင် သတင်းအရ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အောင်ဆန်းလမ်းနှင့် ဗထူးလမ်းကြား၊ ၅၂×၅၃ လမ်းကြား၊ အကွက်အမှတ် (ညည-၆၁) နေအိမ် ခြံဝင်းအတွင်းသို့ ဝင်ရောက်ရှာဖွေရာ ဒေါ်အိအိမိုး(ခ)မိုးမိုး(၅၁)နှစ်၊(ဘ)ဦးတင်ဝင်းမှာ ကြိုတင်တိမ်းရှောင်နေပြီး ၎င်းခြံဝင်းအတွင်းနေ မမိုးမိုး (၃၀)နှစ်၊ (ဘ)ဦးဝင်းငွေနှင့် ၎င်းမြို့နယ်၊ ထထ-၁၅၊ (စ)ရပ်ကွက်နေ သန်းနိုင်ဦး (၄၅)နှစ်၊ (ဘ)ဦးတိုးရှိန်၊ တတ-၂၃/၁၄၊ (စ) ရပ်ကွက်နေ မိုးသောက်(ခ)ကျွဲကြီး(ခ) ကျော်သက်ဆွေ (၁၉)နှစ်၊ (ဘ)ဦးစန်းလှိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကံကြီးကုန်းကျေးရွာနေ သက်နိုင်ဦး(ခ) အငယ်လေး(၃၉)နှစ်၊ (ဘ) ဦးပြုံး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်နေ သက်ဆွေဦး(ခ) ဖက်တီး (၃၈)နှစ်၊ (ဘ) ဦးလှသော် တို့ (၅)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ပြည်ကြီးတံခွန်) မယ(ပ) ၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ၁၉ လမ်း×၈၉ လမ်းတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၂-၂၀၁၉ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်၊ ၁၉ လမ်း× ၈၉ လမ်းထောင့်၌ စောင့်ကြည့် သတင်းစုံစမ်းနေစဉ် နောင်ချိုမြို့နယ်၊ မဲပုတ်ကျေးရွာနေ စိုးနောင်ငြိမ်း(ခ)ငစိုင်း (၂၅)နှစ်၊ (ဘ)ဦးထွန်းငြိမ်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အောင်မြေသာစံ)မယ(ပ)၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တံခွန်တိုင်ကျေးရွာတွင် မူးယစ်ဆေးဝါးများ သုံးစွဲဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၃-၂-၂၀၁၉ ရက်နေ့တွင် မုဒုံမြို့နယ်၊ တံခွန်တိုင်ကျေးရွာ၊ မော်လမြိုင်-သံဖြူဇရပ်သွား ကားလမ်းမပေါ်၌ သတင်းအရ စောင့်ဆိုင်း စိစစ်နေစဉ် မြို့မ(၁)ရပ်ကွက်နေ တိုးအောင် (၂၈)နှစ်၊ (ဘ)ဦးဖေတင်နှင့် မြို့မ (၂)ရပ်ကွက်နေ ဝေယံ (၂၄)နှစ်၊ (ဘ) ဦးအောင်မင်းထင် တို့ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂) ဦး အား မမစ(မုဒုံ) မယ(ပ)၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၌ မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား (၁)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၈-၂-၂၀၁၉ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ သစ္စာပန်းလမ်းမပေါ်၌ စောင့်ကြည့်သတင်း စုံစမ်းနေစဉ် ၎င်းရပ်ကွက်၊ စိန်ချယ်လမ်းနေ ရှုပ(ခ) လူပါ (၃၉)နှစ်၊ (ဘ)ဦးပတ်တာအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဝေဘာဂီ) မယ(ပ)၁၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဗိုလ်မင်းခေါင်ပန်းခြံ (၂)လမ်း၊ အမှတ်(၅၀၄/က) နေ သီဟအောင် (ခ)ပန့်တု သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၂-၂၀၁၉ ရက်နေ့တွင် ရွှေပြည်သာမြို့နယ်၊ အမှတ်(၈) ရပ်ကွက်၊ ဗိုလ်မင်းခေါင်ပန်းခြံ(၂)လမ်း၊ အမှတ်(၅၀၄/က) နေ သီဟအောင်(ခ) ပန့်တု(၂၆)နှစ်၊ (ဘ)ဦးသိန်းဝင်းစိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး နေအိမ်အိပ်ခန်းအတွင်း အမှတ်(၂၃) ရပ်ကွက်၊ စံပါယ်လမ်းနေ ဝေယံဖြိုး(ခ) အငယ်ကောင် (၂၉)နှစ်၊ (ဘ) ဦးရှိန်မြင့်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရွှေပြည်သာ) မယ(ပ) ၅/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ ရပ်ကွက် (၄)၊ အုပ်စု(၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကား ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၄၁)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၄၁)ဦး၊ မ(၄)ဦး၊ ပေါင်း(၄၅)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့် အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၆-၂-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့ အမှတ်(၄)ရပ်ကွက်၊ သချိုင်းကုန်းအနီး လမ်းမပေါ်၌ စောင့်ကြည့်သတင်း စုံစမ်းနေစဉ် ၎င်းရပ်ကွက်နေ ရုံရွှေ(ခ) လင်းရွှေ (၂၅)နှစ်၊ (ဘ)ဦးရန်လီအိန်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်)မယ(ပ)၁၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ အမှတ်(၅) ရပ်ကွက်နေ ခင်မောင်(ခ) ခလိန်း(၆၅)နှစ်၊ (ဘ)ဦးအားကိလ် ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် တစ်ရပ်ကွက်တည်းနေ ကျော်ထွန်း(၄၀)နှစ်၊ (ဘ)ဦးဘိုတို့အား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ကွတ်ခိုင်)မယ (ပ)၁၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့်လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၈)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၁၇)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများတို့နှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်း ထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၈-၂-၂၀၁၉ ရက်နေ့ ယခင်ဖမ်းဆီးရမိ အမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၄)၊ မိုးမခလမ်းသွယ်နေ ဟော်ရာရှို(၅၅)နှစ်၊ (ဘ)ဦးဟော်စိုင်းလျော၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားWY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ) ၁၆/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၉-၂-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၅၀၅)မှု ဖွင့်လှစ် အရေးယူခဲ့ပြီး တရားခံကျား(၆၆၄)ဦး၊ မ(၁၂၈)ဦး၊ ပေါင်း(၇၉၂)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၆၉၉.၂၂)ဂရမ်၊ ICE (၆၇.၁၄) ဂရမ်၊ ဘိန်း(၃၈၆၀၇.၉၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့် (၁၈၇၉၅.၂၈)ဂရမ်၊ ဘိန်းစာရွက် (၇၂၇၃.၉၉)ဂရမ်၊ စိတ်ကြွဆေးပြား(၂၁၃၅၄၁)ပြား၊ ဆေးခြောက်(၄၆၆၈.၂၇)ဂရမ်၊ ဘိန်းရည် (၀.၁)လီတာ၊ ဘိန်းဆီခဲ (၃၇၈.၀၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၃.၄၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီး အရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့ တောင်ဦးလွင်ကျေးရွာ၌ တရားခံအမျိုးသား(၆)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၅)ပြား၊ ဘိန်းဖြူ(၁၀.၉၄)ဂရမ်၊ ဖားကန့်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦး ထံမှ စိတ်ကြွဆေးပြား(၃၉)ပြား၊ ဘိန်းဆီခဲ(၅)ဂရမ်၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အောင်ရာကျေးရွာ၌

*စာမျက်နှာ ၉ သို့*

# သမဝါယမတက္ကသိုလ်(စစ်ကိုင်း) (၇)နှစ်မြောက် တည်ထောင်သည့်နေ့ အထိမ်းအမှတ်နှင့် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြို တိုင်းရင်းသားပဒေသာကပွဲ ကျင်းပ




**စစ်ကိုင်း ဖေဖော်ဝါရီ ၁၁**

သမဝါယမတက္ကသိုလ် (စစ်ကိုင်း)၏ (၇)နှစ်မြောက် တက္ကသိုလ်တည်ထောင်သည့်နေ့ အထိမ်းအမှတ် သံဃာတော်များအား အရဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဈေးရောင်းပွဲတော် ကျင်းပခြင်းနှင့် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြို တိုင်းရင်းသားပဒေသာကပွဲကို ယနေ့တွင် သမဝါယမတက္ကသိုလ် (စစ်ကိုင်း)၌ ကျင်းပသည်။

တိုင်းရင်းသား ပဒေသာကပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာဒေါ်မို့မို့ရီက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားသို့ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများဖြင့် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းများ တောင်ငူမြို့၌ ခင်းကျင်းပြသ

**တောင်ငူ ဖေဖော်ဝါရီ ၁၁**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူမြို့ မိုင်ဒါကွင်းတွင် အများပြည်သူ သိရှိစေရန် ဌာနပေါင်းစုံ၏ လုပ်ဆောင်ချက်များ ဗဟုသုတ ရစရာများကို ပြသထားသည့် ပြခန်းများဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈နာရီတွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါပြပွဲသည် ၁၀ စုနှစ်ကြာ ပြသခွင့်မရခဲ့ကြဘဲ ယခုနှစ်မှ ပြန်လည်ကျင်းပပြုလုပ်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ပြပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက "အခုလို ဌာနဆိုင်ရာတွေ၊ ပရဟိတအဖွဲ့တွေ၊ တိုင်းရင်းသားရိုးရာ ပြခန်းတွေ တစ်နေရာတည်းမှာ စုစည်းပြသခွင့်ရတာဟာ တောင်ငူမြို့ရဲ့ စည်းလုံးညီညွတ်မှု ဌာနဆိုင်ရာများနဲ့ တစ်သားတည်းဆိုတာကို ပြသတဲ့ပွဲပါပဲ။ လာရောက်ကြည့်ရှုသူ ပြည်သူလူထုအနေနဲ့ ဗဟုသုတ များစွာ ရရှိပြီး စိတ်ဓာတ်ခွန်အားတွေလည်း တိုးတက်မြင့်မားလာမယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

ပြခန်းများကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၅ ရက်အထိ ခင်းကျင်းပြသ သွားမည်ဖြစ်ပြီး ပါဝင်ပြသသည့် ပြခန်းများမှာ စက်မှုလယ်ယာဦးစီးဌာနပြခန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပြခန်း၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းပြခန်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနပြခန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးပြခန်း၊ မီးသတ်တပ်ဖွဲ့ပြခန်း၊ တောင်ငူမြို့နယ်ပညာရေးပြခန်း၊ နည်းပညာတက္ကသိုလ်ပြခန်း၊ ကွန်ပျူတာတက္ကသိုလ် တောင်ငူပြခန်း၊ မြန်မာ့ဆက်သွယ်ရေးပြခန်း၊ ပန်းချီ၊ ပန်းပုပြခန်း၊ အမျိုးသမီးများ ကွန်ရက် တောင်ငူပြခန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပညာပေးပြခန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ပြခန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြခန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပြခန်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းပညာပေးပြခန်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲမှု ဦးစီးဌာန ပြခန်း၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအဖွဲ့ပြခန်း၊ စိုက်ပျိုးရေး ဦးစီးဌာန ပြခန်း၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြခန်း၊ ကရင် တိုင်းရင်းသားရိုးရာပြခန်း စသည့်ပြခန်း ပေါင်း ၄၀ ပြသကြသည်။ ပြခန်းများသို့ ဒေသခံများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုခဲ့ကြပြီး ပြည်ထောင်စုနေ့တွင် အားကစားပြိုင်ပွဲများနှင့် စတိတ်ရှိုးအစီအစဉ်များဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

## တွဲလက်ညီချိန်

* ရခိုင်ရယ် မွန် ကယား
တိုင်းရင်းသား ချင်း ကရင်၊
ကချင်ရယ် ဗမာ ရှမ်း
စိတ်ဝမ်းဖြူစင်။
ကြည့်စမ်းပါ့ စွဲရိပ်ထင်
မြဲတူယှဉ် ကြည်စိတ်မွေး။
ညီသကို
ပြည်တစ်ခို သာပုံဆန်းအောင်
အေးချမ်းပုံရေး။

* သူတစ်သွယ် ကိုယ်တစ်မျိုး
သူ့အကျိုး ကိုယ်ရှက်ဆောင်၊
ကိုယ့်အကျိုး သူမြော်တွေး
ချစ်တေးဖွဲ့နှောင်။
သာစေကွဲ့ သည်ပြည်ထောင်
ချောင်မခို ရေသာမလိုက်၊
အေးအတူ ပူအမျှ
နေကြပျော်ပိုက်။

* သည်မှုနှင့် သည်စနစ်
သည်တစ်ခေတ် သည်မြန်ပြည်၊
သည်အချိန် သည်အလှ
ထိန်းကြဖို့ရည်။
စိတ်ကောင်းရယ်တည်
မြဲခိုင်ကျည် စိတ်မွန်လောင်း၊
မြန်ပြည်ဖွားပီပီ
တွဲလက်ညီ ချိတ်အဆက်ရယ်နဲ့
ချီအတက် ပြည်အတွက်ပေမို့
(ခုချိန်မှာလေ) နှစ်သက်ဖွယ်ကောင်း။ ။

[(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်-]

**ဖိုလေးလုံးသောင်းကိုကို**

*စာမျက်နှာ ၈ မှ*

တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၄၀)ပြား၊ ဘိန်းဆီခဲ(၂၀.၅)ဂရမ်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ရွာတန်းရှည်ကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၃)ပြား၊ ဆိုင်ကယ်(၂)စီး၊ နမ့်ကွတ်ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ နောင်ထလုံးကျေးရွာအနီး၊ နောင်ထလုံး-ကော့ကွကျေးရွာသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၉၄)ပြား၊ ဆိုင်ကယ်(၁)စီး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ အဝေးပြေးကားဝင်း၊ တိုးတက်အောင် ကားဂိတ်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၇၃၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ လက်ကောက်ဈေး ရပ်ကွက်၊ အလယ်ဈေးလမ်းဆုံအနီး၌ သတင်းအရ သုံးဘီးဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၀)ပြား၊ သုံးဘီးဆိုင်ကယ် (၁)စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ရတနာသီရိ ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၂)ပြား၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ညောင်ဖြူစခန်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၆၀)ပြား၊ ဘိန်းဖြူ (၃၀)ဂရမ်၊ လားရှိုးမြို့နယ်၊ မယ်ဟန်ကျေးရွာလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဆီခဲ(၁၉၉၁.၆)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တန့်ယန်းမြို့အဝင် တန့်ယန်း-လားရှိုးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မူဆယ်မြို့နယ်၊ ကောင်းခါးကျေးရွာ၊ နမ့်ပေါ်တံတား၌ သတင်းအရ Mark II ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၃၀)ပြား၊ ဘိန်းဖြူ(၄၀)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ ဝိန်းနန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၈၀၀)ပြား၊ ဟိုပေါ့ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၄၉၀)ပြား၊ ကွတ်ခိုင်မြို့နယ်၊ နောင်ဗျစ်ကျေးရွာအဝင် ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၂၀၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးမိတ်မြို့နယ်၊ ကျောက်တောင်ကုန်းကျေးရွာအနီး၊ မိုးမိတ်-မဘိမ်းသွား ကားလမ်းမ၊ မိုင်တိုင်အမှတ်(၄/၃)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၇၆၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ လောက်ကိုင်မြို့နယ်၊ ကုန်းကြမ်းမြို့ ရှောက်ကျုံးရှမ်းကျေးရွာ၌ လူနေထိုင်မှုမရှိသောနေအိမ်အတွင်း သိုဝှက်သိမ်းဆည်းထားသည့် ဘိန်းဖြူ(၃၂၅၀၀)ဂရမ်၊ ICE (၁၅၀၀)ဂရမ်၊ စိတ်ကြွဆေးအကြေမှုန့်(၇.၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၆၀၀၀)ဂရမ်၊ Brown Charcoal (၂၄၀၀၀)ဂရမ်၊ Phosphoric Acid (၆၂)လီတာ၊ ဓာတုဆေးမှုန့်(၄၀၀၀)ဂရမ်၊ ဓာတုဆေးရည်(၁၄)လီတာ၊ Carbon (၁၀၀၀) ဂရမ်နှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းမျိုးစုံ(၃၄)မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်၊ မော်လင်ကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်း(၃၀၃၇.၅၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ခန္တီးမြို့နယ်၊ နန်စီပွန်ဒေသ၊ လသာကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ အလယ်ကျွန်း နယ်မြေ၊ ပါရမီ(၂) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၃၇၅)ပြား၊ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့ ဈေးပိုင်းရပ်ကွက်၌ တရားခံအမျိုးသား (၃)ဦး ထံမှ စိတ်ကြွဆေးပြား(၄၂)ပြား၊ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သီးကုန်းကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၈)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်(အရှေ့) ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၉၅)ပြား၊ ဆေးခြောက်(၅)ဂရမ်၊ မိုးကုတ်မြို့နယ်၊ မိုးကုတ်-မိုးမိတ်သွားကားလမ်းမ၊ မိုင်တိုင် အမှတ်(၉)၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၁၇)ပြား၊ ကျောက်ဆည်မြို့နယ်၊ လက်ပံကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၉၀၀)ပြား၊ တုံလုံကျေးရွာအနီး ခရိုင်ချင်းဆက်လမ်း၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၁၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အလယ်ရွာအနီး အနော်ရထာလမ်းနှင့် ရေတံခါး ကန်ပတ်လမ်းထောင့်၌ တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၉၆၀)ပြား၊ သဃ်န်းကျွန်း မြို့နယ်၊ ဦးစံဖေ ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၇၃၀၅)ပြား၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်(၈)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀)ပြား၊ သာကေတ မြို့နယ်၊ (၁၀/တောင်)၊ (၁၃)ရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၂၅)ပြားအားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၃)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၀)ပြား၊ ICE(၀.၂၅)ဂရမ်၊ မယ်ခေါင်ရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆)ပြား၊ ICE (၆.၅၂)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်၌ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၄)ပြားအား လည်းကောင်း၊ လက်နက်/ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု ဖြစ်စဉ်(၂)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ မြို့ပတ်လမ်း၌ သတင်းအရ Crown ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၀၀၀)ပြား၊ ဘိန်းဖြူ(၃၀၀) ဂရမ်၊ ဘိန်းညှိမှုန့်(၃၀)ဂရမ်၊ ICE (၂၁၀)ဂရမ်၊ ပစ္စတိုသေနတ်(၅)လက်၊ ကျည်မျိုးစုံ(၉၄)တောင့်၊ ကျည်အိမ် (၂)ခု၊ မော်တော်ယာဉ် (၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ပိန္နဲတောရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၈)ပြား၊ ပွိုင့် ၂၂ သေနတ်အတို (၁)လက်၊ ၎င်းကျည်(၁၈)တောင့်၊ ဒီတိုနေတာ (၂)စုံ၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ တရားခံ အမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ထပ်မံစစ်ဆေး ဖော်ထုတ်ချက်အရ လောင်းလုံမြို့ (ဃ)ရပ်ကွက်၌ တရားခံ အမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၆၀)ပြားတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၃-၂-၂၀၁၉ ရက်နေ့မှ ၉-၂-၂၀၁၉ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း (၁၉၇)မှုတွင် တရားခံကျား(၂၄၇)ဦး၊ မ(၂၅)ဦး၊ ပေါင်း(၂၇၂)ဦးကို ဘိန်းဖြူ(၃၃၂၁၂.၆၆၇၈)ဂရမ်၊ ICE (၁၇၂၁.၇၇)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၁၆၀၀၀)ဂရမ်၊ ဘိန်း(၄၂၁၃.၇၅)ဂရမ်၊ ဘိန်းညှိမှုန့် (၃၀)ဂရမ်၊ စိတ်ကြွဆေးပြား (၁၂၂၉၉၉)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့် (၇.၄)ဂရမ်၊ ဆေးခြောက် (၂၄.၄) ဂရမ်၊ ဘိန်းဆီခဲ (၂၀၁၈.၁)ဂရမ်၊ Brown Charcoal (၂၄၀၀၀)ဂရမ်၊ Phosphoric Acid (၆၂)လီတာ၊ ဓာတုဆေးမှုန့် (၄၀၀၀)ဂရမ်၊ ဓာတုဆေးရည်(၁၄)လီတာ၊ Carbon(၁၀၀၀)ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းမျိုးစုံ(၃၄)မျိုး၊ လက်နက်မျိုးစုံ(၆)လက်၊ ကျည်မျိုးစုံ(၁၁၂)တောင့်၊ ကျည်အိမ် (၂)ခု၊ ဒီတိုနေတာ(၂)စုံတို့ ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

# ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများအနေဖြင့် မိမိတို့၏ရုံးများကို ရပ်ရွာတွင်မရှိမဖြစ်နေရာတစ်ခုအဖြစ် မြင်လာအောင်လုပ်ဆောင်ကြရန်လိုအပ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၂၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၂၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက် အမှာစကားပြောကြားသည်။





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**အများပြည်သူကို အစိုးရကိုယ်စားထိတွေ့**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ရုံးများကို ရပ်ရွာတွင် မရှိမဖြစ်နေရာတစ်ခုအဖြစ် မြင်လာအောင် လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အများ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ခရိုင်အဆင့် လုပ်ငန်းဆောင်ရွက်နိုင်မှု ပထမဆုရ ပြင်ဦးလွင်ခရိုင်ရုံးအား ဆုချီးမြှင့်စဉ်။ သတင်းစဉ်

ပြည်သူကို သတင်းအချက်အလက်ပေးခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းနှင့် သတင်းစုဆောင်းခြင်း လုပ်ငန်းများ၊ အများပြည်သူကို အစိုးရကိုယ်စား ထိတွေ့ဆက်ဆံပေးရသည့် လုပ်ငန်းများကို လုပ်ဆောင်ရကြောင်း၊ ယခုအခါ လူထုအခြေပြုဗဟိုဌာန (Community Centre) များအဖြစ် ပြောင်းလဲ၍ အများပြည်သူအချင်းချင်း ဆက်ဆံရေးနှင့် အများပြည်သူနှင့် အစိုးရအကြား ထိတွေ့ဆက်ဆံပေးရသည့် အလုပ်များကို လုပ်ဆောင်ကြရပါကြောင်း၊ တချို့နေရာများတွင် လူထုအခြေပြုဗဟိုဌာနများကို တက်တက်ကြွကြွဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသူများကို တွေ့ရှိရသဖြင့် အသိအမှတ်ပြု ခံရသည်ကို သိရှိရပါကြောင်း၊ ၎င်းတို့အား အတုယူပြီး လုပ်ကိုင်ကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိအနေဖြင့် ဝန်ထမ်းများနှင့် တွေ့ဆုံသည့် အချိန်တိုင်းတွင် ပြောကြားသည့် အချက်တစ်ချက်ရှိပါကြောင်း၊ ယင်းမှာ ဌာနအလုပ်ကို ထမ်းဆောင်ရင်းဖြင့် မိမိကိုယ်တိုင်လည်း တိုးတက်အောင် ဆောင်ရွက်ရမည်ဆိုသည့် အချက်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဌာနအလုပ်များကို စိတ်ပါဝင်စားစွာ ထမ်းဆောင်ခြင်းအားဖြင့် မိမိကိုယ်တိုင်လည်း တိုးတက်မှု ရရှိနိုင်မည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းတစ်ဦးသည် အလုပ်တစ်ခုကို ကောင်းကောင်းမွန်မွန် မှန်မှန်ကန်ကန်ဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နေပါက အခြားလူများက တွေ့မြင်အားကျလာကာ ပူးပေါင်းပါဝင်ချင်သည့်စိတ် ဖြစ်ပေါ်လာပါကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများသည် အလုပ်လုပ်ကိုင်ရာတွင် တာဝန်အရ ဆောင်ရွက်ခြင်းထက် စိတ်ပါဝင်စားစွာ၊ ကောင်းမွန်စွာ လေးလေးနက်နက်ဖြင့် တန်ဖိုးထား လုပ်ဆောင်သင့်ပါကြောင်း။

**ကလေးစာပေပွဲတော်များ ကျင်းပ**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ကလေးစာပေပွဲတော်များ၊ စာတမ်းဖတ်ပွဲများ၊ စာပေဆွေးနွေးပွဲများကို လုပ်ကိုင်ခဲ့ပါကြောင်း၊ ထိုအလုပ်များကို စတင်လုပ်ကိုင်စဉ်ကပင် အောင်မြင်မှုရှိသည်ကို မြင်တွေ့ရမည်ဖြစ်ပါကြောင်း၊ လိုအပ်နေသည့် အလုပ်တစ်ခုဖြစ်သည့်အတွက် အံဝင်ခွင်ကျဖြစ်ပြီး အောင်မြင်ခြင်းဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်များကို ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် ဒေသအစီအစဉ်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ပြည်သူတိုင်း စာပေဖတ်ရှုသည့် အလေ့အထ တိုးတက်လာစေရန်အတွက် စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုကိုလည်း ၂၀၁၈ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပခဲ့ပါကြောင်း။

လူထုအခြေပြု ဗဟိုဌာနများတွင် ပြည်သူ့စကားဝိုင်းများကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ဝိုင်းဖွဲ့ပြီး ဆွေးနွေးသည့်အလေ့အထမှာ ယခင်က မရှိခဲ့သော်လည်း ယခုအခါ စတင်သက်ဝင်နေပြီဖြစ်ပါကြောင်း၊ ယင်းမှာ လွတ်လပ်စွာ ပြောဆိုဝေဖန်တတ်စေရန်နှင့် ငြိမ်းချမ်းစွာ ဖြေရှင်းတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါကြောင်း၊ ပြည်သူ့စကားဝိုင်းများကို များစွာပြုလုပ်ပေးခြင်းဖြင့် အများပြည်သူအရည်အသွေးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခရိုင်အဆင့် လုပ်ငန်းဆောင်ရွက်နိုင်မှု ပထမဆုရ ပြင်ဦးလွင်ခရိုင်ရုံး၊ ဒုတိယဆုရ မြောင်းမြခရိုင်ရုံးနှင့် တတိယဆုရ မြစ်ကြီးနား ခရိုင်ရုံးတို့မှ ဝန်ထမ်းများအား ဆုပေးအပ်ချီးမြှင့်သည်။

**ထူးချွန်ဆုပေးအပ်**

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မြို့နယ်အဆင့် လုပ်ငန်း ဆောင်ရွက်မှု ပထမဆုရ ပုသိမ်ကြီးမြို့နယ်၊ ဒုတိယဆုရ နတ်မောက်မြို့နယ်နှင့် တတိယဆုရ ပုဇွန်တောင်မြို့နယ်ရုံးတို့မှ ဝန်ထမ်းများအား လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က စာပေနှင့် ဖိတ်ခေါ် ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများအား လည်းကောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများအား လည်းကောင်း ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများအား ဆုပေးအပ်ချီးမြှင့်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများမှ ဝန်ထမ်းများအတွက် ဌာနနှစ်ပတ်လည် အမှတ်တရအဖြစ် အင်္ကျီ ၂၇၅၁ ထည်ကို ပေးအပ်သည်။

ထို့နောက် "ပြည်သူ့အတွက်တို့ပြန်/ဆက်" ဗီဒီယိုကို ပြသပြီး ဆုရရှိသူများကိုယ်စား ဆုရရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဗလာမပါ ကံစမ်းမဲ ဖောက်ပေးသည့် အစီအစဉ်ကို ကျင်းပခဲ့ပြီး ကံစမ်းမဲ ဆုကြီးများ ကံထူးသည့် ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ဆုများပေးအပ်သည်။

နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် တက်ရောက်လာကြသူများ၊ ဆုရရှိသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **သတင်းစဉ်**

# (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများဖြစ်ကြသည့် ထုပ်ဆီးတိုး(အမျိုးသမီး)၊ လွန်ဆွဲ(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများကို ယနေ့ နံနက် ၈ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၁/၂/၃) တို့၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ အားကစားဝါသနာရှင် အရာထမ်း၊ အမှုထမ်းများ လာရောက်ကြည့်ရှုအားပေးသည်။



ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲ ပညာရေးအသင်းနှင့် ပြည်ထဲရေးအသင်း ယှဉ်ပြိုင်စဉ်။

ရှေးဦးစွာ လွန်ဆွဲ(အမျိုးသား)ပြိုင်ပွဲများအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အသင်းနှင့် နေပြည်တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုရာထူးဝန်အသင်းက နေပြည်တော်စည်ပင်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

ဆက်လက်၍ လွန်ဆွဲ(အမျိုးသမီး)ပြိုင်ပွဲများအဖြစ် ပြည်ထောင်စုရာထူးဝန်အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုရာထူးဝန်အသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ထုပ်ဆီးတိုး (အမျိုးသမီး) ပြိုင်ပွဲများအဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန အသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ၁၄ မှတ်-၁၂ မှတ်ဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။ **သတင်းစဉ်**

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ သီပေါမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ တွန်းဇံမြို့နှင့် ရမ်ကလောင်းတို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၀ ဒသမ ၂၈ လက်မနှင့် မချမ်းဘောမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မြန်မာ့အလင်း**

# နည်းပညာစွန့်ဦးတီထွင်ပြိုင်ပွဲမှ ဆုရရှိသည့်အဖွဲ့များကို ဆုချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park တွင် မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၉) ၏ ဆန်ခါတင် ၁၀ ဖွဲ့မှ ရွေးချယ်ခံရသော အဖွဲ့သုံးဖွဲ့ကို ယမန်နေ့က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆုများချီးမြှင့်သည်။

**အထူးဂုဏ်ယူ**

အဆိုပါ အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် မြန်မာ့ဆက်သွယ်ရေး MPT တို့ပူးပေါင်းပြီး မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၉) ကို ဒုတိယအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး စသောကဏ္ဍများ၌ နည်းပညာကိုအသုံးပြု၍ အကျိုးအမြတ် ဖော်ဆောင်နိုင်မည့် စီမံကိန်းများလည်း ပါဝင်လာမှုကို တွေ့မြင်ရ၍ ဝမ်းမြောက်ရကြောင်း၊ မျိုးဆက်သစ်လူငယ်များ ကြိုးစားယှဉ်ပြိုင်မှုကို တွေ့မြင်ရပြီး ထူးခြားသော စီမံကိန်းများ ပါဝင်သည်ကို တွေ့မြင်ရ၍ လူငယ်များကိုယ်စား အထူးဂုဏ်ယူရကြောင်း၊ ယနေ့ပါဝင်သော လူငယ်တို့၏အားမာန်သည် နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာကို အားဖြစ်လာစေမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**




အထက်မြန်မာပြည်ကိုယ်စားပြု မန္တလေးမြို့တွင် နည်းပညာစွန့်ဦးတီထွင် ၁၅ ဖွဲ့နှင့် အောက်မြန်မာပြည်ကိုယ်စားပြု ရန်ကုန်မြို့တွင် ၁၅ ဖွဲ့တို့ ယှဉ်ပြိုင်မှုမှ ငါးဖွဲ့ကို ဒိုင်များက ရွေးချယ်ခဲ့ကာ ထို ၁၀ ဖွဲ့အား ရန်ကုန်မြို့ MICT Park တွင် အကောင်းဆုံး သုံးဖွဲ့အားရွေးချယ်၍ ထိုသုံးဖွဲ့ကို တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၈၀ နှင့်အတူ လူငယ်တို့၏ စွန့်ဦးတီထွင်စိတ်ကူးစိတ်သန်းများကို လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အခွင့်အရေးများကို လည်း ရရှိစေမည်ဖြစ်သည်။

**မြေတောင်မြှောက်**

MPT နှင့် ကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်း၍ မြန်မာပြည်တစ်ဝန်းရှိ စွန့်ဦးတီထွင်လုပ်ငန်းများ လုပ်ကိုင်လိုသောလူငယ်များနှင့် တက္ကသိုလ်များမှ စွန့်ဦးတီထွင်လူငယ်များကို ၂၀၁၈ ခုနှစ်မှစ၍ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ပြိုင်ပွဲများကျင်းပခဲ့ကာ ဆုများချီးမြှင့်လျက် ကုမ္ပဏီမှတ်ပုံတင်ရရှိခြင်းနှင့် အောင်မြင်နေသောစီးပွားရေး လုပ်ငန်းငယ်လုပ်ကိုင်သူများနှင့် အနီးကပ်အလုပ်လုပ်ကိုင်နိုင်မည့် အခွင့်အရေးများဖြင့် စွန့်ဦးတီထွင်လူငယ်များကို မြေတောင်မြှောက်ပေးလျက်ရှိသည်။

ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နာယက ဦးသောင်းတင်နှင့် ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်း၊ မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေး အစီအစဉ်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်း၊ MPT - KSGM JO မှ တာဝန်ရှိသူများ၊ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး**



# မန္တလေးပဲဈေးကွက် တရုတ်နှစ်သစ်ကူးအပြီး အရောင်းအဝယ်များ ပြန်လည်စည်ကားလာ

**မန္တလေး ဖေဖော်ဝါရီ ၁၁**

ဖေဖော်ဝါရီလဆန်းမှ စတင်ခဲ့သည့် တရုတ်နှစ်သစ်ကူးအချိန်ကာလအတွင်း ရပ်နားထားခဲ့ရသည့် မန္တလေးမြို့ရှိ ပဲဈေးကွက်သည် ယနေ့နှစ်ကူးအပြီး၌ အရောင်းအဝယ်များ ပုံမှန်ပြန်လည် သက်ဝင်စည်ကားလာကြောင်း**(အပေါ်ပုံ)** မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

ယခုရာသီချိန်သည် တရုတ်နိုင်ငံသို့ အားထားတင်ပို့ရောင်းချရသည့် ပဲမျိုးစုံ လှိုင်လှိုင်ပေါ်ထွက်ချိန် ရောက်ရှိနေသော်လည်း ဈေးကွက်ပြန်လည်သက်ဝင် လှုပ်ရှားချိန်၌ ယခင် ၂၀၁၈ ခုနှစ် တရုတ်နှစ်သစ်ကူးအပြီးကာလထက် ထူးခြားစွာ ဈေးနှုန်းများ ပိုမိုသာလွန်ကာ ဝယ်လိုအားမှာလည်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ဈေးကွက်ပြန်လည်လှုပ်ရှားလာတာနဲ့အမျှ အရောင်းအဝယ်ကလည်း ပုံမှန်ကောင်းလာတဲ့အပြင် အဖွင့်ဈေးတွေကိုလည်း နှစ်မကူးခင်ပေါက်ဈေးအတိုင်း ဈေးပေးဝယ်ယူနေကြတယ်။ ဗဟိုဘဏ်ကလည်း တရုတ်ယွမ်နဲ့ မြန်မာကျပ်ငွေကို တိုက်ရိုက် ငွေပေးချေဝယ်ယူလို့ရတော့မယ်လို့ ကြေညာထားတဲ့အတွက် ဒီနှစ်တော့ အရောင်းအဝယ်တွေ ပိုမိုလွယ်ကူမြန်ဆန်ပြီး ပဲဈေးကွက် အလားအလာကောင်းမယ့် နှစ်တစ်နှစ်လို့ သုံးသပ်မျှော်လင့်နေကြတယ်" ဟု ၎င်းက ပြောသည်။

ယနေ့ အဖွင့်ဈေးနှုန်းများအနေဖြင့် နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ နှုန်း၊ နှမ်းနက် ငွေကျပ် ၁၄၀၀၀၀ နှုန်း၊ ပဲတီစိမ်း (ခရမ်းရွှေဝါ) ငွေကျပ် ၁၂၅၀၀၀ နှုန်း၊ ပဲတီစိမ်း (အညာရွှေဝါ) ငွေကျပ် ၁၁၀၀၀၀ နှုန်း၊ ရိုးရိုးပဲတီစိမ်း ငွေကျပ် ၁၀၅၀၀၀ နှုန်း၊ ပဲဇီးကွက် ငွေကျပ် ၅၇၀၀၀ နှုန်း၊ ထောပတ်ပဲ ငွေကျပ် ၁၂၀၀၀၀ နှုန်း၊ ပဲကြီး ငွေကျပ် ၈၀၀၀၀ နှုန်း၊ မြေထောက်ပဲ ငွေကျပ် ၁၁၂၀၀၀ နှုန်းနှင့် မြေပဲ(လုံးဆန်) တစ်ပိဿာလျှင် ငွေကျပ် ၃၄၀၀ နှုန်းဖြင့် အရောင်းအဝယ် ပြန်လည်သွက်လက်လျက်ရှိသည်။

လက်ရှိအချိန်၌ ဒေသအနှံ့အပြားတွင် ပဲမျိုးစုံ လှိုင်လှိုင်ပေါ်ချိန်ရောက်ရှိနေသဖြင့် တရုတ်နိုင်ငံသို့ အချိန်မီတင်ပို့ရောင်းချနိုင်ရန် မန္တလေးပဲဈေးကွက်သို့ နေ့ညမပြတ် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်**

# သဘာဝခေါ်သံဖောင်ဒေးရှင်း၏ တက္ကသိုလ်ခြေကျင် တောင်တက်အသင်း သံတောင်ကြီးမြို့သို့ရောက်ရှိ

**သံတောင်ကြီး ဖေဖော်ဝါရီ ၁၁**

သဘာဝခေါ်သံဖောင်ဒေးရှင်း၏ ဦးဆောင်မှုဖြင့် တက္ကသိုလ်ခြေကျင်တောင်တက် အသင်းသည် တောင်ငူ - ရေတာရှည် - ရေလွှဲရေတံခွန် - ကျိုက်ထီးရိုးလေးမှ သံတောင်ကြီးခရီးစဉ်များဖြင့် လမ်းလျှောက်ခဲ့ရာ သံတောင်ကြီးမြို့သို့ ယနေ့မွန်းလွဲ ၁၂ နာရီခွဲ၌ ရောက်ရှိကြသည်။

ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၄ ဦးပါဝင်သော တက္ကသိုလ်ခြေကျင်တောင်တက်အသင်းသည် ယနေ့နံနက် ၉ နာရီခွဲမှစ၍ သံတောင်မှ သံတောင်ကြီးမြို့သို့ ၁၀ မိုင်ခရီးကို လျှောက်ခဲ့ကြရာ အဆိုပါတက္ကသိုလ်ခြေကျင်တောင်တက် အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဝင်းကို (ဒုတိယဥက္ကဋ္ဌ သဘာဝခေါ်သံဖောင်ဒေးရှင်း)၊ ဦးစိန်အောင်၊ ဦးဇော်ဇင်ခိုင်၊ ဦးအောင်ခိုင်မြင့်နှင့် ဦးမင်းသူတို့က အုပ်ချုပ်သူများအဖြစ် လိုက်ပါကြကြောင်း သိရသည်။

ရန်ကုန်မှ ယာဉ်များဖြင့် စတင်ထွက်ခဲ့ကြပြီး တောင်ငူမြို့မှတစ်ဆင့် ရေတာရှည်မြို့သို့ ရောက်ရှိခဲ့ကြသည်။ ရေတာရှည်မှ ကျိုက်ထီးရိုးလေးသို့ ၁၆ မိုင်ခရီး ခြေကျင်လျှောက်ခဲ့ကြကာ ယင်းနောက် သံတောင်မှ သံတောင်ကြီးမြို့သို့ ရောက်ခဲ့ကြောင်းနှင့် ယနေ့ညတွင် နော်ဘူဘော တောင်ခြေရှိ တည်းခိုဆောင်၌ ညအိပ်တည်းခိုမည်ဖြစ်ကြောင်း တပ်စုမှူး ဦးမင်းသူထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၁၃၂ ရွာတွင် သောက်သုံးရေရရှိရေးဆောင်ရွက်

**မကွေး ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ နွေရာသီသောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေရှားပါးပြတ်လပ်နိုင်သည့် ကျေးရွာများတွင် သောက်သုံးရေရရှိရေး လုပ်ငန်းပေါင်း ၁၃၂ ခု ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အပူပိုင်းဇုန်အတွင်းရှိ တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး နှစ်စဉ် ရေရှားပါးမှုကြုံတွေ့ရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ယခင်နှစ် ရေရှားပါး၍ ရေပေးဝေခဲ့ရသောကျေးရွာများနှင့် အခြားရေရှားပါးနိုင်သည့် ကျေးရွာများကို ဦးစားပေးကာ တွင်းနက်စက်ရေတွင်း ၇၄ တွင်း၊ တွင်းတိမ်စက်ရေတွင်း သုံးတွင်း၊ လက်တူးတွင်း နှစ်တွင်း၊ မြေသားရေကန် ခြောက်ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ငါးခု၊ အခြားရေရရှိရေးလုပ်ငန်း ၄၃ ခု စုစုပေါင်း ရေရရှိရေးလုပ်ငန်းပေါင်း ၁၃၂ ခု ကို ငွေကျပ် ၂၃၆၀ ဒသမ ၆၀၄ သန်းဖြင့် ၂၀၁၉ ခုနှစ် မိုးရာသီမတိုင်မီ လုပ်ငန်းများ အမြန်ပြီးစီးရေး ဆောင်ရွက်လျက်ရှိသည်။

စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းတွင် အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် (သို့မဟုတ်) ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် အလျား ၁၀ ပေ အနံ ရှစ်ပေ အမြင့် ရှစ်ပေရှိ ရေစက်ရုံတစ်ခုစီ၊ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းတွင် ခြံစည်းရိုးခတ်ခြင်းနှင့် လက်နှိပ်တုံကင်တပ်ဆင်ခြင်း၊ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းတွင် ခြံစည်းရိုးခတ်ခြင်းနှင့် လက်နှိပ်တုံကင်တပ်ဆင်ခြင်းနှင့် စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းတွင် ရေတားတမံ တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်လုပ်ငန်းများ ပါဝင်ပြီး တချို့ကျေးရွာများတွင် အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများပါဝင်ကြောင်း တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးအောင်ထံမှ သိရသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျေးရွာအချို့ဟာဆိုရင် နှစ်စဉ် ရေရှားပါးလို့ ရေပေးဝေနေရတာတွေ ရှိပါတယ်။ ကျွန်တော်တို့ ဌာနအနေနဲ့တော့ ယခုနှစ်မှာ ရေပေးဝေခဲ့ရတဲ့ကျေးရွာတွေနဲ့ အခြား ရေရှားပါးနိုင်တဲ့ ကျေးရွာတွေကို သက်ဆိုင်ရာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတွေက ဦးစားပေးရွေးချယ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)ရဲ့ ညွှန်ကြားမှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အနီးကပ်ကြီးကြပ်မှုနဲ့ ဆောင်ရွက်နေပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ကျေးရွာတွေမှာ အရေးပေါ် ရေရှားပါးမှုတွေ ကြုံတွေ့လာရင်လည်း အမြန်ဆုံး ဆောင်ရွက်ပေးသွားမှာပါ။ ကျေးရွာတွေအနေနဲ့ ရေပြတ်လပ်မှုရှိရင်လည်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွေဆီကို အချိန်မရွေးဆက်သွယ်နိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**သန်းလွင်(မကွေး)**



တောင်တွင်းကြီးမြို့နယ် ထောက်ကြံ့ကွင်းကျေးရွာ စက်ရေတွင်းရေမှုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

# ဆီးနှင်းများ ထူထပ်စွာကျဆင်းလာမှုကြောင့် ဒလ-ပန်းဆိုးတန်း ရေယာဉ်ခရီးစဉ်များ ခေတ္တရပ်ဆိုင်းခဲ့ရ

**ဒလ ဖေဖော်ဝါရီ ၁၁**

ဒလ-ပန်းဆိုးတန်း ပြေးဆွဲနေသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးခရီးစဉ်များသည် ယနေ့ နံနက်ပိုင်းက ဆီးနှင်းများ ထူထပ်စွာကျဆင်းလာမှုကြောင့် **(ယာပုံ)**နံနက် ၇ နာရီခွဲမှ စတင်ကာ ရေယာဉ်ခရီးစဉ်များအား ခေတ္တရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

**ခရီးသည်များ စုပြုံနေ**

ဒလ-ပန်းဆိုးတန်း ခရီးစဉ်အား နံနက် ၅ နာရီမှစတင်ပြီး ပုံမှန်ပြေးဆွဲပေးခဲ့သော်လည်း နံနက် ၇ နာရီခွဲမှစတင်၍ ဆီးနှင်းများကျဆင်းလာမှုကြောင့် ခရီးစဉ်အား ခေတ္တရပ်နားခဲ့ပြီး ခရီးသည်များ တစ်စတစ်စများပြားလာကာ စက်တပ်သမ္ဗန်ဆိပ်တွင် ခရီးသည်များ စုပြုံနေသည်ကို တွေ့ရသည်။ ရေယာဉ်ကြီးများမှာ အဆိုပါအချိန်တွင် ခရီးစဉ်ရပ်နားခဲ့သော်လည်း စက်တပ်သမ္ဗန်ငယ်လေးများမှာ ပုံမှန်ထက် ခရီးသည်လျော့တင်ကာ ပြေးဆွဲပေးနေသည်ကို တွေ့ရသည်။

**ဆက်လက်ပြေးဆွဲ**

နံနက် ၈ နာရီ ၅ မိနစ်တွင် ဆီးနှင်းကျဆင်းမှု လျော့နည်းသွားသည့်အတွက် ခေတ္တရပ်ဆိုင်းထားသည့် ခရီးစဉ်အား ပြန်လည်ပြေးဆွဲပေးခဲ့ပြီး ခရီးသည်ကျန်ရှိမှု များပြားနေသည့်အတွက် အလှည့်ကျရပ်နားထားသည့် ချယ်ရီ ၂ သင်္ဘောဖြင့် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဆက်လက်ပြေးဆွဲပေးခဲ့၍ ခရီးသည်များ အဆင်ပြေခဲ့ကြောင်း သိရသည်။ **မောင်ယဉ်ဦး(ဒလ)**



# မာန်အောင်ကျွန်း၏အနောက်မြောက်ဘက်ရှိ မီးပြတိုက်အနီး သင်္ဘောတစ်စင်း နစ်မြုပ်၊ လူ ၁၈ ဦး ပျောက်ဆုံးလျက်ရှိ

**မာန်အောင် ဖေဖော်ဝါရီ ၁၁**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် (မာန်အောင်ကျွန်း)၏ အနောက်မြောက်ဘက်ရှိ ဇီးတောကျေးရွာနှင့် ရေမိုင် လေးမိုင်ခန့်အကွာ လက်ဖက်ကျွန်းမီးပြတိုက်သို့ ပြုပြင်ရန်လာရောက်သည့် ဆင်ပြောင်အမည်ရှိ သင်္ဘောမှာ လူ ၂၅ ဦးပါဝင်ပြီး ယနေ့ နံနက် ၄ နာရီခွဲ ခန့်က နစ်မြုပ်မှု ဖြစ်ပွားခဲ့ရာ လူ ၁၈ ဦး ပျောက်ဆုံးနေကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**နစ်မြုပ်ပျောက်ဆုံး**

အဆိုပါ ဖြစ်စဉ်တွင် သင်္ဘောမှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မီးပြတိုက်ဦးစီးဌာနပိုင် ဆင်ပြောင်ရေယာဉ်ပေါ်၌ ရေယာဉ်မှူး ဦးထွန်းထွန်းနှင့် ၂၃ ဦး၊ မာန်အောင်မီးပြတိုက်မှ ဒေသခံ နေ့စားဝန်ထမ်း တစ်ဦး စုစုပေါင်း ၂၅ ဦး တို့သည် မီးပြတိုက်မြောက်ဘက် ရေမိုင် တစ်မိုင်ခန့်အကွာတွင် ကျောက်ချ ညအိပ်နားနေစဉ် ယနေ့ နံနက် ၄ နာရီ ခန့်က ဘေးလှိုင်းရိုက်ခတ်မှုများကြောင့် ရေယာဉ်အတွင်း မှန်ပြတင်းပေါက်များ ကွဲအက်၍ ရေများဝင်လာသဖြင့် သင်္ဘောမှာ ဝဲဘက်သို့တိမ်းစောင်းကာ နစ်မြုပ်နေစဉ်တွင် သင်္ဘောပေါ်မှ ဝီစီမှုတ်သံများကြောင့် မီးပြတိုက်ဌာနမှူး ဦးအေးလွင်တို့အဖွဲ့က ဒေသငါးဖမ်းစက်လှေနှစ်စင်းဖြင့် သွားရောက်ကူညီကယ်ဆယ်ခဲ့ရာ လူ ၂၅ ဦးအနက်မှ ခုနစ်ဦးကို ကယ်တင်နိုင်ခဲ့ပြီး ရေယာဉ်မှူး ဦးထွန်းထွန်းပါ ၁၇ ဦးနှင့် ဒေသခံ နေ့စားဝန်ထမ်းတစ်ဦး စုစုပေါင်း ၁၈ ဦးတို့မှာ သင်္ဘောနှင့်အတူ နစ်မြုပ်ပျောက်ဆုံးသွားကြောင်း သိရသည်။

**ရှာဖွေလျက်ရှိ**

ယင်းသင်္ဘောနစ်မြုပ်ရာနေရာသို့ ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဝေနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးအိုင်အေမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်ဖွဲ့ဝင်များက ပျောက်ဆုံးနေသူများကို ကယ်ဆယ် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ အသက်ရှင်လျက် ကယ်တင်နိုင်သော သင်္ဘောသားများကို တပ်မတော်ဆေးတပ်ဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ကယ်ဆယ်ရေးအဖွဲ့မှလည်း သောက်ရေသန့်ဘူး၊ ခေါက်ဆွဲခြောက် စသော အစားအသောက်များ ပေးအပ်ခဲ့ပြီး ပျောက်ဆုံးနေသော ရေယာဉ်မှူး ဦးထွန်းထွန်းနှင့် ၁၇ ဦးကို ဆက်လက် ရှာဖွေလျက်ရှိကြောင်း ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူးထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရထားခဲပေါက်မှုမဖြစ်စေရေး အသိပညာပေးဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၄)တပ်ခွဲ တပ်စု (၃) အင်းစိန်မှ တပ်စုမှူး ဒုတိယရဲအုပ်မျိုးဆင့်နှင့် ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ပတ်ရထားများပေါ်တွင် ရထားစီးခရီးသွားပြည်သူများကို ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေနှင့် ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များအား ချပြ၊ ရှင်းလင်းဟောပြောခြင်း၊ ရထားနှင့်ကား၊ ဆိုင်ကယ်၊ လူ၊ တိရစ္ဆာန်များ တိုက်မိမှုများမဖြစ်စေရေး၊ မှုခင်းကျဆင်းရေးနှင့် ရထားခဲပေါက်မှုမဖြစ်စေရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- နည်းပြ ကလောက်ဒီဖျူရယ်၏ လက်အောက်တွင် မပျော်မရွှင်ဖြစ်နေသော ကက်စ်ပါ ရှမိုက်ကယ် (၃၂ နှစ်) အနေဖြင့် လက်စတာစီးတီးအသင်းမှ ထွက်ခွာနိုင်ဖွယ်ရှိကြောင်း ၎င်း၏ဖခင်ဖြစ်သူ ပီတာရှမိုက်ကယ်၏ အဆိုအရ သိရသည်။
- ယမန်နေ့ညက ပရီမီယာလိဂ်ပွဲစဉ် (၂၆) အဖြစ် မန်စီးတီးက ချယ်လ်ဆီးအသင်းကို ခြောက်ဂိုးပြတ်အနိုင်ရရှိခဲ့သောပွဲစဉ်၌ ဟက်ထရစ် ရယူနိုင်ခဲ့သော အဂူရိုသည် ပရီမီယာလိဂ်တွင် အလန်းရှီးယား၏ ဟက်ထရစ်စံချိန်တင်ထားခဲ့သော (၁၁) ကြိမ်နှင့် တူညီခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။
- လီဗာပူးနည်းပြ ကလော့ပ်သည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ၎င်းတို့ ဦးစားပေးခေါ်ယူမည့် ကစားသမားမှာ လိစ်ယူနိုက်တက်အသင်းမှ အင်္ဂလန်တောင်ပံကစားသမား ကလာကီ (၁၈ နှစ်) ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။
- ယမန်နေ့က စီးရီးအေ ပွဲစဉ် (၂၃)အဖြစ် ဆက်ဆူအိုလိုအသင်းနှင့် ဂျူဗင်တပ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျူဗင်တပ်စ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**အောင်ဇော်**

*ကျောဖုံးမှ*

အနိုင်ရခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်း ဆက်လက်ယှဉ်ပြိုင်ခဲ့သော်လည်း ခံစစ်ဦးစားပေးကစားခဲ့သည့် အီရန်အသင်းကစားပုံကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ အီရန်အသင်းသည် မြန်မာအသင်းတိုက်စစ်ကို ထိန်းချုပ်နိုင်ရန် စနစ်တကျပြင်ဆင်ခဲ့ပြီး ဂိုးမပေးရရန် ထိန်းကစားနိုင်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဂိုးရရန်အတွက် ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး လူစားဝင်ကစားသမား ရီရီဦးက ၉၀+၁ မိနစ်တွင် ပထမဂိုး၊ ၉၀+၅ မိနစ်တွင် ဒုတိယဂိုးတို့ သွင်းယူခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် နှစ်ပွဲနိုင် ခြောက်မှတ်ရထားပြီး ဖေဖော်ဝါရီ ၁၃ ရက်တွင် နောက်ဆုံးပွဲအဖြစ် အိမ်ရှင်အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

*ကျောဖုံးမှ*

ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး တက်ရောက်လာခြင်းဖြစ်သည်။ ချင်းရိုင်ယူနိုက်တက်အသင်းမှာမူ ဒုတိယအဆင့်မှ စတင်ကစားရခြင်းဖြစ်သည်။

ရန်ကုန်အသင်းနည်းပြချုပ် ဦးမျိုးမင်းထွန်းက “ချင်းရိုင်ယူနိုက်တက်အသင်းက အသင်းကောင်းဖြစ်သလို အဝေးကွင်းဖြစ်တာကြောင့် ပိုပြီးရုန်းကန်ရနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ချင်းရိုင်ယူနိုက်တက်အသင်းပွဲအတွက် ဆီရက်စ်နဲ့ ပွဲပြီးကတည်းက ပြင်ဆင်ခဲ့ပါတယ်။ ဆီရက်စ်နဲ့ပွဲမှာရခဲ့တဲ့ ပုံစံကောင်းကိုဆက်ထိန်းပြီး ဒီပွဲမှာလည်း ပြသနိုင်အောင် ကြိုးစားမှာပါ။ ရလဒ်ကောင်းရအောင် ကြိုးစားသွားမှာပါ”ဟု ပြောကြားသည်။

ရန်ကုန်အသင်းသည် အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲတွင် ပထမဆုံးနိုင်ပွဲရသည့် ကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ထားပြီး Play-off အဆင့်သို့ ပထမဆုံး တက်ရောက်နိုင်ရန် ယနေ့ အဖြေထွက်ပေါ်မည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# “မနောမြေမှ ကျောက်စိမ်းကမ္ဘာ” ရုပ်ရှင်ဇာတ်ကား ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

Moon Myanmar Media ကထုတ်လုပ်ပြီး ဒါရိုက်တာ JZ Daung Loon ရိုက်ကူးထားသည့် “မနောမြေမှ ကျောက်စိမ်းကမ္ဘာ” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲကို ယနေ့ နံနက် ၉ နာရီ က ရန်ကုန်မြို့ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။

**ခက်ခက်ခဲခဲ ရိုက်ခဲ့ရ**

ဒါရိုက်တာနှင့် သရုပ်ဆောင်ဖြစ်သူ JZ Daung Loon က “ကချင်တိုင်းရင်းသားတွေရဲ့ လူမှုဘဝနဲ့ သဘာဝရှုခင်းတွေကို ရိုက်ပြထားတာပါ။ ၂၀၁၃ ခုနှစ်မှာ စတင်ပြင်ဆင်ရိုက်ကူးခဲ့တာပါ။ အဲဒီကာလတုန်းက ကျွန်တော်တို့ရိုက်မယ့် နယ်မြေဒေသကလည်း မငြိမ်းချမ်းဘူး။ ခက်ခက်ခဲခဲ ရိုက်ခဲ့ရတာပါ” ဟု ပြောသည်။

အဆိုပါ ဇာတ်ကားတွင် ကချင်တိုင်းရင်းသား သရုပ်ဆောင်များဖြစ်သည့် JZ Daung Loon၊ M Seng Naw၊ G Taint Saung၊ Swan Swan Pan၊ M Jyar Aung၊ Jyar Seng Eain၊ L Zaw Dein၊ D Moon Aung၊ MZ Loon Naw၊ K Kai Dint၊ Kai Lai တို့ပါဝင်ပြီး ဖြစ်ရပ်မှန်ကို အခြေခံကာ ကချင်ပြည်နယ်၏ သဘာဝအလှရှုခင်းများနှင့် ကချင်တိုင်းရင်းသားတို့၏ ရိုးသားဖြူစင်မှုများကို ပေါ်လွင်အောင် ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

စီစဉ်ထုတ်လုပ်သူ နန်းမောက်လောဝ်ဆိုင်က “ဒီဇာတ်ကားလေးကို ၂၀၁၃ ခုနှစ်မှာ စတင်ပြင်ဆင်ခဲ့တယ်။ ၂၀၁၄ ခုနှစ်မှာ စတင်ရိုက်ပြီး ဆင်ဆာကျတဲ့အခါမှာ နယ်မှာပြသခဲ့ပါတယ်။ အကယ်ဒမီစာရင်းထဲမှာဝင်သွားတော့ အကယ်ဒမီရခဲ့ပါတယ်” ဟု ပြောသည်။

**ကြည့်ရှုစေချင်**

သရုပ်ဆောင် Swan Swan Pan က “အလှပြင်ဆိုင်မှာ အလုပ်လုပ်တဲ့ နူးနူးဆိုတဲ့ ကောင်မလေးတစ်ယောက်အနေနဲ့ သရုပ်ဆောင်ထားတာပါ။ ရေခဲတောင်မှာရိုက်တာဆိုတော့ တော်တော်အေးတယ်။ အဲဒီကို လမ်းလျှောက်ပြီး သွားရင် ၁၅ ရက်လောက် ကြာတာဆိုတော့ အခြားလမ်းဘက်ကဝင်ခဲ့ရတယ်။ ကားလမ်းတွေကလည်း တော်တော်ဆိုးတယ်။ ပင်ပန်းခဲ့ပါတယ်။ အပြင်မှာ ဖြစ်ပျက်နေတဲ့ဘဝတွေကို အခြေခံပြီး ရိုက်ထားတာဖြစ်တဲ့အတွက် လာရောက်ကြည့်ရှုစေချင်ပါတယ်” ဟု ပြောသည်။


JZ Daung Loon


နန်းမောက်လောဝ်ဆိုင်


Swan Swan Pan

**အကယ်ဒမီရရှိ**

မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများနှင့် တောတောင်ရေမြေ သဘာဝအလှရှုခင်းများကို သိရှိနိုင်ရန်၊ ကချင်ပြည်နယ် ဖားကန့်ဒေသတွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကျောက်တူးသမားများ၏ ဘဝဖြတ်သန်းမှုပုံရိပ်များနှင့် ကချင်တိုင်းရင်းသားတို့၏ ရိုးသားဖြူစင်မှု စိတ်ထားအလှကိုသိရှိစေရန် ရည်ရွယ်ရိုက်ကူးထားခြင်း ဖြစ်ပြီး ၂၀၁၇ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် အကယ်ဒမီရရှိခဲ့သော ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်သည်။

**သတင်း - ဇော်ကြီး ဓာတ်ပုံ - ဖေဇော်**

# မောင်တောမြို့နယ်တွင် ငွေကျပ်သိန်း ၃၉၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် ဒါးရှည်ကျေးရွာနေ အဘူတာရ်နှင့်မူစတာအာမက်တို့၏ နေအိမ်နှင့် နေအိမ်၏ တောင်ဘက်ရှိ ဗလီကျောင်းပျက်တို့ကို ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၃ နာရီက ဝင်ရောက်ရှာဖွေရာ ဗလီကျောင်းပျက်အတွင်းရှိ ဆူးချုံထဲမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀၀ (တန်ဖိုးငွေကျပ်သိန်း ၃၉၀၀ တန်ဖိုးရှိ) ကို ဖမ်းဆီးရမိသည်။ **(ယာပုံ)**

အလားတူ ယင်းနေ့ ည ၈ နာရီ ၄၅ မိနစ်က မြဝတီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ၉၉၉ ဂိတ်ဝင်း၊ သောင်ရင်းမြစ်ကမ်း နဖူးလမ်းပေါ်တွင်တွေ့ရှိသူ ထိုင်းနိုင်ငံသားများဖြစ်သည့် Mr. Eddyser နှင့် Mr. Wilayut တို့နှစ်ဦးကို စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၃ ပြားကို လည်းကောင်း။

ထို့အတူ ယင်းနေ့ညနေ ၄ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မန်အိုင်ကျေးရွာအုပ်စု လွယ်ပုံကျေးရွာရှိ မအေးကျွဲ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၇၃၁ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ ဘိန်းစိမ်း ၇ ဂရမ်နှင့် မြန်မာငွေကျပ် ၂၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



# တောင်ပြိုလက်ဝဲမြို့အမှတ်(၃) ရပ်ကွက်ရှိ လယ်ကွင်းများ၊ ကိုင်းတောနှင့် တောင်ကုန်းများတွင် မီးလောင်မှုဖြစ်

**တောင်ပြိုလက်ဝဲ ဖေဖော်ဝါရီ ၁၁**

တောင်ပြိုလက်ဝဲမြို့အမှတ်(၃) ရပ်ကွက်ရှိ လယ်ကွင်းများ၊ ကိုင်းတောနှင့် တောင်ကုန်းများတွင် ယနေ့ မွန်းလွဲ ၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားသည်။ တောင်ပြိုလက်ဝဲနယ်မြေမီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်ဖြင့် ဒုတပ်ကြပ် စောသူရိန်ထွန်း ဦးဆောင်သည့်တပ်ဖွဲ့ဝင် ၅ ဦးနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်း၍ ငြှိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီခန့်တွင် မီးငြှိမ်းနိုင်သည်။

အဆိုပါမီးလောင်မှုမှာ ပေါ့ဆမီးမှတစ်ဆင့် ကူးစက်ခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်( ပြန်/ဆက်)**

# တပ်ကုန်းမြို့တွင် မီးလောင်မှုဖြစ်၍ လူတစ်ဦးသေဆုံး

**တပ်ကုန်း ဖေဖော်ဝါရီ ၁၁**

နေပြည်တော် တပ်ကုန်းမြို့ မြဝတီရပ်ကွက်တွင် ယနေ့ မွန်းလွဲ ၁၂ နာရီကျော်က မီးလောင်မှုဖြစ်ရာ နေအိမ်တစ်လုံးမီးလောင်၍ လူတစ်ဦးသေဆုံး သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြဝတီရပ်ကွက် နယ်မြေ (၄) နေ မစိုးစိုးသည် ဈေးသို့ပန်းရောင်းသွားရာ နေအိမ်တွင် စိတ်ဝေဒနာရှင် အပွားလေး(ခ) ကိုကြီးအား နေအိမ်တွင်း၌ ခြေထောက်အားကြိုးဖြင့် ချည်ထားခဲ့ရာ မွန်းလွဲ ၁၂ နာရီကျော်ခန့်တွင် လျှပ်စစ်ဒယ်အိုး ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းသဖြင့် နေအိမ်တစ်လုံးနှင့် အပွားလေး(၂၇)နှစ် မီးလောင်သေဆုံးသွားကြောင်းသိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**

## မြန်မာ့ရုပ်မြင်သံကြား

၁၂-၂-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၄၀ - ၂၀၁၉ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံအလေးပြုပွဲ တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်
- ၇း၄၅ - "သမိုင်းထဲက ပင်လုံမြေ"
- ၈း၃၅ - "၂၀၁၇ခုနှစ်အတွက် အမျိုးသားစာပေဆုရ စာရေးဆရာကြီးများနှင့် စာပေ စကားဝိုင်း" (အပိုင်း-၁)
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြားလှူငယ် အစီအစဉ်
- ၁၁း၀၀ - "ပြည်ထောင်စုထဲက ထာဝရအလှများ တည်ရှိရာ" (မွန်)
- ၁၁း၂၅ - စည်းလုံးခြင်းသည် အင်အား
- ၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း" (အပိုင်း-၃၅)
- ၁၅း၁၅ - "ပြည်ထောင်စုထဲက ထာဝရအလှများ တည်ရှိရာ" (ကချင်)

**ညပိုင်း**

- ၁၆း၃၅ - "ပြည်ထောင်စုထဲက ထာဝရအလှများ တည်ရှိရာ" (အရှေ့ပိုးကရင်)
- ၁၇း၀၅ - This Week's Special Interest
- ၁၈း၃၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (သရုပ်ဆောင်- အေးမြတ်သူ)
- ၁၈း၅၅ - "CHOICE" (အပိုင်း-၁၁၅)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၈၃)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "သမိုင်းထဲက ပင်လုံမြေ"
- "ပညာရေးစကားဝိုင်း" (အင်္ဂလိပ်စာသင်ကြားသင်ယူမှုမြှင့်တင်ရေး စကားဝိုင်းဆွေးနွေးပွဲ)
- အနုပညာခန်းရိပ်သာ "စာရေးဆရာကြီး ဦးအောင်သင်းအကြောင်း"
- နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း-၄၆)

# မြောက်ဦးမြို့နယ် တောင်ဦးကျေးရွာနှင့် ထိပ်ဝပြင်ကျေးရွာအကြား၌ မိုင်းပေါက်ကွဲမှုဖြစ်ပွား

**မြောက်ဦး ဖေဖော်ဝါရီ ၁၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် တောင်ဦးကျေးရွာနှင့် ထိပ်ဝပြင်ကျေးရွာအကြား ရန်ကုန် - စစ်တွေ အဝေးပြေးကားလမ်း မိုင်တိုင်အမှတ် (၁/၁၂၈) နှင့် (၂/၁၂၈) ကြား မြောက်ဦးမြို့မှ မြောက်ဘက် မိုင် ၂၀ ခန့်အကွာ လင်းမြွေတောင်အနားတွင် ယမန်နေ့နံနက် ၈ နာရီ မိနစ် ၃၀ ခန့်က မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုဖြစ်စဉ်မှာ ရန်ကုန်-စစ်တွေ အဝေးပြေးကားလမ်း အနောက်ဘက်၌ ထောင်ထားသည့် မိုင်း နှစ်လုံးမှာ ပေါက်ကွဲခဲ့ပြီး မပေါက်ကွဲသေးသည့် မိုင်းတစ်လုံးနှင့် ကားလမ်းအရှေ့ဘက်၌ မပေါက်ကွဲသေးသည့် မိုင်း လေးလုံး စုစုပေါင်း မပေါက်ကွဲသေးသည့် မိုင်း ငါးလုံးအား တာဝန်ရှိသူများက ရှင်းလင်းမှုများ ဆောင်ရွက်လျက်ရှိသည်။ လမ်းကြောင်းတွင် ခရီးသည်တင်ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း သတင်းရရှိသည်။ **ခရိုင်(ပြန်/ဆက်)**

# နောင်ချိုမြို့နယ်နှင့် ပေါက်မြို့နယ်တို့တွင် တရားမဝင်သစ်များဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်သူ ပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်အရ ရှမ်းပြည်နယ် နောင်ချိုမြို့နယ်နှင့်



မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်တို့၌ တရားမဝင်သစ်များ ဖမ်းဆီးရမိသည်။ **(အောက်ဝဲပုံ)**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် သစ်တောဦးစီးဌာနမှ ပေါက်မြို့နယ် ဗာဂျီးနီးယားဆေးပေါင်းရုံရှေ့၌ ဖေဖော်ဝါရီ ၈ ရက်က လူမပါဘဲ ရပ်ထားသည့် ဆီဘောက်ဆာယာဉ်ပေါ်ကို ရှာဖွေရာ တရားမဝင် ကျွန်းသစ်ခွဲသားများ ဖမ်းဆီးရမိသည်။

အလားတူ ယနေ့နံနက် ၁ နာရီက ရှမ်းပြည်နယ် နောင်ချိုမြို့နယ်တွင် မန္တလေးဘက်မှ ဦးဖြိုးသူရ မောင်းနှင်လာသော ဆီဘောက်ဆာယာဉ်ကို ရပ်တန့်စစ်ဆေးရာ ဆီတိုင်ကီအတွင်းမှ တရားမဝင် သယ်ဆောင်လာသော ပိတောက်ခွဲသားများ ဖမ်းဆီးရမိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **မွှေးကြူဇင်**

# သာပေါင်းမြို့နယ်တွင် ဝါးများတင်ဆောင်လာသော ယာဉ်တစ်စီးတိမ်းမှောက်ကာ ခုနစ်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာများရရှိ

**သာပေါင်း ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကျွန်းလျားကြီး ကျေးရွာအုပ်စု သစ်စင်ကျေးရွာအနီး ကြက်သွန်ကွင်း-သဲဖြူ-မကျည်းဇင် တောင်ပေါ်ကားလမ်း၌ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ဝါးတင်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်လိုက်ပါလာသူ ခုနစ်ဦး နေရာတွင် သေဆုံး၍ ခြောက်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ကြောင်း သတင်းအရ သာပေါင်း မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးမြင့်လွင် ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ သဲဖြူကျေးရွာဘက်မှ ကြက်သွန်ကွင်းကျေးရွာဘက်သို့ ကျောက်ချောမြေသား တောင်ပေါ်ကားလမ်းအတိုင်း မျိုးမင်းဌေး (၃၇ နှစ်) ဝေန်ကြို့ကုန်းကျေးရွာနေသူ မောင်းနှင်သည့် ဝါးများ တင်ဆောင်ထားသောယာဉ်ပေါ်တွင် အမျိုးသား၊ အမျိုးသမီး ၁၃ ဦး လမ်းကြုံလိုက်ပါစီးနင်းလျက် မောင်းနှင်လာရာ အခင်းဖြစ်ပွားသည့် မိုင်တိုင် ၂၆/၄ ကုန်းဆင်း၌ ဘရိတ်ပေါက်ပြီးအရှိန်လွန် တိမ်းမှောက်သွားပြီး ယာဉ်ပေါ်တွင်လိုက်ပါလာသူများအနက် အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ခုနစ်ဦး နေရာတွင်သေဆုံးသွားပြီး အမျိုးသား လေးဦး၊ အမျိုးသမီး နှစ်ဦးမှာဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သာပေါင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ရေဦးမြို့နယ်တွင် အမျိုးသားတစ်ဦးက နေအိမ်နှင့် ကောက်ရိုးပုံတို့ကို မီးရှို့

**ရေဦး ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ကွမ်းအုံကျေးရွာအုပ်စု ဆီဆုံကျေးရွာတွင် ကျေးရွာတွင်း ကောက်ရိုးပုံနှင့် လူနေအိမ်တို့ကို အရက်ကြောင်နေသူ အမျိုးသားတစ်ဦးက မီးရှို့ကာ ဝင်ရောက်တားမြစ်သူရွာသားများကို ဓားဖြင့်လိုက်ခုတ်မှုဖြစ်ပွားကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ မြို့မရဲတပ်ဖွဲ့စခန်း ဒုရဲမှူးသိန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်စခန်းတာဝန်ခံ ဦးရန်ပိုင်ဖြိုး၊ တင်းတိန်ရုံ နယ်မြေမီးသတ်စခန်းတာဝန်ခံ ဦးစန်းထွန်းနှင့် တပ်ဖွဲ့ဝင်များက အချိန်မီသွားရောက်၍ ဒေသခံပြည်သူ ၅၀ ခန့်ဖြင့် ပူးပေါင်းကာအချိန်မီ မီးငြှိမ်းသတ်နိုင်ပြီး အရက်ကြောင်ကြောင်ကာ မီးရှို့သူ ဦးဝင်းနိုင်အား သက်သေခံပစ္စည်းနှင့်အတူ ရှာဖွေဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၀ ရက်မွန်းလွဲ ၂ နာရီခန့်က ဆီဆုံကျေးရွာနေ ဦးဝင်းနိုင် အသက် (၄၆)နှစ်သည် အရက်ကြောင်ကြောင်ကာ မီးခြစ်ဖြင့် ကျေးရွာတွင်းအိမ်များနှင့် ကောက်ရိုးပုံတို့ကို လိုက်လံမီးရှို့ကာ တားမြစ်သူရွာသားများကိုလည်း အသင့်ပါလာသော ဓားဖြင့်ခုတ်ခဲ့ကြောင်း သိရသည်။ ထိုသို့ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် ထန်းရွက်မိုး ထရံကာလူနေအိမ်နှင့် တွဲထားသော မီးဖိုဆောင်တစ်ဆောင်မီးစွဲလောင်ပြီး ကောက်ရိုးပုံနှင့် မြေစိုက်နေအိမ်တစ်လုံး၊ ငွေကျပ်နှစ်သိန်းခွဲ၊ မီးစက်သေးတစ်လုံး၊ ရွှေကလပ်တစ်ခုတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထို့အပြင်တားမြစ်သူ လေးဦးမှာ ဓားဖြင့်ခုတ်ခံရ၍ ထိခိုက်ဒဏ်ရာများရရှိကာ ရေဦးမြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံနှင့် စိုးရိမ်ရသူနှစ်ဦးမှာ မန္တလေးမြို့ ပြည်သူ့ဆေးရုံးကြီးတွင် တက်ရောက်ဆေးကုသမှုခံယူနေကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**

# မတ္တရာမြို့တွင် စိုက်ပျိုးရေးဦးစီးဌာနပိုင် ဆေးဖျန်းစက်များခိုးယူသူအား အရေးယူ

**မတ္တရာ ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနပိုင် စိုက်ပျိုးရေး လုပ်ငန်းသုံး ဆေးဖျန်းစက်များခိုးယူသူအား ဖေဖော်ဝါရီ ၆ ရက်တွင် မတ္တရာမြို့မရဲစခန်းက ဖမ်းဆီးစစ်ဆေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ္တရာမြို့ အမှတ် (၅) နေချင်စရာရပ်ကွက်နေ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိန်ရသည် ဖေဖော်ဝါရီ ၅ ရက်က စိုက်ပျိုးရေးဝင်းအတွင်း ရှိနေစဉ် ၎င်းဝင်းအတွင်းနေ ဒေါ်သိန်းဌေးရောက်ရှိလာပြီး စိုက်ပျိုးရေးလုပ်ငန်းသုံး ဆေးဖျန်းစက် ကိုဘိုတာတစ်လုံးအား ညနေ ၄ နာရီခန့်က တစ်ရပ်ကွက်တည်းနေသူ မောင်ပိန် (ခ)နေမျိုးနိုင် (၂၀နှစ်) က ဆိုင်ကယ်ဖြင့် သယ်ဆောင်သွားကြောင်း လာရောက်အကြောင်းကြားသဖြင့် ဦးစိန်ရက ဌာနမှ တာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးရေးဝင်းတောင်ဘက်ရှိ စက်ပစ္စည်းများထားရှိသည့် ဂိုဒေါင်အား သွားရောက်ကြည့်ရှုသည်။ ထိုသို့ကြည့်ရှုစစ်ဆေးရာ ဂိုဒေါင်အတွင်းထားသည့် စိုက်ပျိုးရေး လုပ်ငန်းသုံး ဆေးဖျန်းစက် (အဟောင်း/သုံးမရ) တစ်လုံးလျှင် ငွေကျပ် ၁၅၀၀၀ခန့် တန်ဖိုးရှိ စက်ရှစ်လုံးပျောက်ဆုံးနေကြောင်းသိရသဖြင့် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် စိုက်ပျိုးရေး ဦးစီးမှူးထံ အကြောင်းကြားပြီး ဖေဖော်ဝါရီ ၆ ရက်က အရေးယူပေးရန် မြို့မရဲစခန်းသို့ လာရောက်တိုင်ကြားခြင်း ဖြစ်ကြောင်းသိရသည်။

**မြန်မာ့အလင်း**

# လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ပိတ်ဆို့ခဲ့သည့်အတွက် ဗင်နီဇွဲလားတပ်မတော်ကို အတိုက်အခံခေါင်းဆောင် သတိပေး

**ကရာကက် ဖေဖော်ဝါရီ ၁၁**

ဗင်နီဇွဲလားနိုင်ငံ၏ ယာယီသမ္မတအဖြစ် နိုင်ငံပေါင်း ၅၀ ခန့်က အသိအမှတ်ပြုခဲ့သည့် ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုသည် နိုင်ငံအတွင်းသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ မဝင်ရောက်နိုင်အောင် တားဆီးပိတ်ဆို့ခဲ့သည့်အတွက် တပ်မတော်ကို သတိပေးလိုက်ပြီး ယင်းလုပ်ရပ်မှာ လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှုကျူးလွန်လိုက်ခြင်းဖြစ်ကြောင်း အပြစ်ဆိုခဲ့သည်။

နှစ်နိုင်ငံကို ဆက်သွယ်ပေးထားသည့် တံတားတစ်စင်းကို ဗင်နီဇွဲလားစစ်ဘက်မှ တားဆီးပိတ်ဆို့လိုက်သည့်အတွက် အမေရိကန်ပြည်ထောင်စုမှ ပေးပို့လိုက်သည့် ဆေးဝါးနှင့် စားနပ်ရိက္ခာများမှာ ကိုလံဘီယာဘက်ခြမ်း ကျူကျူတာနယ်စပ်၌ သုံးရက်ကြာ ပိတ်မိနေခဲ့သည်။

အဆိုပါလုပ်ရပ်အတွက် တာဝန်ခံရမည့်သူများရှိကြောင်းနှင့် အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် သိနားလည်သင့်ကြောင်း အတိုက်အခံခေါင်းဆောင် ဂွိုက်ဒိုက ပြောကြားခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံဘက်အခြမ်းနယ်စပ်၌ တနင်္ဂနွေနေ့က အကူအညီအထောက်အပံ့များ ဝင်ရောက်ခွင့်ပေးရန် ဆရာဝန်အများအပြား ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အကူအညီအထောက်အပံ့များအား ပိတ်ဆို့ခြင်းသည် မျိုးသုဉ်းသတ်ဖြတ်သည့် ရာဇဝတ်မှုကို ကျူးလွန်လုနီးပါးအခြေအနေတစ်ခုဖြစ်ပြီး တပ်မတော်သည် ဆန္ဒပြပြည်သူများ သေဆုံးခဲ့ရမှုများအတွက် တာဝန်ရှိကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဂွိုက်ဒိုသည် သမ္မတ မာဒူရိုကို အသိအမှတ်မပြုသည့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟု ကမ်းလှမ်းခဲ့သည်။ သို့သော် တပ်မတော်အကြီးအကဲသည် သမ္မတ မာဒူရိုကို အခိုင်အမာ ထောက်ခံပေးလျက်ရှိကြောင်း သိရသည်။

ဗင်နီဇွဲလားတပ်မတော်သည် စစ်ရေးလေ့ကျင့်မှုများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကိုအားဖြည့်ရန် နိုင်ငံတစ်ဝန်းတွင် ဖေဖော်ဝါရီ ၁၅ ရက်မတိုင်မီအထိ လေ့ကျင့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒို။



တောမီးငြိမ်းသတ်နေသည့် နယူးဇီလန် မီးသတ်ကယ်ဆယ်ရေးအဖွဲ့ဝင်ကို တွေ့ရစဉ်။

## နယူးဇီလန်တောမီး ရက်သတ္တပတ်အနည်းငယ်ကြာအောင် ဆက်လက်လောင်ကျွမ်းဖွယ်ရှိသည်ဟု ခန့်မှန်း

**နယူးဇီလန် ဖေဖော်ဝါရီ ၁၁**

နယူးဇီလန်၌ အကြီးအကျယ်လောင်ကျွမ်းခဲ့သည့် တောမီးသည် လာမည့်ရက်သတ္တပတ်အနည်းငယ်ကြာသည်အထိ ဆက်လက်လောင်ကျွမ်းနေလိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ သို့သော် ယင်းတောမီးသည် အခြေချနေထိုင်ရာဧရိယာများမှ ရွေ့သွားပြီဖြစ်သည့်အတွက် ကယ်ဆယ်ရွှေ့ပြောင်းမှုပြုလုပ်ထားသည့် ကျေးရွာတစ်ခုမှ ဒေသခံများ နေအိမ်သို့မကြာမီ ပြန်နိုင်တော့မည်ဖြစ်ကြောင်း မီးသတ်ကယ်ဆယ်ရေးအဖွဲ့ဝင်များက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

စနေနေ့က South Island ကျွန်းထိပ်ရှိ နယ်လ်ဆန်အပြင်ဘက် Weale-field တွင် အခြေချနေထိုင်ကြသည့် ပြည်သူ ၃၀၀၀ ခန့်တို့ကို ၎င်းတို့၏ နေအိမ်များမှ နှစ်ကီလိုမီတာအကွာခန့်တွင် မီးတောက်လောင်မှုများ ဖြစ်ပွားခဲ့သည့်အတွက် နေအိမ်များမှ ထွက်ခွာကြရန် အမိန့်ထုတ်ခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် ပြီးခဲ့သည့် ရက်သတ္တပတ်အစောပိုင်းက စတင်ဖြစ်ပွားခဲ့ပြီး သစ်တောထူထပ်သည့်ဧရိယာတွင် ပူပြင်းခြောက်သွေ့သည့် အခြေအနေက ခန့်မှန်းခြေ မြေကေပေါင်း ၂၃၀၀ ဟက်တာခန့်ကို လောင်ကျွမ်းသွားစေခဲ့ကြောင်း သိရသည်။ လတ်တလောတွင် တောမီးလောင်ကျွမ်းမှုအခြေအနေများ အနည်းငယ်လျော့ပါးသက်သာသွားပြီဖြစ်သော်လည်း မီးလောင်မှုမှာ ခန့်မှန်း၍မရနိုင်သေးကြောင်းနှင့် အခြေအနေများကို ထိန်းချုပ်နိုင်ပြီဟု ပြောဆိုရန် အချိန်မတန်သေးကြောင်း မီးသတ်ကယ်ဆယ်ရေးအဖွဲ့အကြီးအကဲ ဂျွန်ဆတ်တွန်က ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

## သတင်းထောက်ခါရှော့ဂီ၏အလောင်း မည်သည့်နေရာတွင် ရှိသည်ကို မသိရသေးကြောင်း ဆော်ဒီအာဏာပိုင်ပြော

ရီယာ့ဒ် ဖေဖော်ဝါရီ ၁၁

**ဆော်ဒီသတင်းထောက် ဂျမားလ်ခါရှော့ဂီကို သတ်ဖြတ်ခဲ့သည့် ဆော်ဒီမှ အဖွဲ့တစ်ဖွဲ့ကို ဖမ်းဆီးထိန်းသိမ်းထားပြီးဖြစ်သော်လည်း ခါရှော့ဂီ၏အလောင်း မည်သည့်နေရာတွင် ရှိသည်ကို မသိရသေးကြောင်း ဆော်ဒီဘုရင့်နိုင်ငံ၏ နိုင်ငံခြားရေး ထိပ်တန်းအရာရှိတစ်ဦးက အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့မှုကို တနင်္ဂနွေနေ့တွင် ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။**

အစိုးရကို ဝေဖန်ရေးသားမှုများပြုလုပ်သည့် သတင်းထောက် ခါရှော့ဂီသည် ပြီးခဲ့သည့် အောက်တိုဘာ ၂ ရက်က အစ္စတန်ဘူလ်ရှိ ဆော်ဒီကောင်စစ်ဝန်ရုံးအတွင်း၌ အသတ်ခံလိုက်ရပြီးနောက်တွင် ၎င်း၏အလောင်းကို အပိုင်းပိုင်းဖြတ်တောက်ခံခဲ့ရသည်။ သို့သော် ကျန်ရစ်သည့် အစိတ်အပိုင်းများကို ယခုအချိန်အထိ ရှာမတွေ့သေးပေ။

ဆော်ဒီနိုင်ငံခြားရေးဆိုင်ရာ ထိပ်တန်းအရာရှိဖြစ်သည့် အဗ္ဗဒယ် အယ်လ်ဂျူဘီယာက လူသတ်မှုကို ဆော်ဒီအာဏာပိုင်များက ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး လုပ်ပိုင်ခွင့်အာဏာပြင်ပမှ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်မှုတွင် ပါဝင်ပတ်သက်ခဲ့သူ ၁၁ ဦး ကို ဖမ်းဆီးအရေးယူထားပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းအမှုအတွက် တာဝန်ရှိသည့် ပြည်သူ့ရှေ့နေက တူရကီမှ အထောက်အထားရရှိရေး ကြိုးပမ်းခဲ့သော်လည်း မည်သည့်တုံ့ပြန်မှုမျှ မရရှိခဲ့ကြောင်း ၎င်းက ပြောသည်။ ခါရှော့ဂီ၏အလောင်း မည်သည့်နေရာတွင်ရှိကြောင်းကို တရားရင်ဆိုင်နေရသူများက အဘယ့်ကြောင့် ပြောမပြနိုင်ကြောင်းကို မေးမြန်းခဲ့ရာတွင် ဂျူဘီယာက ယင်းကိစ္စကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း အင်တာဗျူး၌ ဖြေကြားခဲ့သည်။ **အေအက်ဖ်ပီ**

ဆော်ဒီ ဘုရင့် နိုင်ငံ၏ နိုင်ငံ ခြားရေး ထိပ်တန်း အရာရှိ ဂျူ ဘီ ယာ



## မင်ဒါနာအို ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဂျပန်အကူအညီပေးအပ်ရန် ကတိပြု

**တိုကျို ဖေဖော်ဝါရီ ၁၁**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုသည် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့ပြီး မင်ဒါနာအိုကျွန်းပေါ်တွင် ငြိမ်းချမ်းရေးဖြစ်စဉ် ဖော်ဆောင်နိုင်ရန် ဂျပန်နိုင်ငံက အဆက်မပြတ် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကတိပေးအပ်ခဲ့သည်။

ကိုနိုသည် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး တီအိုဒိုရို လော့စင်နှင့် ဖိလစ်ပိုင်တောင်ပိုင်း မင်ဒါနာအိုကျွန်းပေါ်ရှိ ဒါဗာအို၌ တနင်္ဂနွေနေ့က တွေ့ဆုံဆွေးနွေးခဲ့သည်။ မင်ဒါနာအိုကျွန်းပေါ်တွင် လက်နက်ကိုင်ပဋိပက္ခများ နှစ်ပေါင်း ၄၀ ကျော်ကြာ ဖြစ်ပွားခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်တွင် ဖိလစ်ပိုင်အစိုးရနှင့် အစ္စလာမ်ခွဲထွက်ရေး စစ်သွေးကြွအဖွဲ့များသည် ငြိမ်းချမ်းရေး သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူစာချုပ်တွင် ဒေသအတွင်း၌ အစ္စလာမ်ပြည်သူများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရတစ်ရပ်ထူထောင်ရေး တောင်းဆိုထားသည်။

သို့သော်လည်း ကျွန်းပေါ်တွင် လုံခြုံရေးအခြေအနေများမှာ တည်ငြိမ်မှု မရှိသေးပေ။ ဇန်နဝါရီလအတွင်းက အဆိုပါကျွန်းပေါ်တွင် ဗုံးခွဲတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ပြီး လူ ၂၀ ကျော် သေဆုံးခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**



ပင်တဂွန်အကြီးအကဲ ပက်ထရစ် ရှာနာဟန် အာဖဂန်သို့ ရောက်ရှိလာစဉ်။

## ပင်တဂွန်အကြီးအကဲ ပက်ထရစ်ရှာနာဟန် အာဖဂန်ရောက်ရှိ

**ကဘူးလ် ဖေဖော်ဝါရီ ၁၁**

ပင်တဂွန်အကြီးအကဲအဖြစ် ခေတ္တဆောင်ရွက်လျက်ရှိသည့် ပက်ထရစ် ရှာနာဟန်သည် တနင်္လာနေ့တွင် ကြိုတင်ကြေညာထားခြင်းမရှိဘဲ အာဖဂန်သို့ အလည်အပတ်ရောက်ရှိခဲ့ကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စုက တာလီဘန်စစ်သွေးကြွများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဦးဆောင်ကျင်းပနေချိန်တွင် ရှာနာဟန်၏ အာဖဂန်ခရီးစဉ် ပေါ်ထွက်လာခဲ့သည်။

ပြီးခဲ့သည့်လက အမေရိကန်နှင့် တာလီဘန်အဖွဲ့မှ အာဏာပိုင်များက ကာတာ၌ အဓိကဆွေးနွေးပွဲများ ကျင်းပခဲ့ပြီးနောက်တွင် အလျင်စလို သဘောတူညီမှုများမပြုလုပ်ရန် သတိပေးခဲ့သည့် အာဖဂန်သမ္မတ အက်ရှရက်ဖ်ဂါနီနှင့်အတူ တွေ့ဆုံဆွေးနွေးသွားရန် ပင်တဂွန်အကြီးအကဲ ရှာနာဟန်က ပြင်ဆင်ထားကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အာဖဂန်၌ အမေရိကန်ပါဝင်ပတ်သက်မှုကို အဆုံးသတ်ရန် လုပ်ဆောင်လျက်ရှိသည်။ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၁၄၀၀၀ ကို အာဖဂန်၌ ဆက်လက်ချထားဆဲဖြစ်ပြီး တာလီဘန်နှင့် ကဘူးလ်အစိုးရအကြား ခိုင်မာသည့်ငြိမ်းချမ်းရေးတစ်ရပ်ကို အာမခံနိုင်ခြင်းမရှိသေးမီ အမေရိကန်တပ်ဖွဲ့ဝင်များ ထွက်ခွာသွားမည့်အရေးကို အာဖဂန်၌ စိုးရိမ်မှုများရှိနေကြောင်း အေအက်ဖ်ပီသတင်း၌ ဖော်ပြထားသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်-တရုတ် ကုန်သွယ်ရေးဆွေးနွေးပွဲများ ပေကျင်း၌ ဆက်လက်ကျင်းပသွားမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံအကြား ဖြစ်ပွားနေသည့် ကုန်သွယ်ရေးဆိုင်ရာ ပဋိပက္ခများ အဆုံးသတ်စေရေးအတွက် နောက်တစ်ကျော့ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပနေကြောင်း သိရသည်။

ဆွေးနွေးပွဲများတွင် အာရုံစိုက်သွားမည့်အချက်များမှာ ဉာဏဆိုင်ရာမူပိုင်ခွင့်များနှင့် အမေရိကန်နှင့် သက်ဆိုင်သည့် အခြားသော အကြောင်းကိစ္စတို့နှင့် ပတ်သက်၍ တရုတ်နိုင်ငံက မည်မျှအတိုင်းအတာအထိ လိုက်လျောသွားမည်ဆိုသည်ကို အဓိကအာရုံစိုက်လျက်ရှိသည်။

နှစ်နိုင်ငံလုံးမှ ကုန်သွယ်ရေးဆိုင်ရာ ထိပ်တန်းအာဏာပိုင်များသည် ဇန်နဝါရီလနှောင်းပိုင်းက ဝန်ကြီးများအဆင့် ဆွေးနွေးခဲ့မှု၏ နောက်ဆက်တွဲအနေဖြင့် တနင်္လာနေ့တွင် စတင်ဆွေးနွေးခဲ့ကြသည်။ နောက်ထပ် ဝန်ကြီးများအဆင့် ဆွေးနွေးပွဲများကို လာမည့်ဖေဖော်ဝါရီ ၁၄ နှင့် ၁၅ ရက်တို့တွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### အမေရိကန်တပ်ဖွဲ့ဝင်များကို လာမည့်ရက်သတ္တပတ် အနည်းငယ်အတွင်း ဆီးရီးယားမှရုပ်သိမ်းဖွယ်ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

အမေရိကန်သည် ဆီးရီးယားတွင် ချထားသည့် တပ်ဖွဲ့ဝင်များကို လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း စတင်ရုပ်သိမ်းသွားဖွယ်ရှိကြောင်း ထိပ်တန်းအုပ်ချုပ်ရေးအရာရှိတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းဒေသနှင့် အာဖဂန်တို့၌ တပ်ဖွဲ့ဝင်များအား ကြီးကြပ်အုပ်ချုပ်နေသည့် အမေရိကန် ဗဟိုညွှန်ကြားမှုအဖွဲ့မှ အုပ်ချုပ်ရေးအကြီးအကဲ ဗိုလ်ချုပ်ကြီး ဂျိုးဆက် ဗိုတယ်လ်က အရှေ့အလယ်ပိုင်းဒေသဆီသို့ သွားရောက်သည့် စစ်လေယာဉ်တစ်စင်းပေါ်တွင် တပ်ဖွဲ့ရုပ်သိမ်းရေးကိစ္စနှင့် ပတ်သက်၍ မီဒီယာများသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

လူများကို ရွှေ့ပြောင်းခြင်းက ပစ္စည်းကိရိယာများကို ရွှေ့ပြောင်းခြင်းထက် ပိုမိုလွယ်ကူကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

ဒီဇင်ဘာလအတွင်း ထရမ့်က အိုင်အက်စ်စစ်သွေးကြွများ အကြီးအကျယ်ရှုံးနိမ့်ခဲ့မှုကို ကိုးကားလျက် အမေရိကန်တပ်ဖွဲ့ဝင်များကို ဆီးရီးယားမှ ရုပ်သိမ်းမည့် ဆုံးဖြတ်ချက်ကို ကြေညာခဲ့သည်။

**ဆင်ဟွာ**

# ခွဲထွက်ရေးကို ဆန့်ကျင်ကြသူများ

**ကလျာမိုးမြင့်**

**ကက်တလိုနီးယားဒေသအတွင်းမှာ ဖြစ်ပွားနေတဲ့ တင်းမာမှုတွေ လျှော့ပါးစေဖို့ စပိန်အစိုးရက ချမှတ်လိုက်တဲ့ အစီအစဉ်တစ်ရပ်ကို လက်ယာယိမ်းအဖွဲ့အစည်းတွေက မလိုလားတဲ့အတွက် ထောင်နဲ့ချီတဲ့ ဆန္ဒပြပြည်သူတွေ ဆန္ဒပြပွဲလုပ်ဖို့ မက်ဒရစ်မြို့ပေါ် စုဝေးချီတက်ခဲ့ကြပါတယ်။**



ခွဲထွက်ရေးအုပ်စုများနှင့် ဆွေးနွေးပွဲပြုလုပ်မည့် အစိုးရ၏အစီအစဉ်ကို ကန့်ကွက်သည့် ဆန္ဒပြပြည်သူများကို တွေ့ရစဉ်။

စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်ချက်ဇ်က ဆွေးနွေးပွဲတွေအတွက် အစီရင်ခံသူ ကိုယ်စားလှယ်တစ်ဦးကို ထားရှိဖို့ ခွဲထွက်ရေးအုပ်စုတွေကို ကမ်းလှမ်းလိုက်တာကြောင့် ဒီကမ်းလှမ်းချက်ကို ကန့်ကွက်တဲ့အနေနဲ့ ဗဟိုလက်ယာယိမ်းပါတီဖြစ်တဲ့ ပေါ်ပြူလာပါတီ (PP) နဲ့ Ciudadanos လို့ခေါ်တဲ့ ဒေသခံအုပ်စုတွေက ဆန္ဒပြပွဲတွေ ပြုလုပ်ဖို့ တိုက်တွန်းလိုက်ခြင်းပဲ ဖြစ်ပါတယ်။

**လက်နက်ချအညံ့ခံသည့် ကမ်းလှမ်းမှုလို့ယူဆ**

လက်ယာယိမ်းအုပ်စုက ဒီကမ်းလှမ်းမှုကို သစ္စာဖောက်ဖျက်မှုတစ်ခု၊ လက်နက်ချအညံ့ခံမှုတစ်ခုလို့ ယူဆနေပါတယ်။ ပြီးတော့ ခွဲထွက်ရေးအုပ်စုတွေဟာ ဒီကမ်းလှမ်းမှုကို လက်မခံခဲ့ပါဘူး။

လက်ယာယိမ်းအုပ်စုလိုပဲ လက်ရှိအာဏာရဆိုရှယ်လစ်ပါတီဟာဆိုရင်လည်း ကက်တလိုနီးယားလွတ်လပ်ရေးကို ကန့်ကွက်နေပါတယ်။

ဆန္ဒပြသူတွေထဲမှာ Vox ပါတီအပါအဝင် လက်ယာစွန်းရောက်အုပ်စုတွေလည်းပဲ ပါဝင်ခဲ့ပြီး ညီညွတ်တဲ့ စပိန်နိုင်ငံအတွက် ယခုပဲ ရွေးကောက်ပွဲတွေကျင်းပဆိုတဲ့ ကြွေးကြော်သံအောက်မှာ ဆန္ဒဖော်ထုတ်ခဲ့ကြပါတယ်။ စပိန်ရဲ့မြို့တော်ရှိ ကိုလွန်စကွဲယားရင်ပြင်နဲ့ အနီးအနားလမ်းတွေပေါ်မှာ ဆန္ဒပြသူတွေနဲ့ ပြည့်နှက်လျှံထွက်လို့နေပါတယ်။ ဆန္ဒပြသူအများစုက စပိန်ရေရှည်တည်တံ့ပါစေလို့ ကြွေးကြော်နေကြပြီး တွမ်ဂျုံးစ်နဲ့ လေဒီဂါဂါ သီဆိုထားတဲ့ တေးသီချင်းတွေကို အော်ဆိုခဲ့ကြပါတယ်။ ရဲတွေက ဆန္ဒဖော်ထုတ်သူအရေအတွက် စုစုပေါင်း ၄၅၀၀၀ ရှိတယ်လို့ ဖော်ပြခဲ့ပါတယ်။

**စပိန်ကိုသစ္စာဖောက်ခြင်းလား**

မကြာသေးမီရက်ပိုင်းအတွင်းကပဲ အစိုးရက ခွဲထွက်ရေးအုပ်စုနဲ့ စားပွဲဝိုင်းဆွေးနွေးပွဲတွေလုပ်မယ်၊ ပြီးတော့ အစည်းအဝေးတိုးတက်မှုအဆင့်ဆင့်ကို အစီရင်ခံမယ့် အထူးကိုယ်စားလှယ်တစ်ဦးကို ခန့်အပ်ထားရှိမယ်ဆိုပြီး ကမ်းလှမ်းလိုက်တော့ ခွဲထွက်ရေးကို လက်မခံတဲ့ပြည်သူတွေက ဆန္ဒပြနေကြတာ ဖြစ်ပါတယ်။ အစိုးရက ကက်တလိုနီးယားမှာဖြစ်နေတဲ့ တင်းမာမှုတွေကို လျှော့ပါးသက်သာစေမယ့် အစီအစဉ်လို့ အမည်တပ်ခဲ့လင့်ကစား ပြည်သူတွေကတော့ စပိန်ကိုသစ္စာဖောက်ဖို့ လုပ်နေတဲ့ ကမ်းလှမ်းချက်လို့ပဲ ထင်မြင်ယူဆလျက်ရှိပါတယ်။

**ရွေးကောက်ပွဲတွေ ဆက်လုပ်စေချင်**

ဆန္ဒပြပြည်သူတွေအနေနဲ့ လာမယ့် ၂၀၂၀ အတွက် လတ်တလော အစီအစဉ်ရေးဆွဲထားတဲ့ ရွေးကောက်ပွဲတွေကိုလည်း ဖြစ်မြောက်အောင် ဆက်လုပ်သွားစေချင်နေပါတယ်။ ဆန္ဒပြသူတစ်ဦးက မစ္စတာ ဆန်ချက်ဇ်ဟာ စပိန်ကိုသစ္စာဖောက်နေတာ၊ ၎င်းဟာ စပိန်အစိုးရအဖွဲ့ အကြီးအကဲတစ်ဦးဖြစ်ဖို့ မထိုက်တန်ဘူးလို့ ၎င်းရဲ့သဘောထားကို ထုတ်ဖော်ခဲ့ပါတယ်။

ပေါ်ပြူလာပါတီခေါင်းဆောင် ပါဗလိုကာဆာဒိုက လူထုကို မိန့်ခွန်းပြောကြားရာမှာ မစ္စတာ ဆန်ချက်ဇ်ရဲ့မူဝါဒက ဆိုရှယ်လစ်ဆန်တဲ့ အညံ့ခံမှုတစ်ခုပဲလို့ ပြောဆိုခဲ့ပါတယ်။

ပြီးတော့ ဆန်ချက်ဇ်ရဲ့ ခေတ်ကုန်သွားပြီ။ ဆန္ဒပြပွဲတွေကလည်း အရှိန်အဟုန်အမြင့်ဆုံးကို ရောက်နေပြီ။ စည်းချက်ကျပြီး တရားမျှတမှုတွေ စပိန်ကို တစ်ကျော့ပြန်လာဖို့ အစပျိုးခြင်းဖြစ်တယ်လို့ မစ္စတာ ကာဆာဒိုက လူထုအလယ်မှာ ပြောခဲ့တာ ဖြစ်ပါတယ်။

**အစိုးရဘက်ကပြောစကား**

ဒေသရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးတဲ့ အစည်းအဝေးတစ်ခုမှာ မစ္စတာ ဆန်ချက်ဇ်က ၎င်းရဲ့ဆိုရှယ်လစ်ပါတီဟာ စကားပြောဆိုဆွေးနွေးဖို့ဆိုတဲ့ဘက်မှာပဲ အမြဲရှိနေခဲ့တယ်။ ပေါ်ပြူလာပါတီ (PP) ကြောင့် ပိုဆိုးလာတဲ့ပဋိပက္ခကို ဖြေရှင်းဖို့ အစိုးရက အခုကြိုးစားနေတာလို့ ဆိုပါတယ်။ သို့သော်လည်း စကားပြောဆိုဆွေးနွေးဖို့ မူဘောင်ချမှတ်ထားတာတွေကို ခွဲထွက်ရေးအုပ်စုတွေက ငြင်းဆန်လိုက်တယ်လို့ အစိုးရက သောကြာနေ့မှာ ကြေညာခဲ့ပါတယ်။

ဒုတိယဝန်ကြီးချုပ် ကာမန်ကယ်လ်ဗိုလ်က အခြေအနေတွေ ရပ်တန့်သွားပြီ။ ခွဲထွက်ရေးသမားတွေက တောင်းဆိုနေတဲ့ လွတ်လပ်ရေးအတွက် ရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးဖို့ဆိုတာဟာ လက်ခံနိုင်စရာမရှိဘူးလို့ ပြောပါတယ်။ ဘာပဲဖြစ်ဖြစ် ခွဲထွက်ရေးသမားတွေကတော့ အစိုးရက စကားပြောဆိုဆွေးနွေးမယ့် အခွင့်အရေးကို ၎င်းကိုယ်တိုင် လက်လွှတ်ခံလိုက်တာလို့ စွပ်စွဲနေကြပါတယ်။

**နောက်ကွယ်မှာဘာတွေရှိ**

မစ္စတာ ဆန်ချက်ဇ်ဟာ လူနည်းစုအစိုးရအဖွဲ့တစ်ရပ်ကို ဦးဆောင်နေတာဖြစ်ပြီး အဲဒီအစိုးရအဖွဲ့ဟာ ကက်တလန်အမျိုးသားရေးဝါဒီအုပ်စု အပါအဝင် အခြားပါတီတွေရဲ့ ထောက်ခံအားပေးမှုကို အားထားနေရတာဖြစ်ပါတယ်။ ၎င်းရဲ့အစိုးရအဖွဲ့ဟာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမှုကို ဦးတည်လာစေမယ့် ၂၀၁၉ ခု ဘတ်ဂျက်အဆိုပြုချက်နဲ့ပတ်သက်ပြီး အဓိကကျတဲ့ မဲခွဲဆုံးဖြတ်မှုကို ရင်ဆိုင်နေရပြီး ကက်တလန်အမျိုးသားရေးဝါဒီအုပ်စုတွေက ဘတ်ဂျက်အဆိုပြုချက်နဲ့ပတ်သက်လို့ ၎င်းတို့ရဲ့ ထောက်ခံပေးဖို့ဟာ မစ္စတာ ဆန်ချက်ဇ်က ခွဲထွက်ရေးအုပ်စုတွေကို ကမ်းလှမ်းတဲ့ ဆွေးနွေးပွဲတွေမှာ ခွဲထွက်ရေး ပါ မပါဆိုတဲ့ အပေါ်မူတည်တယ်လို့ ဆိုပါတယ်။

**ပါတီသုံးခုအာဏာရ**

သို့သော်လည်းပဲ မစ္စတာ ဆန်ချက်ဇ်ကတော့ ကက်တလိုနီးယားခွဲထွက်ရေး ရွေးကောက်ပွဲတစ်ရပ် ကျင်းပဖို့အလားအလာကို ဖယ်ထုတ်လိုက်ပြီဖြစ်ပါတယ်။ မဲရလဒ်တွေအရ အထွေထွေရွေးကောက်ပွဲမှာ ပေါ်ပြူလာပါတီ၊ Ciudadanos နဲ့ Vox ပါတီတွေက မဲအများစုနဲ့ အနိုင်ရဖွယ်ရှိနေ ပါတယ်။ ဒီပါတီသုံးခုဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာလမှာ တုန်းက တောင်ပိုင်းအန်ဒါလူစီယာဒေသမှာ အတူတကွအာဏာရရှိခဲ့ပြီး ၃၆ နှစ် သက်တမ်းကြာအောင် အာဏာရလာခဲ့တဲ့ ဆိုရှယ်လစ်အုပ်စုတွေကို ဖယ်ထုတ်ပစ်လိုက်နိုင်ခဲ့ပါတယ်။

**ဖမ်းဆီးထိန်းသိမ်း**

မက်ဒရစ်က တိုက်ရိုက်အုပ်ချုပ်တဲ့ ခုနစ်လတာ အချိန်ကာလ ပြီးဆုံးပြီးနောက်မှာ ကက်တလိုနီးယားအမျိုးသားရေးဝါဒီတွေက ဘာစီလိုနာမှာ အာဏာပြန်ရလာခဲ့ပါတယ်။ လွတ်လပ်ရေးကို ထောက်ခံတဲ့ လှုပ်ရှားမှုတွေနဲ့အတူ ညှိနှိုင်းဆွေးနွေးမှုတွေပြုလုပ်ခဲ့တဲ့ အဲဒီအချိန်မှာပဲ မစ္စတာ ဆန်ချက်ဇ် ဝန်ကြီးချုပ်ဖြစ်လာတယ်။ ပြီးခဲ့တဲ့နှစ်က ခွဲထွက်ရေးကို ထောက်ခံတဲ့ ခေါင်းဆောင်တွေကို သွေးထိုးလှုံ့ဆော်မှုနဲ့ စပိန်အစိုးရက ဖမ်းဆီးထိန်းသိမ်းလိုက်ပြီးနောက် တင်းမာမှုတွေဟာ အမြင့်ဆုံးအခြေအနေမှာ ဆက်လက်ရှိနေခဲ့ပါတယ်။ ခေါင်းဆောင်တွေထဲက အချို့ကို လာမယ့် ရက်သတ္တပတ်ထဲမှာ ကြားနာစစ်ဆေးဖို့ရှိပြီး ထောင်ဒဏ် ၂၅ နှစ်နဲ့အထက် ကျခံရနိုင်တယ်လို့ သိရပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ ဘီဘီစီ**

> **“အစိုးရက ကက်တလိုနီးယားမှာဖြစ်နေတဲ့ တင်းမာမှုတွေကို လျှော့ပါး သက်သာစေမယ့်အစီအစဉ်လို့ အမည်တပ်ခဲ့လင့်ကစား ပြည်သူတွေကတော့ စပိန်ကိုသစ္စာဖောက်ဖို့ လုပ်နေတဲ့ ကမ်းလှမ်းချက်လို့ပဲ ထင်မြင်ယူဆလျက်ရှိ”**

# ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ စာအောင်ဆုနှင်းသဘင် ကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၁၁**

ကရင်ပြည်နယ်အတွင်းမှ စာအောင်သံဃာတော်များအား ချီးမြှင့်ပူဇော်သည့် စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ဖေဖော်ဝါရီ ၈ ရက်က ဘားအံမြို့ဇွဲကပင်ခန်းမ၌ ကျင်းပခဲ့သည်။

စာအောင်ဆုနှင်းသဘင်တွင် ပြည်နယ်သံဃနာယက မြိုင်သဇင်ဆရာတော်က ဩဝါဒကထာ ပရိသတ်များအား သီလ ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ပြည်နယ်ဝန်ကြီးများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ကရင်ပြည်နယ် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြပြီး ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဝန်ကြီးများက စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆု အလှူငွေများ ဆက်ကပ်လှူဒါန်းကာ ဆုနှင်းသဘင်အခမ်းအနား အပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့သည်။


ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။

စာအောင်ဆုနှင်းသဘင် အခမ်းအနားတွင် ဓမ္မာစရိယကျမ်းပြီး သံဃာတော်တစ်ပါး၊ သီလရှင် တစ်ပါး၊ နိကာယ်ငါးရပ်ကျမ်းပြီး သံဃာခြောက်ပါး၊ ပထမကြီးတန်းအောင် သံဃာတော် ရှစ်ပါးနှင့် သီလရှင် နှစ်ပါး၊ ပထမလတ်တန်းအောင် သံဃာ ၁၇ ပါးနှင့် သီလရှင် နှစ်ပါး၊ ပထမငယ်တန်းအောင် သာမဏေ ၄၆ ပါးနှင့် သီလရှင် နှစ်ပါး၊ အခြေပြု မူလတန်းအောင် သာမဏေ ၈၅ ပါးနှင့် သီလရှင် ရှစ်ပါး၊ စုစုပေါင်း စာအောင်သံဃာနှင့် သာမဏေ ၁၆၁ ပါးနှင့် သီလရှင် ၁၅ ပါးအား စာအောင်ဆုများ ချီးမြှင့်ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မန္တလေးမြို့၌ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်ဆရာဝန်များ ညီလာခံကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၁**

မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)၏ ရတနာပုံခန်းမ၌ (၂၆)ကြိမ်မြောက် နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်ဆရာဝန်များညီလာခံကို ဖေဖော်ဝါရီ ၇ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းသည် နိုင်ငံ၏ကျန်းမာရေးကို စောင့်ရှောက်ခြင်းဖြစ်သည်ဟု ခံယူပါကြောင်း၊ ပြည်သူများကျန်းမာမှ နိုင်ငံအတွက်အလုပ်လုပ်နိုင်သည့်အင်အားစု တိုးတက်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။


ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် လိုက်လံကြည့်ရှုစဉ်။

"ကျေးလက်နေ ပြည်သူတွေဟာ သူတို့ဒေသမှာ သူတို့လက်လှမ်းမီတဲ့ ကျေးလက်ဆေးပေးခန်းလေးတွေ ရှိစေချင်ကြပါတယ်၊ ဒါဟာပြည်သူ့ဆန္ဒပါ။ နိုင်ငံတော်အနေနဲ့ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအတွက် ဘတ်ဂျက်တွေတိုးပြီး ဆောင်ရွက်နေသလို တည်ဆောက်ရေးလုပ်ငန်း၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်း၊ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်နေပါတယ်"ဟုလည်း ဝန်ကြီးချုပ်က ညီလာခံတွင် ပြောကြားခဲ့သည်။

ညီလာခံတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်မြင့်၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာယုယုလွင်နှင့် တွဲဖက်ပါမောက္ခ ဒေါက်တာမိုးသီတာလွင်တို့က ညီလာခံကျင်းပသည့် ရည်ရွယ်ချက်များ၊ ကုသရေးနှင့် ဆေးပညာရပ်ဆိုင်ရာကဏ္ဍများ တိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စည်ပင်သာယာရေးဝန်ကြီးက ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများကို လိုက်လံကြည့်ရှုခဲ့သည်။

ညီလာခံ၌ ပညာရှင်များ၏ ဆေးပညာရပ်ဆိုင်ရာ ဆွေးနွေးချက်များမှရရှိလာသော အသိပညာနှင့် အတွေ့အကြုံများဖြင့် ပြည်သူများ၏ကျန်းမာရေးကို ပိုမိုစောင့်ရှောက်ပေးနိုင်ရန် မျှော်မှန်းကာ ညီလာခံကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ မန္တလေးမြို့တွင် ညီလာခံ ပြုလုပ်ခြင်းမှာ ယခုအကြိမ်သည် သုံးကြိမ်မြောက်ဖြစ်ကြောင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်ဆရာဝန်များအဖွဲ့သည် မြန်မာနိုင်ငံဆရာဝန်အသင်း၏ အသင်းခွဲဖြစ်သည်နှင့်အညီ ဆရာဝန်အသင်း၏ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်များအတိုင်း ၁၉၇၀-၁၉၇၁ ခုနှစ်က အဖွဲ့ကို စတင်တည်ထောင်ခဲ့ရာ ယခုအခါ ၄၈ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

**အောင်စံမောင်**

# ကလေးဝပြည်သူ့ဆေးရုံ အဆောက်အအုံသစ် ဖွင့်လှစ်

**ကလေးဝ ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံ အဆောက်အအုံသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲတွင် ဆေးရုံအဆောက်အအုံသစ်ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်နှင့် မြို့မိမြို့ဖ ဦးဘိုထိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် ဝန်ကြီးချုပ်က အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။ ထို့နောက် ဝန်ကြီးချုပ်က ဆေးရုံအတွင်းရှိ ဓာတ်မှန်ခန်းများနှင့် ဆေးပစ္စည်းသိုလှောင်ခန်းများတွင် ပြည့်စုံမှုရှိမရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆေးကုသမှုခံယူနေသော လူနာများကိုလည်း တွေ့ဆုံအားပေးကာ အစားအစာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **ထွန်းကိုကို(ယင်းမာပင်)**


တိုင်းဒေသကြီးဝန်ကြီးချုပ်က လူနာတစ်ဦးအား အာဟာရဖြည့်အစားအသောက်များ ထောက်ပံ့ပေးစဉ်။

# နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီးမှ ကျေးရွာများသို့ ကွင်းဆင်းအခမဲ့ ဆေးကုသပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီးမှ တိုင်းရင်းဆေး ဝန်ထမ်းများသည် ကျေးရွာများသို့ ကွင်းဆင်း၍ အခမဲ့ ဆေးကုသမှုကို ဖေဖော်ဝါရီ ၉ ရက်က ဇေယျာသီရိ မြို့နယ် ရှမ်းရွာတွင် ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**



ယခုကဲ့သို့ ကွင်းဆင်းဆေးကုသမှုပြုရာတွင် နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီးမှ အကြီးတန်း တိုင်းရင်းဆေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမော်နှင့် တိုင်းရင်းဆေးဝန်ထမ်း ၁၂ ဦးတို့မှ ရှမ်းရွာ ရာအိမ်မှူးနှင့် ရပ်မိရပ်ဖများ၏ ကူညီပံ့ပိုးမှုဖြင့် ဒေသခံများ ခံစားလျက်ရှိသော သွေးတိုး၊ လေငန်း၊ ကလေးသူငယ်နာ၊ အနာပေါက်၊ အရိုးအဆစ်၊ ကျိုးပေါင်း စသည့် ဝေဒနာများကို အခမဲ့ စမ်းသပ်ကုသပေးပြီး ဆေးရုံတက်ရောက်ရမည့် လူနာများကို ညွှန်ပို့ ဆောင်ရွက်ပေးခဲ့သည်။

နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီးသည် ပုဗ္ဗသီရိ မြို့နယ် ရာဇသင်္ဂဟလမ်း၏ ရာဇသင်္ဂဟ အိမ်ရာ၊ အမှတ်(၂)နှင့် ပတ္တာနယ်မြေ ရဲစခန်းအနီးတွင်တည်ရှိ၍ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်အသီးသီးမှ မည်သူမဆို အခမဲ့တက်ရောက် ကုသနိုင်ကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

# မြို့သစ်၌ အခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲကျင်းပ

**မြို့သစ် ဖေဖော်ဝါရီ ၁၁**

မကွေးခရိုင် မြို့သစ်မြို့နယ် ရွှေပန်းအုပ်စု ရိုးကူးကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဖွင့်ပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဖေဖော်ဝါရီလပထမပတ်က အဆိုပါ ကျောင်းဝင်းအတွင်း ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် တာဝန်ရှိသူများက ရိုးကူးကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဆိုင်းဘုတ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ **(အောက်ဝဲပုံ)**




ဆက်လက်၍ မကွေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ရိုးကူးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း (ခွဲ) ဖြစ်စဉ်က ကာယဉာဏဆု ရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့ပြီး ရွှေပန်းအုပ်စု ရိုးကူး ကျေးရွာ အခြေခံပညာမူလတန်း ကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

# ကန်ပက်လက်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မှုများ ကွင်းဆင်းစစ်ဆေး

**ကန်ပက်လက် ဖေဖော်ဝါရီ ၁၁**

ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရဲမင်းကျော်နှင့် ခရိုင်ဦးစီးမှူး ဦးကျော်ကျော် တို့သည် ဖေဖော်ဝါရီ ၇ ရက်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းနှင့် မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုများ ဖြစ်သည့် ကန်ပက်လက်မြို့နယ် လွန်ဒုံဖြူးတွင်းကျင်းကျေးရွာ ဆောချောင်းကူးတို့တံတား (၁၃၀ ပေ x ၄ ပေ)နှင့် ကန့်သာရုံကျေးရွာ၊ ပါကွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ယာဉ်ကြောဆိုင်ရာစီမံခန့်ခွဲမှု တတိယမြောက် အသေးစားစီမံကိန်း ကမ္ဘာအေးဘုရားကားမှတ်တိုင်၌ အကောင်အထည်ဖော်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

အများပြည်သူသယ်ယူပို့ဆောင်ရေး ဘတ်စ်ကား ဝန်ဆောင်မှုကို အဆင့်မြှင့်တင်သည့်စီမံကိန်း၏ ကဏ္ဍတစ်ရပ်အဖြစ်ပါဝင်သည့် ယာဉ်ကြောဆိုင်ရာစီမံခန့်ခွဲမှု အသေးစားစီမံကိန်းကို ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ ကမ္ဘာအေးဘုရားမှတ်တိုင်၌ ဖေဖော်ဝါရီ ၁၃ ရက်မှ စတင်ကာ တတိယမြောက်စီမံကိန်းအဖြစ် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာအေးဘုရားရှေ့တွင် ယာဉ်ပိတ်ဆို့မှုများကို ဖယ်ရှားနိုင်ရန်ရည်ရွယ်ချက်ဖြင့် ပြုလုပ်မည့် အဆိုပါ စီမံကိန်းတွင် ဘတ်စ်ကားများ လူအတင်အချလုပ်မည့် နေရာများကို စီစဉ်သတ်မှတ်ပေးခြင်း၊ လက်ရှိ ရှိနေသော လူကူးခုံးကျော်တံတားကို ပိုမိုအသုံးပြုစေရန်နှင့် ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် လက်ကမ်းစာစောင်ဝေငှခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ယာဉ်များ ချောမွေ့စွာသွားလာနိုင်ရန်နှင့် ပြည်သူများ ဘေးကင်းစေရန် ရည်ရွယ်ပြုလုပ်သည့် အဆိုပါ ယာဉ်ကြောဆိုင်ရာစီမံခန့်ခွဲမှုတွင် ခရီးသွားပြည်သူများအတွက် ယာဉ်ပေါ်တက်ရမည့်နေရာကို ဘတ်စ်ကားလမ်းကြောင်းအလိုက် ခွဲထားပြီး မိမိစီးနင်းမည့် ဘတ်စ်ကားလိုင်းအတွက် သတ်မှတ်နေရာတွင်သာ စောင့်ဆိုင်းပေးရမည်ဖြစ်သည်။ အဆိုပါ မှတ်တိုင်ဧရိယာအတွင်း ပါဝင်သည့် ယာဉ်လိုင်းအမှတ်များမှာ ဝိုင်ဘီအက်စ် - ၈၃၊ ၉၉၊ ၆၊ ၇၉၊ ၆၄၊ ၃၆၊ ၄၃၊ ၁၀၊ ၂၈၊ ၈၈၊ ၉၆၊ ၅၅၊ ၃၀ နှင့် Airport Shuttle Bus စသော ယာဉ်လိုင်း ၁၄ လိုင်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်မြို့တော်ခန်းမအနီး ဆူးလေမှတ်တိုင်၌ ဒုတိယ အသေးစားစီမံကိန်းကို ဇန်နဝါရီလအတွင်းက ပြုလုပ်စဉ်။

အများပြည်သူသယ်ယူပို့ဆောင်ရေး ဘတ်စ်ကား ဝန်ဆောင်မှု အဆင့်မြှင့်တင်သည့် ကနဦးစီမံကိန်းကို ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းက ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလလမ်းမပေါ်၌ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဒုတိယမြောက် အသေးစားစီမံကိန်းကို ယခုနှစ် ဇန်နဝါရီလအတွင်းက မြို့တော်ခန်းမအနီးရှိ ဆူးလေကားမှတ်တိုင်တွင် ပြုလုပ်ခဲ့ကာ ယခု ကမ္ဘာအေးမှတ်တိုင်၌ပြုလုပ်သော စီမံကိန်းသည် တတိယမြောက်စီမံကိန်းဖြစ်သည်။ အဆိုပါ စီမံကိန်းသည် JICA မှထောက်ပံ့ပေးသော စီမံကိန်းတစ်ခုလည်းဖြစ်ပြီး Bottleneck Removal Pilot Project in FS on Yangon Urban Infrastructure Sector Loan Project နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# ကော့သောင်းမြို့ ဆိပ်ကမ်းသာပန်းခြံအတွင်း၌ ကလေးကစားကွင်းပစ္စည်းများ တပ်ဆင်



တပ်ဆင်မှုပြီးစီးတော့မည့် ကလေးကစားကွင်းပစ္စည်းများ။

**ကော့သောင်း ဖေဖော်ဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ မြို့နေပြည်သူများ အနားယူ အပန်းဖြေရန်နှင့် ကလေးများ ဆော့ကစားနိုင်ရန်အတွက် ကမ်းနားလမ်းရှိ ဆိပ်ကမ်းသာပန်းခြံထဲ၌ ကလေးကစားကွင်းပစ္စည်းများကို ဖေဖော်ဝါရီ ၁၁ ရက်မှစ၍ တပ်ဆင်လျက်ရှိကြောင်း သိရသည်။

အဆိုပါပန်းခြံသည် နိုင်ငံခြားခရီးသွားဧည့်သည်များနှင့် ပြည်တွင်းမှ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ပြီး အမှတ်တရဓာတ်ပုံရိုက်ကူးသော သာယာလှပသည့် နေရာတစ်ခုဖြစ်သလို မြို့နေပြည်သူများ အနားယူ အပန်းဖြေရာနေရာလည်းဖြစ်သဖြင့် ပန်းခြံထဲ၌ နိုင်ငံတော်မှ ငွေကြေးအကုန်အကျခံကာ နားနေဆောင်ငယ်များ၊ ကျန်းမာရေးလေ့ကျင့်ရန် ကိရိယာများ ထားရှိပေးထားသလို ပန်းအလှပင်များ၊ မြက်ခင်းများလည်း စိုက်ပျိုးပေးထားကြောင်း၊ ယခု ကလေးငယ်များ ကျန်းမာဖွံ့ဖြိုးရေးနှင့် ပျော်ရွှင်စွာ ဆော့ကစားနိုင်ရန်အတွက် ကလေးကစားကွင်း ပစ္စည်းများကို တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၆၀ ကျော်ဖြင့် ထပ်မံတပ်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။

ကလေးကစားကွင်း ပစ္စည်းများကို မြို့နယ် စည်ပင်သာယာရေးကော်မတီက ကြီးကြပ်၍ Star Guide ကုမ္ပဏီက တာဝန်ယူ တပ်ဆင်နေခြင်းဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် အဆိုပါပန်းခြံအပြင် အခြား မြို့သာယာလှပရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ကျောင်းကုန်းမြို့၌ (၇၁)နှစ်မြောက် ကရင်အမျိုးသားနေ့အခမ်းအနားကျင်းပ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဇျိုက်ကျေးရွာအုပ်စု အနောက်စုရွာ၌ (၇၁)နှစ်မြောက် ကရင်အမျိုးသားနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လုံးဆိုင်ရာ ကရင်အမျိုးသားအလံတော် လွှင့်တင်အလေးပြုကြပြီး ကရင်အမျိုးသားနေ့ ဖြစ်ပေါ်လာပုံကို စောဝင်းရွှေက ရှင်းလင်းပြောကြားကာ KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ၊ KNLA နှင့် ကရင်အမျိုးသမီးအစည်းအရုံး(KWO)တို့မှ ပေးပို့သော သဝဏ်လွှာများကို ဖတ်ကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထိန်ဝင်း၊ KNU မှ ဖဒိုနော်မြိုင်ဖိုးနှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးနိုင်တို့က အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ဒေသခံ သွေးလှူရှင်များအား ဂုဏ်ပြုပွဲကို ဆက်လက်ကျင်းပပြီး ဇျိုက်နှင့် တံခွန်တိုင် ကျေးရွာအုပ်စုအတွင်းရှိ အိုင်သီ္ဂ+အယ်သီ္ဂ သွေးလှူရှင်အဖွဲ့(၁) နှင့် အစုကြီးကျေးရွာအုပ်စုရှိ အိုင်သီ္ဂ+အယ်သီ္ဂ သွေးလှူရှင်အဖွဲ့(၂)တို့မှ အဖွဲ့ဝင် သွေးလှူရှင် ၁၇၂ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ အိုင်သီ္ဂ+အယ်သီ္ဂ သွေးလှူရှင်အဖွဲ့(၁)တွင် အဖွဲ့ဝင် ၁၃၀ နှင့် အဖွဲ့(၂)တွင် အဖွဲ့ဝင် ၄၂ ဦးရှိကာ နှစ်ဖွဲ့ပေါင်းအနေဖြင့် သွေးပုလင်း ၆၄၂ လုံး လှူဒါန်းနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



ကရင်အမျိုးသားအလံတော်ကို သယ်ဆောင်လာသော လူငယ်များ။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၁-၂-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၁၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၁၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၀/၈၉၀ | ကျပ် | ၉၀၀/၉၁၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၀/၉၀၀ | ကျပ် | ၉၁၅/၉၂၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၀၅ | ကျပ် | ၇၄၅/၇၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၉၀ | ကျပ် | ၈၄၀/၈၅၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၈ ⋅ ၆ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၄၀ ⋅ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၃ ⋅ ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၇ ⋅ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၇ ⋅ ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၀ ⋅ ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ ⋅ ၆၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ⋅ ၆၁၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ ⋅ ၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၇ ⋅ ၇၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ⋅ ၉၆၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

မျက်မှောက်ခေတ်သည် ကမ္ဘာ့သမိုင်းတွင် တတိယအကြိမ်မြောက် ပါဝါအရွေ့အပြောင်းကာလဖြစ်ပြီး စူပါပါဝါအမေရိကန်နှင့် အနောက်နိုင်ငံများမှလွဲ၍ ကျန်နိုင်ငံများ စန်းထသောကာလဟူ၍ အမေရိကန်ဂျာနယ်လစ် ဖာရိဒ်ဇက္ကရီးယားက ဆိုခဲ့ဖူးသည်။ အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူသော အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူသော တရုတ်နိုင်ငံတို့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့ တက်လှမ်းခဲ့ပြီးနောက်တွင် "သမုဒ္ဒရာနှစ်စင်း သီအိုရီ" ပေါ်ထွက်လာသည်။ အဆိုပါ သီအိုရီသည် စူပါပါဝါနိုင်ငံကြီးနှင့်တကွ ပါဝါနိုင်ငံသစ်များ၊ အင်ဒို-ပစိဖိတ်ရပ်ဝန်းမှ နိုင်ငံများနှင့် အာဆီယံနိုင်ငံများအတွက်သာမက မိမိတို့မြန်မာနိုင်ငံအတွက်ပါ အရေးပါသလို စိတ်ဝင်စားဖွယ်ကောင်းပြီး လေ့လာနားလည်ရန်လိုအပ်သည့်အတွက် စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦး လေ့လာပြုစုရေးသားထားသည့် " သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို- ပစိဖိတ်မဟာဗျူဟာ" ဆောင်းပါးကို အပတ်စဉ် အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြအပ်ပါကြောင်း။

(စာတည်းအဖွဲ့)



# သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို-ပစိဖိတ်မဟာဗျူဟာ

**တက္ကသိုလ် ဟန်စိုးဦး**

*ယခင်အပတ်မှအဆက်*

**(၇) အမေရိကန်၏ အင်ဒို-ပစိဖိတ် မဟာဗျူဟာ**

ဒီဆောင်းပါးရဲ့အစပိုင်းမှာ အမေရိကန်နိုင်ငံရဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာအစဟာ သမ္မတ အိုဘားမားလက်ထက် ၂၀၀၉ ခုနှစ်မှာ စတင် ဖော်ထုတ်ခဲ့တဲ့ အာရှဒေသဘက် ခြေဦးပြန်လှည့်ရေး မူဝါဒဖြစ်တယ်လို့ ဖော်ပြခဲ့ပါတယ်။ သို့သော်လည်း လက်တွေ့အကောင်အထည်ဖော်မှုအပိုင်းမှာ ထိရောက်မှု အားနည်းခဲ့တာကို တွေ့မြင်နိုင်ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တက်လာပြီးနောက်ပိုင်းမှာတော့ အင်ဒို-ပစိဖိတ်မဟာဗျူဟာကို အကောင်အထည်ဖော်ဖို့ တစိုက်မတ်မတ် ဆောင်ရွက်လာတာကို တွေ့မြင်ရပါတယ်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့တဲ့ အေပက်အလုပ်အမှုဆောင်များရဲ့ ထိပ်သီးအစည်းအဝေး (APEC CEO Summit) မှာ သမ္မတ ဒေါ်နယ်ထရမ့်ဟာ အမေရိကန်နိုင်ငံရဲ့လွတ်လပ်ပြီးပွင့်လင်းမှုရှိတဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာကို ပထမဆုံးချပြခဲ့ပါတယ်။ အဲဒီမိန့်ခွန်းမှာ သမ္မတထရမ့်က ကွဲပြားခြားနားမှုတွေ အသီးသီးရှိကြပြီး မျှော်မှန်းချက်အမျိုးမျိုးရှိကြတဲ့ အင်ဒို-ပစိဖိတ်ဒေသတွင်းရှိ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတွေအကြား အတူတကွ ဖွံ့ဖြိုးတိုးတက်ကာ လွတ်လပ်မှုနဲ့ ငြိမ်းချမ်းမှုကို ခံစားနိုင်ကြရေးဟာ အမေရိကန်ရဲ့ မူဝါဒဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ အင်ဒို-ပစိဖိတ်မူဝါဒကို အကောင်အထည်ဖော်ဖို့ ၂၀၀၇ ခုနှစ်ကတည်းက ကြိုးစားနေတဲ့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနဲ့ သမ္မတထရမ့်တို့ အကြားမှာလည်း ဒီမဟာဗျူဟာကို ပူးပေါင်း အကောင်အထည်ဖော်သွားကြဖို့ သဘောတူညီချက်တစ်ရပ် ရရှိခဲ့တယ်လို့လည်း သိရှိရပါတယ်။

အခုဆိုရင် အမေရိကန်နိုင်ငံရဲ့နိုင်ငံခြားရေးမူဝါဒမှာ လွတ်လပ်ပြီးပွင့်လင်းတဲ့ အင်ဒို-ပစိဖိတ်မူဝါဒဟာ ဦးစားပေးမဟာဗျူဟာတစ်ရပ်အဖြစ် ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒီမူဝါဒမှာ ဖော်ပြထားတဲ့ လွတ်လပ်မှုနဲ့ ပွင့်လင်းမှုဆိုတဲ့ စံနှုန်းသတ်မှတ်တဲ့ ဝေါဟာရတွေနဲ့ ပတ်သက်ပြီးလည်း အခုလို အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ လွတ်လပ်မှုဆိုတာက နိုင်ငံတိုင်းအနေနဲ့ ဖိအားပေးမှု၊ အကျပ်ကိုင်မှုတွေကနေ လွတ်လပ်မှုရှိရမယ်၊ အငြင်းပွားမှုတွေကိုလည်း အပြည်ပြည်ဆိုင်ရာ ဥပဒေတွေနဲ့အညီ ဖြေရှင်းရမယ်၊ ပြည်သူတွေအနေနဲ့လည်း အခြေခံအခွင့်အရေးတွေကို လွတ်လပ်စွာခံစားခွင့်ရှိရမယ်လို့ ဆိုလိုပါတယ်။ ပွင့်လင်းမှုဆိုတာက အများနဲ့သက်ဆိုင်တဲ့ အရာတွေ (ရေလမ်းကြောင်းတွေ၊ လေကြောင်းလမ်းတွေ) ဟာ ပွင့်လင်းမှုရှိနေရမယ်၊ လွတ်လပ်မှုနဲ့ မျှတမှုရှိတဲ့ ကုန်သွယ်မှုဖြစ်ရမယ်၊ ဒေသရဲ့အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ စီမံချက်တွေရေးဆွဲရာမှာ ပွင့်လင်းတဲ့ရင်းနှီးမြှုပ်နှံမှုဖြစ်ရမယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ ပြီးတော့ လွတ်လပ်ပြီး ပွင့်လင်းတဲ့ အင်ဒို-ပစိဖိတ်ဒေသမှာ အချုပ်အခြာ အာဏာပိုင်ဆိုင်တဲ့ နိုင်ငံတွေပဲရှိပြီး လက်အောက်ခံနိုင်ငံ (Satellite State) ဆိုတာမျိုး မရှိဘူးလို့လည်း ခံယူထားပါတယ်။

အမေရိကန်ပြည်ထောင်စုအနေနဲ့ အင်ဒို-ပစိဖိတ်ဒေသတွင်းမှာ သမိုင်းတစ်လျှောက် ပါဝင်ဆောင်ရွက်ခဲ့သလို ဆက်လက်ပြီး ပါဝင်ဆောင်ရွက်ရာမှာ နိုင်ငံတိုင်းရဲ့အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ လူတစ်ဦးချင်းစီရဲ့အခွင့်အရေးကို လေးစားလိုက်နာခြင်း၊ တရားဥပဒေစိုးမိုးခြင်း စတဲ့ ရှိပြီးသား စံနှုန်းစံထားတွေ၊ တန်ဖိုးထားမှုတွေအပေါ် မူတည်ပြီး လက်တွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မိတ်ဖက်နိုင်ငံတွေ၊ မဟာမိတ်နိုင်ငံတွေအနေနဲ့ ဘာတွေ လုပ်ဆောင်ရမယ်၊ ဘာတွေမလုပ်ဆောင်ရဘူးဆိုတဲ့ အမိန့်ပေးတဲ့ပုံစံမျိုး၊ အကျပ်ကိုင်မှုမျိုး ပြုလုပ်သွားမှာ မဟုတ်ဘဲ ဒေသတွင်းမှာရှိတဲ့ မိတ်ဖက်နိုင်ငံတွေအနေနဲ့ အားလုံးတန်ဖိုးထားတဲ့ စံနှုန်းစံထားတွေကို ထိန်းသိမ်းသွားကြဖို့ကိုသာ ဖိတ်ခေါ်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့် အရှေ့တောင်အာရှဒေသဟာ အမေရိကန်နိုင်ငံနဲ့ စီးပွားရေးနဲ့ လုံခြုံရေးအရ နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုရှိသလို ပေါင်းစည်းညီညွတ်မှုရှိလာတဲ့ အာဆီယံအသိုက်အဝန်းကြီးဟာ ဒေသရဲ့ဗဟိုချက်သဖွယ်ဖြစ်နေကြောင်း၊ အာဆီယံအသင်းကြီးဟာ အိန္ဒိယနိုင်ငံရဲ့ ရည်မှန်းချက်တွေ ပြည့်မြောက်အောင်မြင်ရေးအတွက် အလေးထားတဲ့ မိတ်ဖက်အဖွဲ့ကြီးလည်းဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံအနေနဲ့ အာဆီယံအသင်းကြီးအပါအဝင် အခြားဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တွေက




**အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို အင်ဒို-ပစိဖိတ်မူဝါဒနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားနေစဉ်။**

တစ်ဆင့် စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကာကွယ်ရေး ရည်မှန်းချက်တွေ အောင်မြင်မှုရရှိစေရေးအတွက် မိတ်ဖက်ကွန်ရက်တစ်ခု ဖွဲ့စည်းဆောင်ရွက်သွားလိုကြောင်း ဖော်ပြထားပါတယ်။

အမေရိကန်နိုင်ငံအနေနဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ ပုဂ္ဂလိကကဏ္ဍက ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုများပြားလာစေဖို့၊ တီထွင်ဖန်တီးမှု မြှင့်တင်နိုင်ဖို့နဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပိုမိုပေါ်ထွန်းလာစေဖို့ လက်တွဲဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဒါ့အပြင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရပိုင်းနဲ့ ပုဂ္ဂလိကအပိုင်းက ငွေကြေးထည့်ဝင်မှု မျှမျှတတရှိလာစေဖို့နဲ့ ပွင့်လင်းမြင်သာမှုရှိပြီး အရည်အသွေးမြင့် ငွေကြေးထောက်ပံ့မှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးအထောက်အပံ့ပေးနိုင်မယ့် အဖွဲ့အစည်းသစ်တစ်ရပ်ကိုလည်း တည်ထောင်သွားမှာ ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းတွေအနေနဲ့လည်း ပေါင်းစည်းဆက်နွှယ်မှုနဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ကြီးတွေအတွက် အရည်အသွေးမြင့် ငွေကြေးထောက်ပံ့မှုစနစ်တစ်ရပ် ဖြစ်လာစေဖို့ အလေးထားဆောင်ရွက်သွားရန် အားပေးသွားမှာဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့ ယှဉ်ပြိုင်မှုတွေ ဆက်လက်ရှိနေဦးမှာဖြစ်သော်လည်း တရုတ်နိုင်ငံနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယှဉ်ပြိုင်ခြင်းဟာ ပဋိပက္ခအသွင်မဆောင်ကြောင်း၊ ထိန်းချုပ်နိုင်ဖို့ ဆောင်ရွက်ခြင်းမဟုတ်ကြောင်း၊ တစ်နည်းအားဖြင့် နောက်ထပ်စစ်အေးတိုက်ပွဲတစ်ခုကို ဖန်တီးနေခြင်း မဟုတ်ကြောင်း၊ ဒီလို လုပ်လာရင်လည်း နှစ်နိုင်ငံစလုံးရဲ့ အကျိုးစီးပွားနဲ့ ကိုက်ညီမှုမရှိကြောင်း၊ သို့သော် အမေရိကန်နိုင်ငံနဲ့ အခြားနိုင်ငံတွေက အဓိကတန်ဖိုးထားတဲ့ စံနှုန်းစံထားတွေနဲ့ ဆန့်ကျင်ပြီး တရုတ်နိုင်ငံက ဆောင်ရွက်လာခဲ့မယ်ဆိုရင် အမေရိကန်နိုင်ငံက တရုတ်ရဲ့လုပ်ဆောင်ချက်ကို ဆန့်ကျင်သွားရမှာဖြစ်ကြောင်း၊ တကယ်လို့များ တရုတ်နိုင်ငံက အဲဒီအတိုင်းဆောင်ရွက်လာခဲ့ရင် နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ တညီတညွတ်တည်း ဆန့်ကျင်ရပ်တည်ကြရမှာသာဖြစ်ကြောင်း၊ ဒါမှသာလျှင် တရုတ်နိုင်ငံက သူ့ရဲ့လုပ်ဆောင်မှုတွေကို ရပ်တန့်တာတွေ၊ ပြန်လည်ဆန်းစစ်တာတွေ လုပ်ဆောင်လာမှာဖြစ်ကြောင်း ဖော်ပြထားပါတယ်။

ဆက်လက်ပြီး တရုတ်နိုင်ငံနဲ့ ကျန်နိုင်ငံတွေအကြား ဆက်ဆံရေးအနေအထားတွေကို အမေရိကန်နိုင်ငံအနေနဲ့ နားလည်ကြောင်း၊ အမေရိကန်နိုင်ငံအနေနဲ့ ဘယ်နိုင်ငံကိုမှ တရုတ်ဆန့်ကျင်ရေးလုပ်ဖို့ တိုက်တွန်းသွားမှာမဟုတ်ဘဲ စည်းမျဉ်းများနဲ့အညီလိုက်နာဆောင်ရွက်သွားကြဖို့ (pro-principles) ကိုသာ တိုက်တွန်းသွားမှာဖြစ်ကြောင်း၊ လွတ်လပ်ပြီးပွင့်လင်းတဲ့ အင်ဒို-ပစိဖိတ်မူဘောင်အတွင်းမှာ တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံကို ဖယ်ထုတ်ထားမှာ မဟုတ်ကြောင်း၊ အင်ဒို-ပစိဖိတ်မူဘောင်ဟာ မဟာမိတ်ဖွဲ့စည်းမှုမျိုး မဟုတ်ကြောင်း၊ တူညီတဲ့၊ မျှဝေခံစားတဲ့ စံနှုန်းစံထားတွေနဲ့ ဖွဲ့စည်းထားတဲ့ အစုအဖွဲ့တစ်ခုသဘောမျိုးသာဖြစ်ကြောင်း၊ အဲဒီစံနှုန်း စံထားတွေကို တရုတ်နဲ့ ရုရှားနိုင်ငံကလည်း လိုက်နာနိုင်တယ်ဆိုရင် အင်ဒို-ပစိဖိတ် မူဘောင်အတွင်းမှာ ပါဝင်ဆောင်ရွက်ခွင့် ရရှိမှာဖြစ်ကြောင်း၊ လွတ်လပ်စွာကုန်သွယ်မှုကတော့ အမေရိကန်သမ္မတရဲ့ဦးစားပေးကဏ္ဍဖြစ်ကြောင်း၊ လက်ရှိအနေအထားမှာ ဉာဏပစ္စည်းမူပိုင်ခွင့်တွေ ချိုးဖောက်ခံနေရတဲ့ အခြေအနေရယ်၊ ကုန်သွယ်မှုတစ်ဖက်စောင်းနင်းဖြစ်ပြီး အကြီးအကျယ်လိုငွေပြနေတဲ့ အခြေအနေမှာ အမေရိကန်နိုင်ငံဟာ ရေရှည်ခရီးဆက်ဖို့ မဖြစ်နိုင်တာကြောင့် အခုဆိုရင်ပြင်ဆင်ပြောင်းလဲ မှုတွေကို မဖြစ်မနေ ဆောင်ရွက်နေရကြောင်း၊ ဒါကြောင့် အမေရိကန်နိုင်ငံဟာ အင်ဒို-ပစိဖိတ်ဒေသနဲ့ ကုန်သွယ်မှုတွေကို သိသိသာသာ တိုးတက်လာအောင် ဆောင်ရွက်သွားဖို့ ရှိကြောင်း ဖော်ပြထားပါတယ်။

ဆက်လက်ပြီး အမေရိကန်နိုင်ငံအနေနဲ့ အမေရိကန်-တောင်ကိုရီးယား လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်နဲ့ မြောက်အမေရိက လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက် (North American Free Trade Agreement-NAFTA) နှစ်ခုကို ပြန်လည်ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်ပြီးစီးသွားရင် ဒေသတွင်း နိုင်ငံစုံကုန်သွယ်ရေးသဘောတူညီချက်တွေကိုလည်း ပြန်လည် စိစစ်သွားမှာဖြစ်ကြောင်း၊ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်တွေဟာ မဟာဗျူဟာမြောက် အကျိုးရလဒ်တွေ အရင်ရရှိဖို့ထက် စီးပွားရေးအရ အကျိုးအမြတ်ရရှိရေး အဓိပ္ပာယ်သာ ဆောင်သင့်ကြောင်း၊ နိုင်ငံတချို့မှာ ဉာဏပစ္စည်း မူပိုင်ခွင့်တွေ ချိုးဖောက်နေပြီး အမေရိကန်နည်းပညာတွေကို ခိုးယူသုံးစွဲမှုတွေ၊ အစိုးရက စီးပွားရေးကုမ္ပဏီကြီးတွေအတွက် ဖြေလျှော့ပေးမှုတွေ ပြုလုပ်နေတာကြောင့် အမေရိကန်ပြည်သူတွေဟာ လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်တွေအပေါ် ယုံကြည်မှုလျော့ပါးလာကြောင်း၊ မည်သည့်လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်မဆို အမေရိကန်ပြည်သူတွေအတွက် အဓိပ္ပာယ်ရှိစေဖို့ လိုအပ်သလို အမေရိကန်ကွန်ဂရက်ရဲ့အတည်ပြုမှုကိုလည်း လိုအပ်ကြောင်း၊ အင်ဒို-ပစိဖိတ်ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေအနေနဲ့ အမေရိကန်အပါအဝင် မည်သည့်ဘက်ကိုမျှ လိုက်စရာမလိုဘဲ မိမိတို့နိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိုသာ ကာကွယ်စောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း၊ ဖော်ပြထားပါတယ်။ NAFTA နဲ့ပတ်သက်ပြီး အမေရိကန်၊ ကနေဒါနဲ့ မက္ကဆီကို ၃-နိုင်ငံအကြား ဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့ပြီး NAFTA ကိုအစားထိုးမယ့် The United States, Mexico and Canada Agreement (USMCA) အမည်သစ်နဲ့ သဘောတူညီချက်ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့က အာဂျင်တီးနားနိုင်ငံ၊ ဗျူနိုအေးရီးစ်မြို့မှာ ပြုလုပ်ခဲ့တဲ့ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကာလအတွင်း ၃ နိုင်ငံက ခေါင်းဆောင်တွေ လက်မှတ်ရေးထိုးခဲ့ပါတယ်။

အမေရိကန်နိုင်ငံရဲ့လွတ်လပ်ပြီးပွင့်လင်းတဲ့ အင်ဒို-ပစိဖိတ်မူဝါဒအရဆိုရင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အသင်းအဖွဲ့တွေ၊ အဖွဲ့အစည်းတွေ အသစ်ထပ်မံဖွဲ့စည်းသွားဖို့ မရှိဘဲ လက်ရှိ ရှိပြီးသား အာဆီယံအဖွဲ့ကြီးနဲ့ အေပက်အဖွဲ့အစည်းတွေကို စည်းမျဉ်းစည်းကမ်းတွေအပေါ် အခြေပြုတဲ့ ဒေသရဲ့ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တွေအဖြစ် အခြေခံဆောင်ရွက်သွားဖို့ ရှိပါတယ်။

*စာမျက်နှာ ၁၉ သို့*




**အမေရိကန်၏ အင်ဒို-ပစိဖိတ် မဟာဗျူဟာ အခြေပြမြေပုံ။**

**"အခုဆိုရင် အမေရိကန်နိုင်ငံရဲ့နိုင်ငံခြားရေးမူဝါဒမှာ လွတ်လပ်ပြီးပွင့်လင်းတဲ့ အင်ဒို-ပစိဖိတ် မူဝါဒဟာ ဦးစားပေးမဟာဗျူဟာတစ်ရပ်အဖြစ် ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒီမူဝါဒမှာ ဖော်ပြထားတဲ့ လွတ်လပ်မှုနဲ့ ပွင့်လင်းမှုဆိုတဲ့ စံနှုန်းသတ်မှတ်တဲ့ ဝေါဟာရတွေနဲ့ ပတ်သက်ပြီးလည်း အခုလို အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်"**

*စာမျက်နှာ ၁၈ မှ*

ဒီအဖွဲ့အစည်းတွေကနေတစ်ဆင့် စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လုံခြုံရေးကဏ္ဍတွေမှာ မိတ်ဖက်ဖွဲ့စည်းမှုကွန်ရက်တွေကို တိုးချဲ့ဆောင်ရွက်သွားမယ့် အနေအထားမှာ ရှိပါတယ်။ ဒါ့အပြင် ဒေသတွင်းမှာ တရားဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုစနစ်ကောင်း ပေါ်ပေါက်လာရေး၊ ဒီမိုကရေစီစံနှုန်းများနဲ့ အခြေခံအခွင့်အရေးများ ခံစားခွင့် စတဲ့တန်ဖိုးတွေကို မြှင့်တင်သွားမှာလည်း ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံနဲ့ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွေအဖြစ် အမေရိကန်-အာဆီယံ မဟာဗျူဟာမြောက် မိတ်ဖက်ဖွဲ့စည်းမှု၊ အမေရိကန်-ဂျပန် မဟာဗျူဟာမြောက် စွမ်းအင်မိတ်ဖက်ဖွဲ့စည်းမှု၊ အမေရိကန်-စင်ကာပူ တတိယနိုင်ငံသားများ လေ့ကျင့်ရေးအစီအစဉ်၊ မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၊ အမေရိကန်- ထိုင်ဝမ်(တရုတ်တိုင်ပေ) ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၊ နှစ်နိုင်ငံချင်းအလိုက် ကုန်သွယ်ရေးသဘောတူညီချက်တွေနဲ့ အခြားဆန္ဒတူပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တွေကတစ်ဆင့် တိုးမြှင့်ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ ကာကွယ်ရေးကဏ္ဍမှာတော့ ဂျပန်၊ ဩစတြေးလျ၊ ဖိလစ်ပိုင်၊ ထိုင်းနိုင်ငံတို့နဲ့ မဟာမိတ်ဖွဲ့စည်း ဆောင်ရွက်မှု၊ အိန္ဒိယနိုင်ငံကို လုံခြုံရေးမိတ်ဖက်နိုင်ငံအဖြစ် အားပေးထောက်ခံသွားဖို့နဲ့ အာဆီယံနိုင်ငံများ၊ ပစိဖိတ်နိုင်ငံများနဲ့ မိတ်ဖက်ဖွဲ့စည်း ဆောင်ရွက်သွားဖို့ ရှိပါတယ်။

စီးပွားရေးအပိုင်းမှာ အမေရိကန်နိုင်ငံနဲ့ ဒေသတွင်းနိုင်ငံများ နှစ်ဖက်ကုန်သွယ်မှု မြှင့်တင်ရေး၊ အမေရိကန်ရဲ့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးတွေကို လုပ်ဆောင်သွားဖို့ရှိပါတယ်။ တွက်ချက်မှုတွေအရ အင်ဒို-ပစိဖိတ်ဒေသဟာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဒသမ၇ ထရီလီယံ လိုအပ်လျက်ရှိပြီး ဒီလိုအပ်ချက်အနက် ဒေါ်လာ ၈၁၉ ဘီလီယံမှာ ဖြည့်ဆည်းနိုင်ခြင်းမရှိကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေနဲ့ ဒေါ်လာ ထရီလီယံ ၅၀ ခန့် အရင်းအနှီးထုတ်ပေးနိုင်တဲ့ အနေအထားမှာ ရှိတဲ့အတွက် ဒီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ ပုဂ္ဂလိကကဏ္ဍကို အားပေးသွားဖို့လိုကြောင်း ဖော်ပြထားပါတယ်။

၂၀၁၇ ခုနှစ် အောက်တိုဘာလမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး (ဟောင်း) ရက်စ်တီလာဆန် (Rex Tillerson) ရေးသားတဲ့ လာမယ့်ရာစုနှစ်အတွင်း အမေရိကန်-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေး (Defining US Relationship with India in the Next Century) ဆောင်းပါးမှာ တီလာဆန်က အိန္ဒိယသမုဒ္ဒရာ၊ ပစိဖိတ်သမုဒ္ဒရာ အနောက်ဘက်ခြမ်းနဲ့ ပတ်ဝန်းကျင်နိုင်ငံတွေ အားလုံးပါဝင်တဲ့ အင်ဒို-ပစိဖိတ်ဒေသဟာ ၂၁-ရာစုမှာ ကမ္ဘာကြီးရဲ့



**NAFTA ကို အစားထိုးမည့် USMCA သဘောတူညီချက်အား အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ ကနေဒါဝန်ကြီးချုပ် ထရူးဒိုးနှင့် မက္ကဆီကို သမ္မတ Enrique Pena Nieto တို့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်က ဗျူနိုအေးရီးစ်မြို့တွင် လက်မှတ်ရေးထိုးနေစဉ်။**

အကြောင်းအကျိုးအကောင်းအဆိုးကို ဖန်တီးပုံဖော်ပေးမယ့် ဗဟိုချက်မတစ်ခု ဖြစ်လာမယ်လို့ ဖော်ပြခဲ့ပါတယ်။ အမေရိကန်နိုင်ငံရဲ့လွတ်လပ်ပြီး ပွင့်လင်းမှုရှိတဲ့ အင်ဒို-ပစိဖိတ်မူဝါဒနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းပြောကြားမှုပြုလုပ်ခဲ့တာကတော့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို (Mike Pompeo) ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့က ဝါရှင်တန်မြို့မှာ အမေရိကန်ကုန်သည်ကြီးများအသင်းက ကျင်းပပြုလုပ်တဲ့ အင်ဒို-ပစိဖိတ်စီးပွားရေးဖိုရမ်မှာ ဝန်ကြီး မိုက်ပွန်ပီယိုက အမေရိကန်နိုင်ငံရဲ့ အနောက်ဘက်ကမ်းရိုးတန်းကနေ အိန္ဒိယနိုင်ငံရဲ့ အနောက် ဘက်ကမ်းရိုးတန်းဒေသအထိ အကျုံးဝင်နေတဲ့ အင်ဒို-ပစိဖိတ်ဒေသဟာ အမေရိကန်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒမှာ အထူးအရေးပါတဲ့ဒေသကြီးဖြစ်ကြောင်း၊ အင်ဒို-ပစိဖိတ်ဒေသဟာ ကမ္ဘာ့စီးပွားရေးအတွက် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်နေသလို အနာဂတ်မှာလည်း ဒီအတိုင်း ဆက်လက်တည်ရှိနေမှာဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေရဲ့ သုံးပုံတစ်ပုံနေထိုင်ပြီး ကမ္ဘာပေါ်မှာ စီးပွားရေးအရ အင်အားအကြီးဆုံး ၆ နိုင်ငံအနက် ၄နိုင်ငံဖြစ်တဲ့ တရုတ်၊ ဂျပန်၊ အိန္ဒိယနဲ့ အမေရိကန် နိုင်ငံတို့တည်ရှိနေခြင်း၊ ကမ္ဘာပေါ်မှာ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုအမြန်ဆုံးနဲ့ အမေရိကန် ထုတ်ကုန်ပစ္စည်းတွေကို အများဆုံးဝယ်ယူနေတဲ့ အာဆီယံအသိုက်အဝန်းရှိနေခြင်းတို့ကြောင့် အမေရိကန်အတွက် စီးပွားရေးအရ အကျိုးအမြတ်အများကြီး ရရှိနိုင်မယ့်ဒေသဖြစ်ပါတယ်။ အင်ဒို-ပစိဖိတ်ဒေသတည်ငြိမ်အေးချမ်းမှုရှိရေးနဲ့ ကြွယ်ဝချမ်းသာမှုဟာ အမေရိကန်ပြည်သူ အားလုံးနဲ့ ကမ္ဘာကြီးတစ်ခုလုံးရဲ့ အကျိုးစီးပွားနဲ့လည်း သက်ဆိုင်ကြောင်း၊ ဒါကြောင့် အင်ဒို-ပစိဖိတ်ဒေသဟာ လွတ်လပ်ပြီး ပွင့်လင်းမှုရှိနေဖို့ လိုအပ်ကြောင်း ပြောကြားခဲ့ပါတယ်။

လွတ်လပ်မှု၊ ပွင့်လင်းမှုနဲ့ ပတ်သက်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပွန်ပီယိုက အဓိပ္ပာယ်ဖွင့်ဆိုရာမှာ လွတ်လပ်မှုဆိုရာမှာ ဒေသတွင်းမှာရှိတဲ့ နိုင်ငံအားလုံးအနေနဲ့ အခြားနိုင်ငံတွေရဲ့ဖိအားပေးအကျပ်ကိုင်မှုတွေကင်းလွတ်ပြီး မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိဖို့လိုအပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံချင်းစီရဲ့ ပြည်တွင်းနိုင်ငံရေးမှာတော့ လွတ်လပ်မှုဆိုတာ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ရှိပြီး ပြည်သူလူထုအနေနဲ့ အခြေခံအခွင့်အရေးတွေနဲ့ လွတ်လပ်မှုကို ခံစားနိုင်ခွင့်ရှိခြင်းကို ဆိုလိုကြောင်း၊ ပွင့်လင်းမှုဆိုရာမှာ နိုင်ငံတိုင်းအနေနဲ့ ပင်လယ်ပြင်မှာ လွတ်လွတ်လပ်လပ်သွားလာခွင့်နဲ့ လွတ်လပ်စွာ လေကြောင်းပျံသန်းပိုင်ခွင့်ရှိခြင်းတို့ဖြစ်ကြောင်း၊ နယ်မြေပိုင်ဆိုင်မှုနဲ့ ပင်လယ်ရေနယ်နိမိတ် အငြင်းပွားမှုတွေကို ငြိမ်းချမ်းသောနည်းနဲ့ ဖြေရှင်းသွားကြရမှာဖြစ်ကြောင်း၊ ဒီအချက်ဟာ သက်ဆိုင်ရာနိုင်ငံတစ်နိုင်ငံချင်းစီရဲ့ အမျိုးသားရေးရည်မှန်းချက်နဲ့ နိုင်ငံတကာငြိမ်းချမ်းရေးအတွက် အဓိကအချက်ဖြစ်ကြောင်း၊ စီးပွားရေးအရ ပွင့်လင်းမှုဆိုရာမှာ မျှတပြီးအပြန်အလှန်သဘောရှိတဲ့ ကုန်သွယ်မှု၊ ဒေသတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို ဖော်ဆောင်ပေးမယ့် ပွင့်လင်းတဲ့ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်၊ နိုင်ငံတွေအကြား ပွင့်လင်းမြင်သာတဲ့ သဘောတူညီချက်တွေနဲ့ ဒေသတွင်း ပေါင်းစည်းဆက်နွယ်မှု တိုးတက်ကောင်းမွန်လာစေရေးတို့ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အမေရိကန်နိုင်ငံအနေနဲ့ ကမ္ဘာနဲ့အဝန်းနိုင်ငံများနဲ့ ထိတွေ့ဆက်ဆံရာမှာ မိတ်ဖက်ဆက်ဆံရေးကိုသာထူထောင်ပြီး လွှမ်းမိုးနိုင်ရေးကို မရည်ရွယ်ကြောင်း၊ လက်ရှိအချိန်မှာ အင်ဒို-ပစိဖိတ်ဒေသအတွင်း ဘယ်နိုင်ငံကမှ အမေရိကန်နိုင်ငံလောက် အပြန်အလှန်ကုန်သွယ်မှုပြုလုပ်နေခြင်းမျိုးမရှိကြောင်း၊ အရှေ့တောင်အာရှဒေသမှာဆိုရင် အမေရိကန်နိုင်ငံဟာ ရင်းနှီးမြှုပ်နှံမှုအတွက် အကြီးမားဆုံးအရင်းအမြစ်တစ်ခုဖြစ်ပြီး တရုတ်၊ ဂျပန်နဲ့ ဥရောပသမဂ္ဂတို့ထက် ပိုမိုများပြားကြောင်း၊ အမေရိကန်နိုင်ငံကစီးပွားရေးလုပ်ငန်းကြီးများဟာ အင်ဒို-ပစိဖိတ်ဒေသရဲ့ ကြွယ်ဝချမ်းသာရေးအတွက် အင်အားစုတစ်ခုဖြစ်ကြောင်း၊ မိမိတို့အနေနဲ့ မိတ်ဖက်အဖြစ် သဘောထားပြီး လုပ်ငန်းတွေဆောင်ရွက်ရာမှာ သက်ဆိုင်ရာဒေသရဲ့လုပ်ပိုင်ခွင့်နဲ့ သက်ဆိုင်ရာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို အလေးထားကြောင်း၊ အမေရိကန်နိုင်ငံအနေနဲ့ နိုင်ငံရေးအရ ဩဇာလွှမ်းမိုးမှုရရှိရေးထက် မိတ်ဖက်စီးပွားရေးလုပ်ငန်းစဉ်များအတွက်သာ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ကြောင်း၊ သမ္မတဒေါ်နယ်ထရမ့်အနေနဲ့ အမေရိကန်ရဲ့ စီးပွားရေးကျင့်စဉ်များနဲ့အညီ အင်ဒို-ပစိဖိတ်ဒေသတွင်းမှာ စီးပွားရေးအရ ထိတွေ့ဆက်ဆံမှုတွေကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ အင်ဒို-ပစိဖိတ်ဒေသရဲ့ဒစ်ဂျစ်တယ်စီးပွားရေး၊ စွမ်းအင်နဲ့ အခြေခံအဆောက်အအုံ စတဲ့အခြေခံလိုအပ်ချက်ကဏ္ဍတွေမှာ အထောက်အကူပြုနိုင်ဖို့ အမေရိကန်နိုင်ငံရဲ့ လုပ်ငန်းအစီအစဉ်သစ်တွေအတွက် ဒေါ်လာ ၁၁၃ သန်းကို အသုံးပြုသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက အင်ဒို-ပစိဖိတ်ဒေသမှာ ဆောင်ရွက်သွားမယ့် လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားရာမှာ ပထမလုပ်ငန်းစဉ်က ဒစ်ဂျစ်တယ်ပေါင်းစည်းဆက်နွယ်ရေးနဲ့ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မိတ်ဖက်ဖွဲ့စည်းမှု (Digital Connectivity and Cybersecurity Partnership) ဖြစ်ပြီး မိတ်ဖက်နိုင်ငံတွေရဲ့ ဒစ်ဂျစ်တယ်ပေါင်းစည်း ဆက်နွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အမေရိကန်ရဲ့ နည်းပညာပို့ကုန်တွေ မြှင့်တင်နိုင်ဖို့အတွက် ဒေါ်လာ ၂၅ သန်း သုံးစွဲသွားမှာဖြစ်ကြောင်း၊ ဒုတိယလုပ်ငန်းစဉ်အနေနဲ့ အာရှဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍကတစ်ဆင့် ဆောင်ရွက်ခြင်း (Enhancing Development and Growth through Energy) ဖြစ်ပြီး မိတ်ဖက်နိုင်ငံတွေအနေနဲ့ စွမ်းအင်အရင်းအမြစ်တွေ ထုတ်လုပ်ခြင်း၊ ဝယ်ယူတင်သွင်းခြင်း၊ ရွှေ့ပြောင်းသယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဝေသုံးစွဲခြင်း စတဲ့ကဏ္ဍတွေအတွက် ၂၀၁၈ ခုနှစ်အတွင်းမှာ ဒေါ်လာ သန်း ၅၀ အသုံးပြုသွားမှာဖြစ်ကြောင်း၊ တတိယလုပ်ငန်းစဉ်ကတော့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပြီး အခြေခံအဆောက်အအုံဆိုင်ရာ အကူအညီပေးရေးကွန်ရက်တစ်ခုကို ဒေါ်လာ သန်း ၃၀ အသုံးပြုသွားမှာဖြစ်ကြောင်း၊ အကူအညီအများစုကို အာဆီယံအဖွဲ့ကြီး၊ အေပက်၊ မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ အစီအစဉ် (Lower Mekong Initiative-LMI) နဲ့ အိန္ဒိယသမုဒ္ဒရာကမ်းစပ်နိုင်ငံများအဖွဲ့ (IORA) ကတစ်ဆင့် ပေးအပ်သွားမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**ယခုဆောင်းပါးတွင် ဖော်ပြထားသည့်အချက်အလက်များသည် စာရေးသူအပါအဝင် လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၏ မူဝါဒများ၊ အယူအဆများကို လေ့လာရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။**

**(စာရေးသူ)**

# ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်အခမ်းအနားများ မြို့နယ်အသီးသီး၌ ကျင်းပ

**လဲချား**

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖေဖော်ဝါရီ ၉ ရက် က ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ကေသီမြင့်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မူလတန်း အဆင့်ဆေးရောင်ခြယ်ပြိုင်ပွဲကို စတင်ကျင်းပခဲ့သည်။ ထို့နောက် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ကြောင်း၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅ ဦးခန့်ရှိကြောင်း သိရသည်။

---

**မြိတ်**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် ခရိုင်အဆင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျပန်းစကားပြောပြိုင်ပွဲ၊ ဗိုလ်ချုပ်မိန့်ခွန်းပြောပြိုင်ပွဲ၊ ဗိုလ်ချုပ်ပုံတူပန်းချီပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပခဲ့သည်။

ကျပန်းစကားပြောပြိုင်ပွဲနှင့် ဗိုလ်ချုပ်မိန့်ခွန်းပြောပြိုင်ပွဲကို အထက(၁)မြိတ် ပညာ့ဗိမာန်ခန်းမ၌ ကျင်းပခဲ့ပြီး ကျပန်းစကားပြောပြိုင်ပွဲတွင် ခေါင်းစဉ်လေးမျိုးနှင့် ဗိုလ်ချုပ်မိန့်ခွန်းပြောပွဲတွင် ကြိုက်နှစ်သက်ရာ ခေါင်းစဉ်တို့ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများသို့ မြိတ်၊ ကျွန်းစု၊ ပုလော၊ တနင်္သာရီ၊ ဘုတ်ပြင်းမြို့နယ်များမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကျပန်းစကားပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၇ ဦးနှင့် ဗိုလ်ချုပ်မိန့်ခွန်းပြောပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် ခရိုင်အဆင့် ပန်းချီပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို အထက(၃)ကျောင်း၌ ကျင်းပခဲ့ပြီး ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၉ ဦးနှင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မြိတ် (ပြန်/ဆက် )**

**မူဆယ်**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဖေဖော်ဝါရီ ၁၃ ရက်တွင်ကျရောက်မည့် လွတ်လပ်ရေးဗိသုကာဖခင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၄)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် (အကြို) ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူပန်းချီပြိုင်ပွဲနှင့် စိတ်ကြိုက် ဆေးရောင်ခြယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ် အခြေခံကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ လာရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စန်းစန်းကြူက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ပြောကြားခဲ့ပြီး ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးဗိသုကာဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၄)နှစ်ပြည့်မွေးနေ့တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇန်ရိုးထန်(ပြန်/ဆက်)**

# ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာ

ဒေါက်တာအောင်မြင့်ဦး ပါမောက္ခ (ဌာနမှူး) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

**ယခုပို့ချချက်သည် ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအတွက် "မြန်မာစာဘာသာ ရပ်ဆိုင်ရာသိကောင်းစရာများ" ဖြစ်ပါသည်။ ဤပို့ချချက်သည် မြန်မာစာ ပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင် အဆင်ပြေ ချောမွေ့စေရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲကြီး ဖြေဆိုရာတွင် ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်စေရန် ရည်ရွယ်ပါသည်။ ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်သည် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအတွက် ထူးခြားသော ပညာသင်နှစ်တစ်နှစ်ဖြစ်ပေသည်။ မြန်မာ့ပညာရေးအဆင့်အတန်း ပိုမိုမြင့်မားလာစေရန် ပြုပြင်ပြောင်းလဲမှုတစ်ရပ်အဖြစ် ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို မေးခွန်းပုံစံသစ်ဖြင့် ဖြေဆိုကြရမည် ဖြစ်ပါသည်။ ယခုပို့ချချက်တွင် မေးခွန်းပုံစံသစ်နှင့်အညီ အံဝင်ခွင်ကျဖြေဆို နိုင်ရေးအတွက် ဆွေးနွေးပို့ချသွားမည် ဖြစ်ပါသည်။**

မြန်မာစာဘာသာရပ်မေးခွန်းပုံစံသစ်သည် ကျောင်းသူကျောင်းသားများ သင်ခန်းစာကို နှုတ်တိုက် အလွတ်ကျက်မှတ်ခြင်းကိုလျှော့ချပြီး တစ်နှစ်ပတ်လုံးသင်ယူလေ့လာဆည်းပူးထားသည့် သင်ခန်းစာများကို ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှု၊ ကိုယ်ပိုင်တီထွင်ဖန်တီးနိုင်မှု၊ ကိုယ်ပိုင်ရေးသားတင်ပြမှု၊ ကိုယ်တိုင်ဆုံးဖြတ်နိုင်မှုစွမ်းရည်တို့ဖြင့် ပေါင်းစပ်ကာ ဖြေဆိုနိုင်မည့်ပုံစံသို့ ဦးတည်ပြောင်းလဲထားပါသည်။ မေးခွန်းပုံစံသစ်သည် အလွတ်ကျက်မှတ်မှုနှင့် ကိုယ်ပိုင်တွေးခေါ်စဉ်းစားဖန်တီးရေးသားနိုင်မှုတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်ထားခြင်းဖြစ်ရာ ကျောင်းသူကျောင်းသားများအနေဖြင့် မေးခွန်းပုံစံသစ်၏ ဦးတည်ချက်အတိုင်း အလွတ်ကျက်မှတ်မှုနှင့် ကိုယ်ပိုင်စဉ်းစားတွေးခေါ်ရေးသားနိုင်မှုတို့ကို ဟန်ချက်ညီညီ လေ့လာသင်ယူ လေ့ကျင့်ထားကြရန် အထူးလိုအပ်လှပါသည်။

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းလွှာတွင် **မေးခွန်းနံပါတ်(၁)** မေးခွန်းသည် မြန်မာသဒ္ဒါမေးခွန်းဖြစ်ပါသည်။ ထိုမေးခွန်းတွင် ကျက်မှတ်မှုနှင့်လေ့ကျင့်မှုကို ဟန်ချက်ညီစွာပေါင်းစပ်ထားပါသည်။ မြန်မာသဒ္ဒါမေးခွန်းတွင် အဓိကအားဖြင့် အပိုင်းနှစ်ပိုင်း ပါဝင်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ချက်များ၊ သဒ္ဒါသဘောတရားများကို စစ်ဆေးသည့်အပိုင်းနှင့် မြန်မာသဒ္ဒါဆိုင်ရာ အချက်အလက်များကို မည်မျှ လက်တွေ့အသုံးချနိုင်သည်ကို စစ်ဆေးအကဲဖြတ်သည့်အပိုင်းတို့ ဖြစ်ကြပါသည်။ ယခင်နှစ်များက မြန်မာသဒ္ဒါမေးခွန်းတွင် မေးခွန်းပုဒ်ခွဲ (က)၊ (ခ)၊ (ဂ) သုံးပုဒ်ပါဝင်ခဲ့သော်လည်း ယခု ၂၀၁၉ ခုနှစ်တွင် စတင်မည့် မြန်မာသဒ္ဒါဆိုင်ရာ မေးခွန်းတွင် မေးခွန်းပုဒ်ခွဲ (က)နှင့် (ခ) နှစ်ပုဒ်သာ ပါဝင်မည်ဖြစ်သည်။

မေးခွန်း ၁(က) ဖြစ်သည့် ပထမပိုင်းတွင် မြန်မာစကားဆိုင်ရာသိမှတ်ဖွယ်ရာအခန်းမှ အုတ်ခွက်စာ၊ ကျောက်စာစသည့် စာအမျိုးမျိုး၊ ည ပြောင်းလဲပုံ၊ ဒထွေး ပြောင်းလဲပုံ၊ အက္ခရာ ဦး ပြောင်းလဲပုံ စသည့် အက္ခရာပုံသဏ္ဌာန်ပြောင်းလဲပုံများ၊ ဌာန်၊ ကရိုဏ်းနှင့်ပယတ်၊ စကားသံဖြစ်အင်္ဂါများ။ ဝါစင်္ဂဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ဝါကျဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်များတို့မှ ပါဝင်ပါသည်။ အဆိုပါမေးခွန်းများကို ဖြေဆိုရာတွင်ကျက်မှတ်မှုကိုအားပြု၍ အချက်အလက်များကို အစီအစဉ်တကျ ရေးရမည်ဖြစ်ပြီး လိုအပ်သည့်သာဓကများကိုလည်း ထည့်သွင်းဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် ၁(က)တွင် (၃)ခု ပေးထားပြီး (၁)ခုကို ဖြေဆိုကြရမည်ဖြစ်သည်။

မေးခွန်း ၁ (ခ) ဒုတိယပိုင်းတွင် မြန်မာသဒ္ဒါဆိုင်ရာ အချက်အလက်များကို လက်တွေ့ကျကျ မည်မျှ သိရှိသည်၊ မည်မျှအသုံးချနိုင်သည်ဆိုသည်ကို စစ်ဆေးအကဲဖြတ်သည့် မေးခွန်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် သဒ္ဒါလေ့ကျင့်ခန်းမေးခွန်းဟု ဆိုနိုင်ပါသည်။ မြန်မာသဒ္ဒါပြဋ္ဌာန်းချက်ပါ သင်ခန်းစာများမှ ကျောင်းသူကျောင်းသားများ အမှန်တကယ်နားလည်ဖြေဆိုနိုင်မည့် လက်တွေ့လေ့ကျင့်ခန်း အမျိုးမျိုးကို မေးမြန်းမည်ဖြစ်ပါသည်။ သဒ္ဒါလေ့ကျင့်ခန်းများကို ဖြေဆိုနိုင်ရန်အတွက် သဒ္ဒါစာအုပ်မှ သဘောတရားများကို ကောင်းစွာနားလည်သဘောပေါက်အောင်လေ့လာပြီး လေ့ကျင့်ခန်းများကို အထပ်ထပ်အခါခါ လေ့ကျင့်ထားရမည်ဖြစ်သည်။

မေးခွန်းပုံစံသစ်၏ နံပါတ် ၁(ခ)သည် ယခင်က (၄)မှတ်ပေးသည့် ၁ (ခ)မေးခွန်းနှင့် (၆)မှတ်ပေးသည့် ၁ (ဂ)မေးခွန်းပုဒ်ခွဲနှစ်ခုကို ပေါင်းစပ်ကာ ၁(ခ)(၁၀)မှတ်ပေးသည့် မေးခွန်းအဖြစ် စုစည်းထားခြင်း ဖြစ်ပါသည်။ ဤမေးခွန်းတွင် သဒ္ဒါစကားလုံးနှင့် သဒ္ဒါအမျိုးအစား မေးခွန်းမျိုးသာမက သဒ္ဒါစကားလုံး ဖွဲ့စည်းရေးသားစေခြင်း (ဥပမာ - ပေါင်းစပ်နာမ်စကားလုံး၊ ပေါင်းစပ်ကြိယာစကားလုံး၊ ကြိယာဝိသေသန စကားလုံး ဖန်တီးရေးသားစေခြင်း)၊ ဝါကျတွင်း ပုဒ်အထားအသို ပြင်ဆင်ရေးဖွဲ့စေခြင်း၊ ပေးထားသည့် ဝါကျတွင် ဆီလျော်သည့် သဒ္ဒါစကားလုံး ဖြည့်စွက်ရေးသားစေခြင်းစသဖြင့် သဒ္ဒါလေ့ကျင့်ခန်း မေးခွန်းအမျိုးမျိုးကို မေးမြန်းနိုင်ပါသည်။

**မေးခွန်းပုံစံသစ် မေးခွန်းနံပါတ်(၂)** တွင် မေးခွန်းပုဒ်ခွဲသုံးပုဒ် ပါဝင်ပါသည်။ မေးခွန်းနံပါတ် ၂(က)သည် ခက်ဆစ်ကိုဖြေဆိုရသည့် မေးခွန်းဖြစ်ပါသည်။ ခက်ဆစ်မေးခွန်းအတွက် ကဗျာ၊ စကားပြေ၊ ရေသည်ပြဇာတ် ပြဋ္ဌာန်းစာအုပ်(၃)အုပ်တွင် အဓိပ္ပာယ်ဖွင့်ဆိုပေးထားသည့် ဝေါဟာရများကို တိကျ မှန်ကန်စွာ ကျက်မှတ်ထားရမည် ဖြစ်ပါသည်။ ခက်ဆစ်ဖွင့်ဆိုပြထားသော ဝေါဟာရများတွင် တစ်ချောင်းပုဒ် ခံထားပါက အဓိပ္ပာယ်ပြည့်စုံခြင်းမရှိသေးသည့်အတွက် ဆက်လက်ဖော်ပြရန် လိုအပ်ပါသည်။ ပုဒ်မခံထားသော ဖွင့်ဆိုချက်ဖြစ်ပါက ဖွင့်ဆိုချက်တစ်ခုထက်မကပါရှိနေလျှင် တစ်ခုကိုဖော်ပြလျှင် လုံလောက်ပါသည်။ ၂(က)ခက်ဆစ်မေးခွန်းတွင် စကားလုံး(၇)ခုပေးထားပြီး(၅)ခုကို ဖြေဆိုရပါမည်။ ခက်ဆစ်အဖွင့် မေးခွန်းတွင် ရှေးသုံးဝေါဟာရများသာမက ခေတ်သုံးဝေါဟာရများလည်း ပါဝင်မည်ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၂(ဂ)သည် အလင်္ကာမေးခွန်းဖြစ်သည်။ ယခင်အလင်္ကာမေးခွန်းတွင် ဝေါဟာရများကို အလင်္ကာအမျိုးအမည်ဖော်ပြလျက် ပေးထားပြီး သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့သုံးထားကြောင်းနှင့် အဘယ်ကြောင့် ထိုအလင်္ကာမြောက်ကြောင်း မေးပါသည်။ ယခု ၂၀၁၉ တွင်စတင်မည့် မေးခွန်းပုံစံသစ်တွင် အလင်္ကာအမျိုးအမည်ကို မဖော်ပြတော့ဘဲ ပေးထားသောဝေါဟာရ အသုံးအနှုန်းကို အလင်္ကာအမျိုးအစားဖော်ပြစေခြင်းနှင့် သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့သုံးထားသည့်အတွက် ထိုအလင်္ကာမြောက်ကြောင်း ဖော်ပြစေခြင်းတို့ကို မေးမြန်းပါမည်။ ဖြေဆိုရာတွင် ပုံစံတစ်မျိုးမျိုးကို သတ်မှတ်ဖြေဆိုစေခြင်းထက် ကျောင်းသူကျောင်းသားတို့၏ အမှန်တကယ်နားလည် ဖြေဆိုနိုင်သည့် ဖြေဆိုချက်အပေါ်တွင်သာ အကဲဖြတ်အမှတ်ပေးသွားမည် ဖြစ်ပါသည်။ ပုံစံသစ်အလင်္ကာ မေးခွန်း၏ ဦးတည်ချက်သည် အလင်္ကာကို အလွတ်ကျက်မှတ်ခြင်းထက် အလင်္ကာ၏ သဘောသဘာဝနားလည်သဘောပေါက်စွာ ဖြေဆိုနိုင်မှုကို ဦးတည်ထားခြင်းဖြစ်ရာ အလင်္ကာဖြေဆိုရာတွင် မိမိ၏ နားလည်တတ်မြောက်ထားသည့် အလင်္ကာသဘောမှန်ကန်စွာ ဖြေဆိုနိုင်လျှင် မည်သည့်အတင်အပြ ပုံစံဖြင့် ဖြေဆိုသည်ဖြစ်စေ အမှတ်ပြည့် ရရှိမည်ဖြစ်ပါသည်။ ပေးထားသောဝေါဟာရ အရေအတွက်မှာ (၇)ခု ဖြစ်ပြီး (၅)ခု ဖြေဆိုရမည် ဖြစ်သည်။

**မေးခွန်းနံပါတ်(၃)** တွင် မေးခွန်းပုဒ်ခွဲနှစ်ပုဒ် ပါဝင်ပါသည်။ ၃(က)မှာ ကဗျာမေးခွန်းတိုဖြစ်ပြီး မေးခွန်းပုံစံ အပြောင်းအလဲမရှိသော်လည်း မေးမည့်မေးခွန်းကို ပိုမိုကျယ်ပြန့်စေရန် ပြင်ဆင်ထားပါသည်။ ကဗျာစာသားကောက်နုတ်ချက် အတိုကိုပေးထားပြီး ဆိုလိုရင်းရေးသားစေသည့် မေးခွန်းမျိုး ပါဝင်လာမည်ဖြစ်ပါသည်။ ဖြေဆိုရန် မေးထားသည့် ပုဒ်ရေ(၇)ပုဒ် ဖြစ်ပါသည်။ ကဗျာမေးခွန်းတိုများကို ဖြေဆိုရာတွင် အထူးသတိပြုရမည့်အချက်မှာ ရွေးချယ်သည့် မေးခွန်း၏နံပါတ်ကို အဖြေတွင် မှန်ကန်စွာ ရေးသားဖော်ပြရန်ဖြစ်ပါသည်။ (၇)ပုဒ်ပေးထားသည့်အတွက် မိမိရွေးချယ်သည့်နံပါတ်များမှာ အစဉ်အတိုင်းမဟုတ်ခဲ့ပါက အဖြေတွင် နံပါတ်စဉ်ကို အစဉ်အတိုင်းတပ်ကာ ဖြေဆို၍မရပေ။ မေးခွန်းတွင် ပေးထားသည့် နံပါတ်နှင့် အဖြေပါနံပါတ်တို့ မတူညီပါက အဖြေမှန်သော်လည်း အမှတ်ဆုံးရှုံးမည် ဖြစ်ပါသည်။ မေးခွန်းတိုဖြေဆိုရာတွင် ဝါကျအပြည့်အစုံ ရေးသားဖြေဆိုသင့်ပါသည်။

နံပါတ် ၃ (ခ)သည် ကဗျာမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းသည် မေးခွန်းပုံစံအနေဖြင့် ပြောင်းလဲမှုမရှိသော်လည်းစစ်ဆေးအကဲဖြတ်ရာတွင်မူ ကျောင်းသူကျောင်းသားများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသားအတင်အပြစွမ်းရည်ဖြင့် မေးခွန်းနှင့်အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏တစ်ဝက် သတ်မှတ်ကာ စစ်ဆေးအကဲဖြတ်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ မေးခွန်း၏ရှုထောင့်အတိုင်း အံဝင်ခွင်ကျ ဖြေဆိုနိုင်ရန် အရေးကြီးပါသည်။ မိမိကျက်မှတ်ထားသည့် ကဗျာခေါင်းစဉ်ပါသည်နှင့် ကဗျာစာသားတစ်ပုဒ်လုံးချရေးကာ စကားပြေပြန်ဆိုရေးသား ဖြေဆိုမည်ဆိုပါက အချက်အလက်အားလုံးပါဝင်စေကာမူ မေးခွန်းနှင့် အံမဝင်လျှင် ပေးမှတ်တစ်ဝက်အောက်သာ ရရှိမည်ဖြစ်ပါသည်။ ကဗျာကောက်နုတ်စာသားများကိုလည်း မေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်ရုံသာ ထည့်သွင်းဖြေဆိုရမည်ဖြစ်သည်။

**မေးခွန်းနံပါတ်(၄)** သည် စကားပြေမေးခွန်းဖြစ်ပါသည်။ မေးခွန်းနံပါတ်(၃) ကဗျာမေးခွန်းနှင့် သဘောသဘာဝအားဖြင့် တူပါသည်။ မေးခွန်းပုဒ်ခွဲ နှစ်ပုဒ်ပါဝင်ပါသည်။ နံပါတ် ၄(က)မှာ စကားပြေ မေးခွန်းတို ဖြစ်ပါသည်။ ဖြေဆိုရန်မေးထားသည့် ပုဒ်ရေအရေအတွက်မှာ(၇)ပုဒ်ဖြစ်ပါသည်။ စကားပြေမေးခွန်းတို ဖြေဆိုရာတွင်လည်း ကဗျာမေးခွန်းတိုကဲ့သို့ပင် ပေးထားသော မေးခွန်းနံပါတ်နှင့် မိမိရွေးချယ် ဖြေဆိုသောနံပါတ် တူညီမှုရှိရပါမည်။ မေးခွန်းနှင့် အဖြေနံပါတ်ကိုက်ညီခြင်းမရှိပါက အဖြေမှန်စေကာမူ အမှတ်ဆုံးရှုံးမည်ဖြစ်ပါသည်။ စကားပြေမေးခွန်းတိုဖြေဆိုရာတွင်လည်း ကဗျာမေးခွန်းတိုကဲ့သို့ပင် ဝါကျအပြည့်အစုံ ရေးသားဖြေဆိုသင့်ပါသည်။

မေးခွန်းနံပါတ် ၄ (ခ) သည် စကားပြေမေးခွန်းရှည်ဖြစ်ပါသည်။ စကားပြေမေးခွန်းရှည်သည်လည်း ကဗျာမေးခွန်းရှည်ကဲ့သို့ပင် ကျောင်းသူကျောင်းသားများ၏ လေ့လာကျက်မှတ်မှုအတွက်ပေးမှတ်၏ တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသားအတင်အပြစွမ်းရည်ဖြင့် မေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏တစ်ဝက် စစ်ဆေးအကဲဖြတ်သည့် မေးခွန်းဖြစ်ပါသည်။ စကားပြေ မေးခွန်းရှည်ဖြေဆိုရာတွင် မေးခွန်း၏ရှုထောင့်ကို သေချာစွာဖတ်ရှုပြီး မေးထားသည့်ရှုထောင့်အတိုင်း အံဝင်ခွင်ကျဖြေဆိုနိုင်ရန် အရေးကြီးပါသည်။ မေးခွန်းရှုထောင့်ကိုသတိမမူဘဲ မိမိအလွတ်ကျက်မှတ်ထားသည့် အပုဒ်နှင့်ခေါင်းစဉ်တူသဖြင့် အချက်အလက်များကိုချည်း အမြောက်အမြား ရေးသားနေပါက ပေးမှတ်၏တစ်ဝက်အောက်သာ ရရှိနိုင်မည်ဖြစ်ပါသည်။

**မေးခွန်းနံပါတ်(၅)** သည် ရေသည်ပြဇာတ်မေးခွန်းဖြစ်ပါသည်။ မေးခွန်းပုဒ်ခွဲနှစ်ပုဒ် ပါဝင်ပါသည်။ နံပါတ်၅(က)သည် ရေသည်ပြဇာတ်စကားစပ်မေးခွန်းဖြစ်ပြီး (ခ)သည် အပုဒ်ရှည်မေးခွန်း ဖြစ်ပါသည်။ နံပါတ် ၅ (က)စကားစပ်မေးခွန်းတွင် ယခင်က(၇) မှတ်ပေးသည့် မေးခွန်းပုံစံအစား (၅)မှတ်ပေးသည့် မေးခွန်းပုံစံသို့ ပြောင်းလဲသတ်မှတ်ထားပါသည်။ ဖြေဆိုရာတွင်မည်သည့် အခန်းမှဖြစ်သည်ကို ဖော်ပြသည့်အချက်နှင့် စကားစပ်ဆိုင်ရာအချက်များ (မည်သူက၊ မည်သူ့ကို၊ မည်သည့်အချိန်၊ မည်သည့်နေရာမှာ၊ မည်သည့်အတွက်ကြောင့်) စုစုပေါင်းအချက်(၆)ချက်အတွက် (၃)မှတ်၊ မည်သည်ကိုပြောသည် ဟူသည့် ဆိုလိုရင်းကို ရှင်းလင်းရေးသားဖြေဆိုခြင်းအတွက် (၂)မှတ် သတ်မှတ်ထားရာ လိုရင်းတိုရှင်း ဖြေဆိုနိုင်ရန် အထူးသတိပြုသင့်ပါသည်။ ပါဝင်သည့်အခန်းကို ဖော်ပြရာတွင် အခန်းနံပါတ်သက်သက်ကို ဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြသင့်ပါသည်။

နံပါတ် ၅ (ခ)သည် ရေသည်ပြဇာတ်မေးခွန်းရှည်တွင် ယခင်ကအကြောင်းအရာပိုင်းကိုသာမေးပြီး ပေးမှတ်မှာ (၈)မှတ်ဖြစ်သော်လည်း ယခုကျင့်သုံးမည့် မေးခွန်းပုံစံသစ်တွင် ပြဇာတ်အကြောင်းအရာ တစ်ပုဒ်နှင့် ပြဇာတ်အတတ်ပညာ အရေးအသား တစ်ပုဒ် မေးမြန်းမည်ဖြစ်ပါသည်။ နှစ်ပုဒ်အနက် နှစ်သက်ရာတစ်ပုဒ်ကို ရွေးချယ်ဖြေဆိုရပါမည်။ ပေးမှတ်ကို ယခင်က(၈) မှတ်အစား(၁၀)မှတ်သို့ ပြောင်းလဲသတ်မှတ်ထားပါသည်။ (၁၀)မှတ်တန်မေးခွန်းဖြစ်သည့်အတွက် (၁၀)မှတ်နှင့်လိုက်လျောညီထွေဖြစ်အောင် လေ့လာထားရန်လိုအပ်ပါသည်။ ယခင်က(၈)မှတ်ပေးသည့် အနေအထားမျိုးဖြင့်သာ လေ့လာပြင်ဆင်ထားမည်ဆိုပါက ရမှတ်လျော့နည်းသွားနိုင်ပါသည်။ ကျောင်းသူကျောင်းသားများအနေဖြင့် ပြဇာတ်လေ့လာရာတွင် ပြဇာတ်၏ အရေးအသား၊ အတင်အပြနှင့် ပြဇာတ်ဖန်တီးမှုအတတ်ပညာတို့ကိုလည်း မလွဲမသွေ လေ့လာဆည်းပူးသင့်သည်ဖြစ်ရာ အတတ်ပညာနှင့် အရေးအသားတို့ကိုလည်း ပြဇာတ်မေးခွန်းတွင် ထည့်သွင်းမေးမြန်းသွားမည် ဖြစ်ပါသည်။

**မေးခွန်းနံပါတ်(၆)** သည် ယခင်က စာစီစာကုံးတစ်မျိုးတည်းကိုသာ ဖြေဆိုရသည့်မေးခွန်းဖြစ်သော်လည်း ပြောင်းလဲမည့် မေးခွန်းပုံစံတွင် မေးခွန်းနံပါတ်(၆)ကို (က)နှင့်(ခ)ခွဲ၍ မေးခွန်းပုဒ်ခွဲ နှစ်ပုဒ်အဖြစ် ပြင်ဆင်ထားပါသည်။ ၆(က)ကို (၁၀) မှတ်ပေးသည့် စာစီစာကုံးမေးခွန်းအဖြစ်လည်းကောင်း၊ ၆(ခ)ကို အဆိုတစ်ခု ဆွေးနွေးစေသည့် (၁၀)မှတ်ပေးသော မေးခွန်းအဖြစ်လည်းကောင်း ပြောင်းလဲထားပါသည်။ ယခင်အမှတ်(၂၀)ပေးသည့် စာစီစာကုံးတစ်ပုဒ်တည်းကို ဖြေဆိုရခြင်းမှ စာစီစာကုံးနှင့် အဆိုဆွေးနွေး အရေးအသား နှစ်ပုဒ်ခွဲဝေ ဖြေဆိုရမည်ဖြစ်သည်။ နှစ်ပုဒ်ဖြေဆိုရမည်ဖြစ်ရာ နှစ်ခါစဉ်းစားဖြေဆိုရမည့် အချက်ကို အထူးသတိပြုရန် လိုအပ်ပါသည်။ ထိုသို့ စဉ်းစားရမည့်အချိန်နှင့် ရေးသားရမည့်အချိန်တို့ကို လုံလောက်မှုရှိစေရန် ကြိုတင်လေ့ကျင့်ပြင်ဆင်ထားရမည်ဖြစ်သည်။

၆ (က)စာစီစာကုံးမေးခွန်းတွင် (၂)ပုဒ်ပေးထားပြီး (၁)ပုဒ်ဖြေဆိုရမည်ဖြစ်သည်။ စာစီစာကုံးရေးသားရန် ပုံကြမ်းအချက်အလက်(၅)ချက်ပေးထားပြီး အချက်တစ်ချက်ကို စာတစ်ပိုဒ်နှုန်းဖြင့်ဖြေဆိုရမည်ဖြစ်ပါသည်။ စစ်ဆေးအကဲဖြတ်ရာတွင် ယေဘုယျအားဖြင့် အချက်တစ်ချက်(၂)မှတ်နှုန်းဖြင့် အကဲဖြတ်ရန် လျာထားပါသည်။ စာစီစာကုံးဖြေရာတွင် အထူးသတိပြုရမည့်အချက်မှာ မေးထားသည့် ပုံကြမ်းအချက်အလက်များကို မိမိ၏ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့် ရေးသားဖြေဆိုရန် ဖြစ်ပါသည်။ ပေးထားသည့် ပုံကြမ်းအချက်အလက် အစီအစဉ်အတိုင်း မိမိကိုယ်ပိုင်အရေးအသားဖြင့် ဖြေဆိုရမည်ဖြစ်ရာ ပုံကြမ်းအချက်အလက်များကို အခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်ရရှိနိုင်မည် မဟုတ်သည်ကို အထူးသတိပြုသင့်ပါသည်။ ယခုပြောင်းလဲထားသည့် မေးခွန်းပုံစံတွင် စာစီစာကုံးကို အလွတ်ကျက်မှတ်နေပါက အချိန်များစွာကုန်မည့်အပြင် ရမှတ်လည်း ဆုံးရှုံးသွားနိုင်ပါသည်။

၆ (ခ)သည် အသစ်ဖြည့်စွက် ထည့်သွင်းထားသော မေးခွန်းဖြစ်ပါသည်။ ပေးထားသော အဆိုတစ်ရပ်ကိုဖတ်ရှုပြီး မိမိနှစ်သက်ရာဘက်မှ ရပ်တည်ဆွေးနွေးစေသော မေးခွန်းဖြစ်ပါသည်။ ဤမေးခွန်းသည် ကျောင်းသူကျောင်းသားများ၏ ကိုယ်ပိုင်စဉ်းစားဉာဏ်၊ အတွေးအခေါ်၊ ပင်ကိုအရည်အသွေးဖော်ထုတ်ပြသရမည့် မေးခွန်းဖြစ်ပါသည်။ အဆိုကို ဆွေးနွေးဖြေဆိုရာတွင် စာဟန်အရေးအသားဖြင့်သာ ရေးသားရမည်ကို အထူးသတိပြုရပါမည်။ ကျောင်းသူကျောင်းသားတို့၏ ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်းကောင်းလျှင်ကောင်းသလောက်၊ အရေးအသားအတင်အပြကောင်းလျှင် ကောင်းသလောက် အမှတ်ရရှိနိုင်မည့်မေးခွန်းဖြစ်ပါသည်။ ပေးထားသောအဆိုမှာလည်း ကျောင်းသူ ကျောင်းသားအားလုံး ရင်းနှီးကျွမ်းဝင်မည့် ယေဘုယျကျသော အဆိုမျိုးကိုသာ ပေးထားမည်ဖြစ်ပါသည်။ သာဓကအားဖြင့်- "မိုးရွာခြင်းသည် နေသာခြင်းထက် ပို၍ပျော်ရွှင်ဖွယ်ကောင်းသည်"၊ "ပန်းတကာတို့တွင် နှင်းဆီပန်းသည် မြတ်နိုးစရာအကောင်းဆုံး ဖြစ်သည်" စသည့် အကြောင်းအရာမျိုး ဖြစ်ပါသည်။

အဆိုဆွေးနွေးအရေးအသား ဖြေဆိုရန်အတွက် ရရှိမည့်အချိန်အတိုင်းအတာကို အလေးထား သတိပြုရမည်ဖြစ်သည်။ အဆိုဆွေးနွေးမေးခွန်းအတွက် ရေးသားချိန်သည် မိနစ်(၂၀၊ ၂၅)မိနစ် ခန့်သာ ရရှိနိုင်မည်ဖြစ်ရာ ဖြေဆိုရမည့်ပမာဏကို ချိန်ဆနိုင်ရန် အထူးအရေးကြီးပါသည်။ အဆိုဆွေးနွေး အရေးအသားအတွက် စာပိုဒ်(၄)ပိုဒ်သာ ရေးသားဖြေဆိုသင့်သည်။ ပထမပိုဒ်သည် အစပျိုးသည့်နိဒါန်းဖြစ်ပြီး ဒုတိယနှင့်တတိယပိုဒ်တို့သည် စာကိုယ်ဖြစ်ပါသည်။ စတုတ္ထပိုဒ်မှာ မိမိ၏ရပ်တည်ချက်ကို အတည်ပြု နိဂုံးချုပ်သည့် အပိုဒ်ဖြစ်သည်။ စာတစ်ပိုဒ်အတွက် ရေးသားချိန်ကို(၅)မိနစ်ခန့်သာ အသုံးပြုသင့်ပါသည်။ စာပိုဒ်တစ်ပိုဒ်ကို မည်မျှပမာဏရေးသင့်သည်ဆိုသည်မှာမူ ပေးမှတ်နှင့်ချိန်ဆရမည် ဖြစ်သည်။ အဆို ဆွေးနွေးအရေးအသားကို စစ်ဆေးအကဲဖြတ်ရန်အတွက် ယေဘုယျအားဖြင့် ပထမပိုဒ်နိဒါန်းနှင့် စတုတ္ထပိုဒ်နိဂုံးကို(၂)မှတ်စီ၊ ဒုတိယပိုဒ်နှင့် တတိယပိုဒ်စာကိုယ်များကိုမူ(၃)မှတ်စီ သတ်မှတ်လျာထားပါသည်။

တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်သည် မြန်မာစာအရေးအသား၊ မြန်မာစာပေ၏အနှစ်သာရကို ဖော်ကျူးသည့် ဘာသာရပ်ဖြစ်ရာ ဘာသာရပ်၏ အနှစ်သာရကိုသိရှိအောင် လေ့လာသင်ယူရန် လိုအပ်ပါသည်။ စာမေးပွဲဖြေဆိုရာတွင် ကျောင်းသူကျောင်းသားများသည် အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်း၊ ဓမ္မဓိဋ္ဌာန်မေးခွန်း၊ ကဗျာ၊ စကားပြေ၊ ရေသည်ပြဇာတ်ပါ အချက်အလက် စသည်တို့ကို တိတိကျကျ ကျက်မှတ်ရမည်ဖြစ်ပြီး လိုရင်းအချက်အလက်ကို တိတိကျကျဖြေဆိုနိုင်ရန် လိုအပ်ပါသည်။ မိမိစိတ်ကူးစိတ်သန်း၊ အတွေးအခေါ်ဖြင့် အရေးအသားစွမ်းရည်ကို ပြသရမည့် မေးခွန်းများတွင်မူ မေးခွန်းကို ကောင်းစွာ နားလည်သဘောပေါက်အောင်ဖတ်ရှုပြီး မိမိသိရှိထားသည့်၊ လေ့လာမှတ်သားထားသည့် အချက်အလက်များကို မိမိ၏ မြန်မာစာအရေးအသားစွမ်းရည်၊ ကိုယ်ပိုင်စိတ်ကူးဉာဏ်တို့ဖြင့် ပေါင်းစပ်ကာ ရေးသားဖြေဆိုရမည်ဖြစ်သည်။ တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအားလုံး မြန်မာစာမေးခွန်းပုံစံသစ်ကို အခက်အခဲမရှိဖြေဆိုနိုင်ပြီး အောင်ပန်းဆွတ်ခူးနိုင်ကြပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ရပါသည်။

# ကျောင်းကုန်းမြို့နှင့် ရှေးဟောင်းတံကဲတော်

မောင်သာ(ရှေးဟောင်းသုတေသန)

ထေရဝါဒ ဗုဒ္ဓဘာသာကို ပြည်သူအများစု ယုံကြည်ကိုးကွယ်သည့် မြန်မာနိုင်ငံတွင် ဗုဒ္ဓဘုရားရှင်၏ ဆင်းတုရုပ်ပွားတော်များအား နိုင်ငံအနှံ့ မြင်တွေ့ကြရပြီး ပျူခေတ်ကာလမှ ယနေ့တိုင် ထုလုပ်ခဲ့သည့် ဆင်းတုရုပ်ပွားများသည် နိုင်ငံအတွင်း အလွန်များပြားစွာ ရှိနေပေသည်။

ဗုဒ္ဓဘာသာဝင်များ၏အိမ်တိုင်းတွင် ဆင်းတုတော်များ ထားရှိပူဇော်ကြသကဲ့သို့ မြို့ရွာအသီးသီးရှိ ဘုရားကျောင်းကန် စေတီများတွင်လည်း ဗုဒ္ဓဆင်းတုတော်များကို အရွယ်မျိုးစုံ၊ ဟန်မျိုးစုံ တွေ့မြင်ကြရသည်။ ဗုဒ္ဓဆင်းတုတော်များကို ကျောက်၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုဒ် လေးပါးအနက် ဟန်တစ်မျိုးမျိုးဖြင့် ထုလုပ်လေ့ရှိကြရာ ထိုင်တော်မူနှင့် ရပ်တော်မူ ရုပ်ပွားတော်အချို့၏ ကျောဘက်တွင် သစ်သားတံကဲတစ်ခုကို ထားရှိကြသည်။ (တံကဲကို မြန်မာအဘိဓာန်တွင် ပလ္လင်နောက်မှီဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။)

ကြီးမားသော ဆင်းတုတော်များ၏ တံကဲတော်များကို ကနုတ်ပန်းများ၊ ရုပ်လုံး ရုပ်ကြွများဖြင့် ထုလုပ် တန်ဆာဆင်ခဲ့ကြသဖြင့် ပခုက္ကူမြို့ရှိ ရွှေကူတံကဲ အပါအဝင် မြန်မာမှုလက်ရာ တံကဲကြီးများသည် အလွန်ထင်ရှားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ရှိ ပြည်လုံးချမ်းသာဘုရားကြီးမှ တံကဲတော်သည်လည်း တစ်ခု အပါအဝင်ဖြစ်သည်။

## ကျောင်းထိပ်မှ ကုန်း ကျောင်းကုန်း

ကျောင်းကုန်းမြို့သည် ရန်ကုန်-ပုသိမ် ကားလမ်းဘေးတွင် တည်ရှိပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာလကုန်အထိ မြို့နေလူဦးရေ ၁၅၃၆၈ ဦးသာရှိသည့် အေးချမ်းသော မြို့ငယ်တစ်ခုဖြစ်သည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ လွန်ခဲ့သော နှစ်များစွာက ယခုကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနေရာတွင် ပုသိမ်မြို့မှ ဆရာတော်ဦးသုမဏ သီတင်းသုံးခဲ့သည့်ဘုန်းကြီးကျောင်း ရှိခဲ့သည်။ ထိုကျောင်းနေရာသည် ကုန်းလမ်းနှင့် ရေလမ်းမှ သွားလာကြသည့် ခရီးသည်များ နားနေသည့်နေရာတစ်ခု ဖြစ်ခဲ့ပြီး ထိုနေရာ၌ ရွာတည်ခဲ့ချိန်တွင် ဘုန်းကြီးကျောင်း တည်ရှိသည့်ကုန်း(ကျောင်းကုန်း)ဟု အမည်တွင်ခဲ့ကြောင်း မှတ်တမ်းပြုခဲ့သည်။

မျက်ရှင်တော် ပြည်လုံးချမ်းသာဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးသန်းမြင့် ပြုစုသည့် ဘုရားသမိုင်းစာအုပ်တွင် ယခင်က အင်္ဂချောင်းနှင့် အနော်မာချောင်းကြား၌ရှိသည့် သုသာန်တွင် ဇရပ်ကျောင်းတစ်ဆောင်ရှိခဲ့ကြောင်း၊ ရေလမ်းခရီးသွားလာကြသူများသည် သုသာန်ဇရပ်ကျောင်းရှိ ကုန်းတွင် တစ်ထောက်နားလေ့ရှိကြရာမှ ကျောင်းကုန်းရွာလေးဟု အမည်တွင်ခဲ့ကြောင်း ရေးသားခဲ့သည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ခဲ့ပြီးနောက် ခရစ်နှစ် ၁၈၉၂ ခုနှစ်တွင် ကျောင်းကုန်း၌ မြို့ပိုင်ရုံးဖွင့်လှစ်ခဲ့သည်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၇၂ ဇွန် ၂၄ ရက်တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက ကျောင်းကုန်းမြို့နယ်ကို ဖွဲ့စည်းခဲ့ပြီး ယခုအခါတွင် ကျောင်းကုန်းမြို့နယ်၌ ရပ်ကွက် သုံးခု၊ ကျေးရွာ ရပ်ကွက် ၆၅ ခုနှင့် ကျေးရွာ ၄၁၆ ရွာ ရှိသည်။

ပုသိမ်ခရိုင်တွင်ပါဝင်သည့် ကျောင်းကုန်းမြို့နယ်သည် ၂၆၂ ဒသမ ၇၉ စတုရန်းမိုင် ကျယ်ဝန်းလျက် မြို့နယ်တည်နေရာ မြေပုံအညွှန်းသည် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၅ မိနစ် ၄၅ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၉ မိနစ် ၄၅ စက္ကန့် ဖြစ်သည်။ ကျောင်းကုန်းမြို့နယ်သည် အရှေ့ဘက်တွင် ပန်းတနော်မြို့နယ်၊ အနောက်ဘက်တွင် သာပေါင်းမြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်၊ တောင်ဘက်တွင် အိမ်မဲမြို့နယ်၊ မြောက်ဘက်တွင် ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့နှင့် နယ်နိမိတ်ထိဆက်နေကာ မြို့၏အကျယ်အဝန်းသည် ၅ ဒသမ ၄၂ စတုရန်းမိုင်ဖြစ်သည်။ ဒါးကမြစ်သည် မြို့နယ်အတွင်း ဝက်ချောင်းကျေးရွာမှ ဖြိုက်ကြီးကျေးရွာအထိ မြောက်မှတောင်သို့ ၂၃ မိုင် ဖြတ်သန်းစီးဆင်းလျက်ရှိသည်။

မြို့နယ်အတွင်း ဗမာလူမျိုး ၆၅ ရာခိုင်နှုန်းနှင့် ကရင်လူမျိုး ၃၄ ရာခိုင်နှုန်း နေထိုင်ကြကာ မြို့နယ်၏လူဦးရေ ၁၆၇၁၀၁ ဦးအနက် ဗုဒ္ဓဘာသာကိုးကွယ်သူ ၁၅၀၆၂၀ ရှိသည်။ မြို့နယ်အတွင်း၌ ဘုရားစေတီ ၇၆ ဆူ၊ ဘုန်းကြီးကျောင်း ၂၁၆ ကျောင်း၊ သီလရှင်ကျောင်းတစ်ကျောင်း ရှိကာ ရဟန်း ၆၆၅ ပါး၊ သာမဏေ ၃၆၃ ပါး၊ သီလရှင် ၅၇ ပါး သီတင်းသုံးနေကြသည်။ မြို့နယ်အတွင်းရှိ ဘုရားများအနက် အမှတ်(၂) ရပ်ကွက်ရှိ ပြည်လုံးချမ်းသာဘုရား၊ အမှတ်(၁)ရပ်ကွက်ရှိ မိုးကောင်းဘုရား၊ ရေခလုပ်ရွာရှိ ထူပါရုံဘုရားနှင့် မင်းမနိုင်ဘုရားတို့သည် အထူးထင်ရှားသည်။

## မျက်ရှင်တော် ပြည်လုံးချမ်းသာ ဘုရား

ကျောင်းကုန်းမြို့လယ်ရှိ ဒက္ခိဏာရာမ ပရိယတ္တိစာသင်တိုက်ဝင်းထဲ၌ သီတင်းသုံးနေသည့် ပြည်လုံးချမ်းသာရုပ်ပွားတော်သည် သက်တမ်း နှစ် ၁၀၀ ကျော်ပြီဖြစ်သည့် ရှေးဟောင်းဆင်းတုတော်ကြီးဖြစ်သည်။ ယင်းဆင်းတုတော်ကြီးကို မြန်မာသက္ကရာဇ် ၁၂၆၇ ခုနှစ်တွင် လက်ရှိနေရာ၌ ထားရှိပူဇော်ခဲ့ပြီး ဘုရားကြီးတည်ထားသည့် မြန်မာသက္ကရာဇ်ကို 'အေးချမ်းသာတုန်း ကြုံကြိုက်တုန်း၊ ထေရ်ဘုန်း ဘုရားတည်'ဟု မှတ်သားခဲ့ကြသည်။ ပြည်လုံးချမ်းသာရုပ်ပွားတော်ကြီးကို ပူဇော်ခဲ့သည့် ဆရာတော် ဘဒ္ဒန္တကေသရ မဟာထေရ်သည် မြန်မာသက္ကရာဇ် ၁၂၅၄ ခုနှစ်တွင် ကျောင်းကုန်းမြို့ ဒက္ခိဏာရာမ ရွှေကျင်စာသင်တိုက်ကို ထူထောင်ခဲ့ရာ 'အေးချမ်းပြည်လုံး ကြုံကြိုက်တုန်း၊ ထေရ်ဘုန်းကျောင်းတိုက်တည်'ဟု ထပ်မံမှတ်သားခဲ့ကြသည်။

ဆရာတော်သည် ကျောင်းတိုက်ဝင်းအတွင်းရှိ ပြိုပျက်နေသည့် စေတီကုန်း ၂၀ မှ ဓာတ်တော်မွေတော်များကို စုစည်းလျက် ပြည်လုံးချမ်းသာရုပ်ပွားတော်ကြီးကို ထုလုပ်ကာ ဒက္ခိဏာရာမ ရွှေကျင်စာသင်တိုက်ဝင်းအတွင်းရှိ ခြောက်ကေကျယ်ဝန်းသည့် လက်ရှိနေရာတွင် ပူဇော်ခဲ့သည်။ ဉာဏ်တော် ၂၅ ပေ ၇ လက်မ၊ ကိုယ်လုံးတော်ပတ်လည် ၂၃ ပေရှိသည့် ရုပ်ပွားဆင်းတုတော်ကြီးကို ခြောက်ပေမြင့်သည့် ပလ္လင်တော်ပေါ်တွင် တင်လှူထားရှိခဲ့ရာ ယနေ့တိုင် ဖူးမြင်နိုင်ကြပေသည်။

ဆင်းတုတော်ကြီး ထုလုပ်ပူဇော်ရန် ထိုစဉ်က ကျောင်းကုန်းမြို့အုပ် ဦးရွှေသားနှင့် မြို့သူမြို့သားများက ဝိုင်းဝန်းကူညီ စုပေါင်းလှူဒါန်းခဲ့သဖြင့် မြန်မာသက္ကရာဇ် ၁၂၆၇ ခုနှစ် နယုန်လဆန်း ၁၄ ရက်(ခရစ်နှစ် ၁၉၀၅ ဇွန် ၁၅ ရက်)တွင် ပန္နက်တင်ခဲ့သည်။ ဆရာတော် ဘဒ္ဒန္တကေသရမဟာထေရ် ပျံလွန်တော်မူပြီးနောက် သက္ကရာဇ် ၁၂၁၈ ခုနှစ်တွင် ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက် ဒုတိယဆရာတော် ဘဒ္ဒန္တကုသလသည် ရေကြည်မြို့မှ ပန်းပုပညာရှင်ဦးချစ်လှိုင်နှင့် တိုင်ပင်လျက် သဲကိုကျိုချက်ထားသည့်



ကျောင်းကုန်း ပြည်လုံးချမ်းသာတံကဲတော်ကြီးမှ ရုပ်တုများ

မျက်လုံးတော်ကို ရုပ်ပွားတော်တွင် တပ်ဆင်ပူဇော်ခဲ့သည်။ ယင်းမျက်လုံးတော်သည် လူသားတစ်ဦး၏ ပကတိမျက်လုံးကဲ့သို့ အသက်ဝင်လှသဖြင့် မျက်ရှင်တော် ပြည်လုံးချမ်းသာဘုရားကြီးဟု ဘွဲ့မည်ဖြင့် ထင်ရှားလာခဲ့သည်။

## ပလ္လင် တံကဲ

မြန်မာအဘိဓာန်က ပလ္လင်နောက်မှီဟု ရိုးရှင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် တံကဲသည် သစ်သား(သို့မဟုတ်) အင်္ဂတေကို ချူးပန်း၊ ချူးနွယ်၊ ကနုတ်များဖြင့် အလှဆင်ထုလုပ်သည့် မြန်မာ့ရိုးရာ ပန်းပုနှင့် ပန်းတော့ အနုပညာလက်ရာဖြစ်သည်။ မြန်မာ့ဗိသုကာပညာရပ်တွင် စုလစ်မွမ်းချွန်ဟုခေါ်သည့် အပြောက်အမွမ်းများကို သစ်သား၊ ကျောက်၊ အင်္ဂတေ၊ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သတ္တု စသည်တို့ဖြင့် ပြုလုပ်လေ့ရှိခဲ့သည်။ အပြောက်အမွမ်းများကို ရုပ်လုံး၊ ရုပ်ကြွ၊ ရုပ်ခုံးများဖြင့် ပုံသဏ္ဌာန်အမျိုးမျိုး ပုံဖော်ကြသလို ဘီလူးပန်းဆွဲ၊ ဂဠုန်၊ ကိန္နရာ၊ သိကြားမင်း၊ ဥဒေါင်း၊ ဆင်၊ ခြင်္သေ့ စသည့် အရုပ်များကိုလည်း ပန်းကနုတ်များဖြင့် လက်ရာမြောက်စွာ အလှဆင်ထုလုပ်ကြသည်။

မြန်မာမှုလက်ရာ အပြောက်အမွမ်းများအနက် သစ်သားတံကဲ အနုလက်ရာများကို မြန်မာနိုင်ငံအနှံ့အပြားရှိ စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်း၊ တန်ဆောင်း စသည့် သာသနိကအဆောက်အအုံများတွင် အများဆုံးတွေ့ရှိနိုင်သည်။ တံကဲကို ပလ္လင်နှင့်တွဲ၍ ပလ္လင်တံကဲဟု ခေါ်ဆိုပြီး မြန်မာအဘိဓာန်က ပလ္လင်ကို 'မြင့်မြတ်သောပုဂ္ဂိုလ်တို့ ထိုင်ရန်ပြုလုပ်ထားသော ခုံမြင့်'ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ပလ္လင်တံကဲတွင် ခြင်္သေ့၊ ဆင်ပျံ၊ လောကနတ်၊ ဒေါင်းမြီးယပ်၊ ဆင်နား၊ တံခါးတိုင်၊ သိကြား၊ ကိန္နရာ၊ သမ္မာဒေဝ၊ ချူး၊ ကြာ၊ ဦးဆောက်ပန်းဟူသည့် နေရာ ၁၂ ခု ထည့်သွင်းပြုလုပ်လေ့ရှိရာ ခြင်္သေ့ကို ပလ္လင်အောက်ခုံနေရာတွင် အများဆုံးထုလုပ်ကြသည်။ ယင်းတို့ကို သီဟာသနပလ္လင်တွင် ထင်ရှားစွာ မြင်တွေ့ကြရပေသည်။

ဆင်းတုရုပ်ပွားတော်များ၏ နောက်မှီ သစ်သားတံကဲအပြင် ဘုရားစေတီတော်များ၏ မုခ်ပေါက်များတွင် အုတ်အင်္ဂတေဖြင့်ပြုလုပ်သည့် မုခ်ကပ်တံကဲများကို တွေ့ရှိနိုင်သည်။ ဘုရားတန်ဆောင်းများ၏ ဝင်ပေါက်အထက် မုခ်ခုံး၊ ဝင်ပေါက် မုခ်ဝ၊ မုခ်ဦး၊ ပြတင်းနှင့် တံခါးပေါက်နေရာများတွင် အင်္ဂတေတံကဲများကို ပန်းကနုတ်များဖြင့် အလှဆင်ကာ မုခ်ကပ်များအဖြစ် တပ်ဆင်ကြသည်။ ရှေးဟောင်း ဘုန်းတော်ကြီးကျောင်းများရှိ မုခ်တံကဲများကိုမူ သစ်သားဖြင့် အများဆုံးပြုလုပ်ကြပြီး ပန်းကနုတ်များနှင့်အတူ သိကြားမင်း၊ နတ်၊ ကျေး၊ ဒေါင်း အစရှိသည့် ရုပ်တုများကိုပါ ထည့်သွင်းထုလုပ်ကြသည်။

ဗုဒ္ဓဝင်ဇာတ်တော်၊ နိပါတ်တော်များထဲမှ ဇာတ်ကွက်များကို ပန်းခက်ပန်းနွယ်များဖြင့် ပုံဖော်ထားသည့် တံကဲများသည် သစ်သားပြားများကို သုံးထပ်၊ ငါးထပ်၊ ရှစ်ထပ်စသည်ဖြင့် အလွှာများပြုလုပ်၍ အနုစိတ်ပုံဖော်သည့် မြန်မာ့လက်မှုအနုပညာ လက်ရာများဖြစ်ကြသည်။ ယခုအချိန်တွင် ပုဂံ၊ အင်းဝ၊ ညောင်ရမ်းခေတ်များက ထုလုပ်ခဲ့သည့် သစ်သားတံကဲများသည် ဆွေးမြည့်ပျက်စီးမှုကြောင့် များစွာ မကျန်ရှိတော့ဘဲ ကုန်းဘောင်ခေတ်လက်ရာ သစ်သားတံကဲများကိုသာ အများဆုံး မြင်တွေ့နိုင်ကြပေသည်။

## ပြည်လုံးချမ်းသာတံကဲတော်

ကျောင်းကုန်းမြို့ရှိ ပြည်လုံးချမ်းသာ ရုပ်ပွားတော်နှင့်အတူ သက်တမ်း နှစ်ပေါင်း ၁၀၀ ကျော်ပြီဖြစ်သည့် တံကဲတော်ကြီးကို လာရောက်လေ့လာရန် ဒက္ခိဏာရာမ ရွှေကျင်စာသင်တိုက် တိုက်အုပ်တိုက်ကြပ်ဆရာတော် ဦးဣန္ဒြိယ၏ ဖိတ်ခေါ်မှုအရ ကျောင်းကုန်းမြို့သို့ ရောက်ရှိခဲ့ရာ ပြည်လုံးချမ်းသာဘုရားကြီး၏ တံကဲတော်သည် ကျွန်တော်မြင်တွေ့ဖူးခဲ့သည့် သက်တမ်း နှစ် ၁၀၀ ကျော် သစ်သားတံကဲများအနက် အမြင့်ဆုံးနှင့် အကြီးဆုံး ဖြစ်ပေသည်။

ဘဒ္ဒန္တကေသရ မဟာထေရ်သည် ပြည်လုံးချမ်းသာရုပ်ပွားတော်ကို ထုလုပ်ပြီး လက်ရှိပလ္လင်တော်ပေါ်၌ အပူဇော်ခံထားရှိချိန်တွင် ရုပ်ပွားတော်ကြီး၏ကျောဘက်၌ ထားရှိမည့် တံကဲတော်ထုလုပ်ရန် ပခုက္ကူမြို့ရှိ ရွှေကူတံကဲ၊ သီဟိုဠ်ရှင်ဘုရား တံကဲနှင့် ကနောင်မြို့ရှိတံကဲတို့ကို ထုလုပ်ခဲ့သူ ပန်းပုဆရာ ဦးကံကြီးနှင့် သား ဦးတေတို့အား လုပ်ငန်းအပ်နှံခဲ့သည်။ တံကဲတော်ကြီးကို ကျွန်းသစ်တုံး ငါးတုံး၏ အထပ်ငါးထပ်တွင် ကနုတ်ပန်းများ၊ လူ၊ နတ်၊ တိရစ္ဆာန်ရုပ်များ ထည့်သွင်း၍ ထုလုပ်ခဲ့သည်။ တံကဲတော် ထုလုပ်ချိန် သုံးနှစ် ကြာမြင့်ခဲ့ကာ လုပ်အားခ ကျပ် ၉၆၀၀ ကျသင့်ခဲ့သဖြင့် ထိုစဉ်က ရွှေဈေးအရ ရွှေသုံးပိဿာတန်ဖိုး ဖြစ်ပေသည်။

အလွှာအထပ်များပြုလုပ်၍ အလှဆင်ထားသည့် တံကဲတော်များအနက် ပခုက္ကူမြို့ရှိ ရွှေကူတံကဲတော်သည် အထင်ရှားဆုံးဖြစ်ကာ သီဟိုဠ်ရှင်ဘုရားရှိ တံကဲတော်မှာမူ မီးလောင်ကျွမ်းခံရခြင်းကြောင့် ဓာတ်ပုံကိုသာ မြင်ကြရသည်။ ကျောင်းကုန်း ပြည်လုံးချမ်းသာ တံကဲတော်ကို ရွှေကူတံကဲ၊ သီဟိုဠ်ရှင်တံကဲနှင့် ကနောင်တံကဲတို့ကို ထုလုပ်ခဲ့သည့် ပန်းပုပညာရှင် သားအဖကပင် ထုလုပ်ခဲ့သဖြင့် လက်ရာများသည် များစွာတူညီနေခဲ့သည်။ ရွှေကူတံကဲတွင် ပန်းပုရုပ် ၁၃၆ ရုပ်နှင့် တိရစ္ဆာန် ၁၈ ရုပ် ထည့်သွင်းထုလုပ်ခဲ့ကာ ပြည်လုံးချမ်းသာတံကဲတော်တွင် လူ၊ နတ်၊ ဗြဟ္မာရုပ် ၁၇၄ ရုပ်နှင့် တိရစ္ဆာန်ရုပ် ၁၂ ရုပ် ပါရှိခဲ့သည်။ ရွှေကူတံကဲတော်ကို အထူ ရှစ်လက်မရှိသည့် ယမနေသစ်တုံး ငါးတုံးဖြင့် ထုလုပ်ခဲ့ကာ ပြည်လုံးချမ်းသာတံကဲတော်ကို ကျွန်းတုံး ငါးတုံးဖြင့် ထုလုပ်ခဲ့သည်။ တံကဲတော်၏အထူသည် ရုပ်ပွားတော်၏ လက်ဝဲဘက်ခြမ်း၌ ခြောက်လက်မဖြစ်၍ လက်ယာဘက်ခြမ်း၌ ခုနစ်လက်မဖြစ်သည်။

ရွှေကူတံကဲတော် အမြင့်သည် ၁၂ ပေ ၁၀ လက်မ၊ ရွှေတန့်တစ်တံကဲသည် အမြင့် ၁၃ ပေ ၃ လက်မရှိကာ ပြည်လုံးချမ်းသာတံကဲသည် ၂၅ ပေ ၇ လက်မ မြင့်သဖြင့် အမြင့်ဆုံးဟု ဆိုနိုင်ပေသည်။ တံကဲတော်အရွယ်မှာ ရွှေကူတံကဲက ၅ ပေ ၁၀ လက်မ၊ ရွှေတန့်တစ်တံကဲက ၁၀ ပေဖြစ်ပြီး ပြည်လုံးချမ်းသာတံကဲက ၁၅ ပေ ၁၀ လက်မ ရှိသဖြင့် အကြီးဆုံးဖြစ်သည်။

## တံကဲတော်နှင့် ဗုဒ္ဓဝင်ဇာတ်ကွက်များ

ပန်းပုဆရာ ဦးကံကြီးနှင့် သားဦးတေတို့သည် တံကဲတော်များတွင် ပန်းကနုတ်များနှင့်အတူ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်လာ ဇာတ်ကွက်များကို ထုလုပ်ခဲ့ရာ ရွှေကူတံကဲတော်တွင် ဒေဝါရောဟဏဇာတ်၊ နေမိဇာတ်၊ သာမိဏဇာတ်နှင့် ဗိမ္ဗိသာရဇာတ်တို့မှ ဇာတ်ဝင်ခန်း ၁၂ ခန်းကို ထွင်းထုခဲ့သည်။ ထို့အတူ ဦးချမ်းသာနှင့် ဆရာအေးတို့သည် ရွှေတန့်တစ်တံကဲတွင် ဝိဓူရဇာတ်တော်လာ ဇာတ်ဝင်ခန်း ၁၃ ခန်းကို ထုလုပ်ခဲ့ကြသည်။

ပြည်လုံးချမ်းသာ တံကဲတော်ကြီးတွင် ဇာတ်ဝင်ခန်း ၁၅ ခန်းကို ထွင်းထုထားရာ တာဝတိံသာနတ်ပြည်တွင် တရားဟောကြားနေသည့် ဘုရားရှင်သည် လူ့ပြည်သို့ မည်သည့်ရက်တွင် ပြန်လည်ဆင်းကြွလာမည်ကို လူပရိသတ်များက ရှင်မောဂ္ဂလန် မထေရ်အား မေးမြန်းနေပုံကို တံကဲတော်၏ထိပ်ပိုင်း ဝဲယာနှစ်ဖက်တွင် ထွင်းထုထားသည်။ ပြည်လုံးချမ်းသာရုပ်ပွားတော်၏ လက်ယာဘက်ခြမ်းတွင် ဇာတ်ကွက် ငါးကွက်နှင့် လက်ဝဲဘက်ခြမ်းတွင် ဇာတ်ကွက် ကိုးကွက်တို့ကို ထုလုပ်ထားသဖြင့် ဇာတ်ကွက်ပေါင်း ၁၅ ကွက်ကို မြင်တွေ့ကြရပေသည်။

တံကဲတော်ကြီး၏ လက်ယာဘက်ခြမ်း၌ အဇာတသတ်မင်းသားက ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအား နန်းချစဉ် ဝေဒေဟီမိဖုရားကြီး ငိုကြွေးနေပုံ၊ ထောင်သွင်း အကျဉ်းချခံထားရသည့် မင်းကြီးအား မိဖုရားကြီးက စတုမဓုသုတ်လိမ်းထားသော မြတဘက် ဆက်နေပုံ၊ သိဒ္ဓတ္ထမင်းသား တောမထွက်မီ ယသော်ဓရာနှင့် သားတော် ရာဟုလာတို့ကို ကြာခြည်လုပ်၍ ကြည့်နေပုံ၊ တောထွက်သည့်လမ်းတွင် မာရ်နတ်က တားဆီးပုံနှင့် ဒသဂီရိဘီလူးက မယ်သီတာအား ပန်းရထားဖြင့် ခိုးယူသွားပုံတို့ကို တွေ့ရှိနိုင်ကြသည်။

တံကဲတော်၏ လက်ဝဲဘက်ခြမ်းတွင် နေမိမင်းကြီးအား နတ်ပြည်သို့ ခေါ်ဆောင်သွားပုံ၊ ဝေဿန္တရာမင်းကြီးထံမှ သားတော် ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့ကို စူဇကာပုဏ္ဏားက အလှူခံပုံ၊ ကဏ္ဍကမြင်း သေဆုံးသွားသဖြင့် မြင်းမြီးဆွဲမောင်ဆန် ငိုကြွေးနေပုံ၊ သိဒ္ဓတ္ထမင်းသား တောထွက်သွားသဖြင့် သားတော် ရာဟုလာကို ပွေ့ဖက်လျက် ယသော်ဓရာမင်းသမီး ငိုကြွေးနေပုံ၊ သိဒ္ဓတ္ထမင်းသား ဆံတော်ပယ်၍ ယင်္ဂုကာရပြဟ္မာက ကြာသင်္ကန်းကပ်လှူပုံ၊ ဒေဝဒတ်က အဇာတသတ်မင်းသားအား ဖခင်ကိုသတ်ရန် အကြံပေးနေပုံ၊ ဝေဒေဟီမိဖုရားကြီး ငိုကြွေးနေပုံ၊ ဖခင်ကြီးအား မသတ်ရန် ဝေဒေဟီမိဖုရားကြီးက သားတော် အဇာတသတ်အား တောင်းပန်နေပုံနှင့် ဗိမ္ဗိသာရမင်းကြီး၏ခြေဖဝါးကို ခွဲနေပုံများကို မြင်ကြရပေသည်။

ပြည်လုံးချမ်းသာတံကဲတော်ကို ကျောင်းကုန်း နယ်သူနယ်သားများက စုပေါင်း လှူဒါန်းခဲ့ကာ တံကဲတော်ကိုထုလုပ်ခဲ့သည့် ခုနှစ်သက္ကရာဇ်ကို ရေးသားထားသည်ဟု ယူဆရသည့် ပေရွက်လွှာပုံ သစ်ပြားငယ်တစ်ခုစီကို တံကဲတော်၏တစ်ဖက်စီတွင် တွေ့ရသော်လည်း တံကဲတော်ကို ဆေးများသုတ်ကာ မွမ်းမံခဲ့သဖြင့် စာသားများကို မမြင်တွေ့ရတော့ပေ။

လွန်ခဲ့သော နှစ်၁၀၀ ကျော်က လက်ရာမြောက်စွာထုလုပ်ခဲ့သည့် သစ်သား တံကဲတော်များကို နှစ်ကာလရှည်ကြာစွာ တည်တံ့စေရန် အမိုးအကာအောက်တွင် ထားရှိကြကာ ရာသီဥတုဒဏ်၊ အင်းဆက်ပိုးမွှားများဒဏ်နှင့် မီးလောင်ခြင်း အပါအဝင် သဘာဝဘေးဒဏ်များမှ လွတ်ကင်းရန်လည်း ထိန်းသိမ်းစောင့်ရှောက်ထားကြရပေသည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်က ပြည်လုံးချမ်းသာဘုရားကြီး ဘက်စုံ တည်ဆောက်မွမ်းမံမှုများ ဆောင်ရွက်ခဲ့စဉ် တိုက်အုပ်ဆရာတော် ဦးဣန္ဒြိယနှင့် ဂေါပကအဖွဲ့ဝင်များသည် တံကဲတော်ကြီးကို မထိခိုက်စေရန် အထူး စောင့်ရှောက်ကာကွယ်ခဲ့ကြသည်။

ကျောင်းကုန်းနယ်သူနယ်သားများ အစဉ်အဆက် ထိန်းသိမ်းခဲ့သည့် တံကဲတော်ကြီးသည် အနုပညာလက်ရာမြောက်လှသဖြင့် ရန်ကုန်မြို့မှ မိုင် ၇၀ ကွာဝေးပြီး ရန်ကုန်-ပုသိမ် ကားလမ်းပေါ်တွင် တည်ရှိသည့် ကျောင်းကုန်းမြို့သို့ အလွယ်တကူ သွားရောက်ကြည့်ရှုနိုင်ကြသည်။ ထို့အတူ ချောင်းသာ၊ ငွေဆောင် ပင်လယ်ကမ်းခြေများသို့ သွားကြသည့် ပြည်တွင်းပြည်ပ ခရီးသွားများသည်လည်း ကျောင်းကုန်းမြို့သို့ဝင်ရောက်ကာ သက်တမ်း ၁၁၃ နှစ်ရှိပြီဖြစ်သည့် ရှေးဟောင်းတံကဲတော်ကြီးကို ဝင်ရောက်လေ့လာနိုင်ကြပေသည်။ ။

**"အလွှာအထပ်များပြုလုပ်၍ အလှဆင်ထားသည့် တံကဲတော်များအနက် ပခုက္ကူမြို့ရှိ ရွှေကူတံကဲတော်သည် အထင်ရှားဆုံးဖြစ်ကာ သီဟိုဠ်ရှင်ဘုရားရှိ တံကဲတော်မှာမူ မီးလောင်ကျွမ်းခံရခြင်းကြောင့် ဓာတ်ပုံကိုသာ မြင်ကြရသည်။ ကျောင်းကုန်း ပြည်လုံးချမ်းသာ တံကဲတော်ကို ရွှေကူတံကဲ၊ သီဟိုဠ်ရှင်တံကဲနှင့် ကနောင်တံကဲတို့ကို ထုလုပ်ခဲ့သည့် ပန်းပုပညာရှင် သားအဖကပင် ထုလုပ်ခဲ့သဖြင့် လက်ရာများသည် များစွာတူညီနေခဲ့သည်"**

# တို့ညီနောင်စု တည်ထောင်ပြု ပြည်ထောင်စုတွက် လက်ချင်းယှက်

**မိမိကြီး (I.R)**



၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။

ပြည်ထောင်စုနေ့ကို နှစ်စဉ်ရည်ရွယ်ချက် ကြီးကြီးမားမားဖြင့် ကျင်းပနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ဘာသာရေးဆိုင်ရာ ပိတ်ရက်များကိုဖယ်၍ နိုင်ငံရေးဆိုင်ရာ တရားဝင်အစိုးရရုံးပိတ်ရက်များကို ရေတွက်ကြည့်လျှင် ခုနစ်ရက်သာရှိသည်။ လွတ်လပ်ရေးနေ့ (ဇန်နဝါရီလ ၄ ရက်)၊ ပြည်ထောင်စုနေ့ (ဖေဖော်ဝါရီလ ၁၂ ရက်)၊ တောင်သူလယ်သမားနေ့ (မတ်လ ၂ ရက်)၊ တပ်မတော်နေ့(မတ်လ ၂၇ ရက်)၊ အလုပ် သမားနေ့ (မေလ ၁ ရက်)၊ အာဇာနည်နေ့ (ဇူလိုင်လ ၁၉ ရက်)နှင့် အမျိုးသားနေ့ (တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက်)တို့ ဖြစ်ကြသည်။ ယင်း ခုနစ်ရက်အနက်ကျောင်းများတွင် အခမ်းအနားများ အကြီးအကျယ်လုပ်သည်မှာ လေးရက်သာရှိသည်။ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အာဇာနည်နေ့နှင့် အမျိုးသားနေ့ဖြစ်သည်။ ယင်း လေးရက်စလုံးသည် မြန်မာ့လွတ်လပ်ရေးနှင့် သက်ဆိုင်သည်။ လွတ်လပ်ရေးရသည့်နေ့၊ လွတ်လပ်ရေးအတွက် သွေးစည်းညီညွတ်ကြောင်းပြသည့်နေ့၊ လွတ်လပ်ရေးကြိုးပမ်းရင်း အသက်စွန့်သွားခဲ့ရသော အာဇာနည်ကြီးများကို ဂုဏ်ပြုသည့်နေ့နှင့် လွတ်လပ်ရေးကြိုးပမ်းရန် အမျိုးသားစိတ်ဓာတ် စတင်နိုးကြားလာသောနေ့ (အမျိုးသားနေ့)စသည်တို့ ဖြစ်သည်။

**မီးမောင်းထိုးပြသည့်နေ့**

ပြည်ထောင်စုနေ့မှာမူ လွတ်လပ်ရေးကြိုးပမ်းမှုတစ်ခုတည်းနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ စည်းလုံးညီညွတ်မှုကို မီးမောင်းထိုးပြသည့်နေ့ ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကြားတွင် ပြဿနာများကို ဆွေးနွေးညှိနှိုင်းကာ စကားဝိုင်းဖြင့် ဖြေရှင်းနိုင်ကြောင်း ပြသသည့်ပွဲဖြစ်သည်။ တူတာတွေကိုဗဟိုပြု၊ မတူတာတွေ ညှိနှိုင်း၍ အားလုံးအတွက် အကျိုးရှိအောင် ဆောင်ရွက်နိုင်ကြောင်း သက်သေပြသည့်ပွဲဖြစ်သည်။ ထို့ကြောင့်ကျွန်မတို့က "ပင်လုံစိတ်ဓာတ်" ဟု အမြတ်တနိုး ခေါ်ဝေါ်သုံးစွဲနေကြခြင်း ဖြစ်သည်။

**လွတ်လပ်ရေးပေးဖို့ တောင်းဆို**

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့ လွန်ခဲ့သော ၇၂ နှစ်ကျော်က ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော အမျိုးသားခေါင်းဆောင် ၁၆ ဦးတို့သည် "တစ်နှစ်အတွင်း လွတ်လပ်ရေးရရန်" ဟူ၍ လန်ဒန်သွားကာ အရေးဆိုကြသည်။ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဗိုလ်ချုပ်တို့အဖွဲ့ကို ဗြိတိသျှဝန်ကြီးချုပ် ကလီးမန့်အက်တလီနှင့် အစိုးရအဖွဲ့ဝင်များက လက်ခံတွေ့ဆုံသည်။ မြန်မာပြည်တောင်တန်းဒေသဆိုင်ရာမင်းကြီး မစ္စတာစတီဗင်ကြိုးဆွဲရာကနေသော ပဒေသရာဇ်ရှမ်းစော်ဘွားအချို့က ဗိုလ်ချုပ်သည် ရှမ်းစော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်၊ တောင်တန်းဒေသကိစ္စဆွေးနွေးရန် ရှမ်းစော်ဘွားများကို သီးသန့်ဖိတ်ပါဟု လားရှိုးမှနေ၍ လန်ဒန်သို့ တိတ်တဆိတ် ကြေးနန်းရိုက်လိုက်ကြသည်။ ရှမ်းစော်ဘွားတို့၏ ကြေးနန်းစာကြောင့် အင်္ဂလိပ်အစိုးရက မြန်မာပြည်မကိုသာလွတ်လပ်ရေးပေးပြီး တောင်တန်းဒေသကို ချန်လှပ်ထားမည်ဟု ဆိုလာခဲ့ကြသည်။ သို့သော်ဗိုလ်ချုပ်က တောင်တန်းဒေသမပါသောလွတ်လပ်ရေးသည် မြန်မာနိုင်ငံအတွက် အဓိပ္ပာယ်မရှိသောလွတ်လပ်ရေးဖြစ်သည်။ ခင်ဗျားတို့မြန်မာပြည်သိမ်းခဲ့စဉ်က ပြည်မ၊ တောင်တန်း အကုန်သိမ်းခဲ့သည့်အတိုင်း အားလုံးကိုတစ်ပြိုင်တည်း လွတ်လပ်ရေးပေးဖို့တောင်းဆိုခဲ့သည်။

**သက်သေပြဖို့ လိုက်ခဲ့**

နောက်ဆုံးတွင် ဇန်နဝါရီလ ၂၇ ရက်နေ့၌ အချက် ရှစ်ချက်ပါသော အောင်ဆန်း-အက်တလီစာချုပ်ကိုလက်မှတ်ထိုးနိုင်ခဲ့သည်။ ဒီကြားထဲမှာပင် မြန်မာကိုယ်စားလှယ်အဖွဲ့အတွင်းမှ ဂဠုန်ဦးစောနှင့် သခင်ဗစိန်တို့က ဆန့်ကျင်ကန့်ကွက်ကြောင်း လက်မှတ်ထိုးခဲ့ကြသေးသည်။ မည်သို့ပင်ဆိုစေစာချုပ်၏ စာပိုဒ် (ဂ)တွင်တောင်တန်းဒေသများတွင်နေထိုင်ကြသောသူများ၏ လွတ်လပ်သောသဘောတူညီချက်အရ ဆောလျင်စွာ ပူးပေါင်းနေထိုင်ရန် သဘောတူပါလျှင် တစ်ပါတည်း လွတ်လပ်ရေးပေးမည်။ နောက်လဆန်းတွင် ကျင်းပမည့် ပင်လုံကွန်ဖရင့်တွင် နယ်ခြားဒေသခေါင်းဆောင်ကိုယ်စားလှယ်များကို မေးမြန်းရမည်။ ပြည်နယ်နှင့် တောင်တန်းသားများ ပူးပေါင်းရေးကို တောင်တန်းသားများက သူတို့ဘာသာဆုံးဖြတ်ပါစေဟူသော အချက်ကို ထည့်သွင်းပြီး စာချုပ်ကို လက်မှတ်ထိုးနိုင်ခဲ့ကြသည်။ ထို့ကြောင့် ဗိုလ်ချုပ်တို့မှာ ပြည်မနှင့်တောင်တန်းဒေသ ပြည်နယ်များသည် တစ်စည်းတစ်လုံးတည်း၊ တစ်သဘောတည်းဖြစ်ကြောင်းကို သက်သေပြဖို့လိုလာခဲ့သည်။ စော်ဘွားနှစ်ဦး၏ ကြေးနန်းစာဖြင့် တောင်တန်းနှင့် မြေပြန့်ကို ခွဲခြားခဲ့ခြင်းသည် ပင်လုံစိတ်ဓာတ်ကို စတင်သန္ဓေတည်အောင် နိုးဆွပေးလိုက်ခြင်းပင် ဖြစ်တော့သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့မှစ၍ ရှမ်းပြည်နယ် ပင်လုံမြို့တွင် ရှမ်း၊ ကချင်၊ ချင်းကိုယ်စားလှယ်များ ပူးပေါင်းကာ အစည်းအဝေးများ ကျင်းပခဲ့ကြသည်။ ဖေဖော်ဝါရီလ ၇ ရက် နေ့တွင် တောင်တန်းသားများ ညီညွတ်ရေးဦးစီးအဖွဲ့ကို အဖွဲ့ဝင် ၁၈ ဦးဖြင့် ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုအချိန်တွင် တောင်တန်းဒေသ မင်းကြီး မစ္စတာစတီဗင်ကသွေးခွဲစကားများ ပြောဆိုခဲ့သော်လည်း ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်ဦးဆောင်သော ရှမ်းစော်ဘွားများအဖွဲ့က ဗိုလ်ချုပ်ကိုသာ ထောက်ခံခဲ့ကြသည်။

**တရားဝင်လက်မှတ်ရေးထိုး**

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် မြန်မာပြည်မှ ဖဆပလ အဖွဲ့ချုပ်ဥက္ကဋ္ဌလည်းဖြစ် အင်္ဂလိပ်ဘုရင်ခံ၏ အမှုဆောင်ကော်မတီဒုတိယဥက္ကဋ္ဌနှင့် နန်းရင်ဝန်လည်းဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒိုမီနီယံအတွင်းဝန် မစ္စတာဘော့တွမ်လေတို့ ပင်လုံသို့ ရောက်လာကြသည်။ ဗိုလ်ချုပ်က ဗမာပြည်အစိုးရ၏ ကိုယ်စားလှယ်အဖြစ် လာရောက်ခြင်း ဖြစ်သည်။ ရေက်နေ့ နံနက်တွင် ရှမ်း၊ ကချင်၊ ချင်း၊ ဗမာခေါင်းဆောင်များ၊ အင်္ဂလိပ်အရာရှိများနှင့် ရှမ်းပြည်သူလူထုတက်ရောက်၍ တောင်တန်းဒေသဆိုင်ရာ ပင်လုံညီလာခံလူထုအစည်းအဝေးကြီးကို ကျင်းပခဲ့သည်။ သဘာပတိမှာ တောင်ပိုင်းစော်ဘွားကြီး စဝ်ခွန်ပန်းစိန်ဖြစ်သည်။ ယင်းညီလာခံတွင် ဗိုလ်ချုပ်က " မြန်မာများက စိုးမိုးလို၍မဟုတ်" ဟူသော မိန့်ခွန်းကိုပြောခဲ့ပြီး လူထုပရိသတ်ကြီးက တစ်ခဲနက်ထောက်ခံအားပေးခဲ့ကြသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားကိုယ်စားလှယ်တော်ကြီးများက အချောသတ်ရေးသားထားသော ပင်လုံစာချုပ်ကို ရှမ်းစော်ဘွား ခြောက်ဦး၊ ရှမ်းလူထုကိုယ်စားလှယ် ရှစ်ဦး၊ ကချင်ကိုယ်စားလှယ် သုံးဦးနှင့် ဗမာပြည် အစိုးရကိုယ်စားလှယ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းတို့ဖြင့် ကိုယ်စားလှယ် ၂၃ ဦးက တရားဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။

**စည်လုံးခြင်းသည် အင်အား**

ပင်လုံစာချုပ်သည် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ပြယုဂ် ဖြစ်သည်။ အဖျက်ရန်ဘယ်လိုရှိရှိ ပြည်ထောင်စုသားတို့သည် အေးအတူ၊ ပူအမျှ ဥမကွဲသိုက်မပျက် သွေးစည်းညီညွတ်ကြမည်ဟု ကတိပြုလိုက်ခြင်းဖြစ်သည်။ ထို့အတွက်ရလဒ်မှာ မြန်မာတစ်နိုင်ငံလုံးအတွက် တစ်ပေါင်းတစ်စည်းတည်း အပြည့်အဝ လွတ်လပ်ရေးဖြစ်သည်။ မြန်မာစကားပုံလာအတိုင်း "စည်းလုံးခြင်းသည် အင်အား" ဖြစ်သည်။

ယနေ့အချိန်တွင် မြန်မာနိုင်ငံသည် အမျိုးသားရင်ကြားစေ့ရေး ကြိုးပမ်းလျက် ဒီမိုကရေစီခရီးရှည်ကြီးကိုလျှောက်လှမ်းနေချိန်ဖြစ်သည်။ ဒီမိုကရေစီ ခရီးလမ်းဝယ် ပင်လုံက သက်သေထူသော ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားဖို့ လိုပါသည်။ တိုင်းရင်းသားညီနောင်စုတို့သည် မိမိတို့ တည်ထောင်ပြုထားသော ပြည်ထောင်စုကြီးတည်မြဲရေးအတွက် လက်ချင်းခိုင်ခိုင်ယှက်တွဲနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။

**"ယနေ့အချိန်တွင် မြန်မာနိုင်ငံသည် အမျိုးသားရင်ကြားစေ့ရေး ကြိုးပမ်းလျက် ဒီမိုကရေစီခရီးရှည်ကြီးကို လျှောက်လှမ်းနေချိန်ဖြစ်သည်။ ဒီမိုကရေစီ ခရီးလမ်းဝယ် ပင်လုံက သက်သေထူသော ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားဖို့ လို"**

## (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပညာပေးပြခန်းများဖွင့်ပွဲ ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပညာပေးပြခန်းများ ဖွင့်ပွဲကို ယနေ့နံနက်က ကန်သာယာကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပညာပေးပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အထိမ်းအမှတ် ပညာပေးပြခန်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြခန်းများ ဖွင့်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။




ပညာပေးပြခန်းများ ဖွင့်လှစ်ထားရှိမှု အခြေအနေကို တွေ့ရစဉ်။

ပြသထားသော ပညာပေးပြခန်းများတွင်ပန်းချီပြခန်း၊ ပညာရေးကောလိပ်ပြခန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးပြခန်း၊ အခြေခံပညာပြခန်း၊ နည်းပညာ တက္ကသိုလ်ပြခန်း၊ ကွန်ပျူတာ တက္ကသိုလ်ပြခန်း၊ ကျန်းမာရေး၊ တိုင်းရင်းဆေး၊ FDA ပြခန်း၊ စားသုံးသူရေးရာပြခန်း၊ ယာဉ်ထိန်းရဲပြခန်း၊ လူကုန်ကူးမှုတားဆီးရေး... လူကုန်တားပြခန်း၊ မူးယစ်ပြခန်း၊ သစ်တောပြခန်း၊ စိုက်ပျိုးရေးပြခန်း၊ KBZ ပြခန်းနှင့် စာအုပ်အရောင်းဆိုင်များပါဝင်ပြီး ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

## ပြည်ထောင်စုနေ့အထိမ်းအမှတ် ညောင်ရွှေမှ ပင်းတယသို့ စက်ဘီးစီးနင်းမည်

**ပင်းတယ ဖေဖော်ဝါရီ ၁၁**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်မှ အပျော်စီးစက်ဘီးစီးအဖွဲ့ဖြစ်သော Southern Shan State Old Star Cycling and Cyclist Nyaung Shwe Group စက်ဘီးစီးအဖွဲ့ဝင်များက ညောင်ရွှေမြို့မှ ပင်းတယမြို့သို့ အပျော်တန်းစက်ဘီးစီးနင်းကြမည်ဖြစ်သည်။

အဆိုပါအဖွဲ့သည် ပင်းတယမြို့သို့ စက်ဘီးစီးနင်းလာရာတွင် ပင်းတယ မြို့မှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် တာဝန်ရှိသူများက သစ်အယ်ပင်ကျေးရွာအနီး ပင်းတယမြို့အဝင်ဆိုင်းဘုတ်၌ ကြိုဆိုကာ ပင်းတယမြို့တစ်ပတ် အတူတကွ စက်ဘီးစီးနင်းကြမည်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

## ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဒေးဒရဲ ဖေဖော်ဝါရီ ၁၁**

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ဦးစီးဌာန(ရုံးချုပ်)က ထုတ်ဝေသော (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက မြို့မဈေးကြီးနှင့် လူစည်ကားသော နေရာများတွင် ဖြန့်ဝေပေးခဲ့ပြီး (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားတွင်လည်း ဆက်လက်၍ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေဒေးသူ**

# ၂၀၁၉ ခုနှစ် အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

**အခန်း (၈)**

**အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပျက်ပြယ်ခြင်းနှင့် ရုပ်သိမ်းခြင်း**

၃၂။ အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ပျက်ပြယ်စေရမည် -

(က) အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးပေးအပ်သည့် အချိန်တွင် ဖော်ပြခဲ့သည့် ပုဒ်မ ၈ နှင့် ၉ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု မရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ခ) အပင်မျိုးမွေးမြူသူမှ တင်ပြခဲ့သည့် စာရွက်စာတမ်းများနှင့် အချက်အလက်များကို အခြေခံ၍ အပင်မျိုးမွေးမြူသူရပိုင်ခွင့် အခွင့်အရေးများကို ပေးအပ်လျှင် အပင်မျိုးသစ်ကို ကာကွယ်သည့် အခွင့်အရေးများပေးအပ်သည့်အချိန်၌ ဖော်ပြခဲ့သည့် ပုဒ်မ ၁၀ နှင့် ၁၁ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို အမှန်ရသင့်သူအား ပေးအပ်ရမည့်အစား မရရှိသင့်သူအား ပေးအပ်ခဲ့ခြင်း။

၃၃။ ပုဒ်မ ၃၂ ပါ အခြေအနေများမှအပ အခြား အကြောင်းခြင်းအရာများကြောင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ပျက်ပြယ်ခြင်း မရှိစေရ။

၃၄။ ဗဟိုကော်မတီသည် အောက်ဖော်ပြပါအခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို ရုပ်သိမ်းနိုင်သည် -

(က) ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်သည် ပုဒ်မ ၁၀ နှင့် ၁၁ တို့ပါ ပြဋ္ဌာန်းချက်များကို ရေရှည်ထိန်းသိမ်းထားနိုင်မှု မရှိခြင်း၊

(ခ) အပင်မျိုးမွေးမြူသူက ဗဟိုကော်မတီသို့ မျိုးသစ်နှင့် စပ်လျဉ်း၍ မျိုးသစ်အဖြစ် ဆက်လက်တည်ရှိရန် လိုအပ်သည့် သတင်းအချက်အလက်များ၊ မှတ်တမ်းများကို သတ်မှတ်ကာလအတွင်း တင်ပြနိုင်မှု မရှိခြင်း၊

(ဂ) အပင်မျိုးမွေးမြူသူက ၎င်း၏ရပိုင်ခွင့် အခွင့်အရေးကို ဆက်လက်ထိန်းသိမ်းရန်အတွက် ပေးရန်ရှိသည့် အဖိုးအခများကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်း၊

(ဃ) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးရရှိပြီး ကာကွယ်ခွင့် ရရှိထားသည့် အပင်မျိုးသစ်၏ အမည်အား ဖျက်သိမ်းခံရပြီးနောက် အပင်မျိုးသစ်မွေးမြူသူမှ ထပ်မံ၍ အခြားသင့်လျော်သည့် မျိုးအမည်အသစ်အား သတ်မှတ်ကာလအတွင်း အဆိုပြုနိုင်မှု မရှိခြင်း။

၃၅။ ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်များမှအပ မည်သည့်အကြောင်းအရာကမျှ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို ရုပ်သိမ်းခြင်း မရှိစေရ။

**အခန်း (၉)**

**အယူခံဝင်ခြင်း**

၃၆။ (က) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ သုံးသပ်ချက်အစီရင်ခံစာကို မကျေနပ်သူသည် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

(ခ) ဗဟိုကော်မတီသည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ သုံးသပ်ချက်အစီရင်ခံစာကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ဗဟိုကော်မတီက ချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ စီရင်ပိုင်ခွင့် အာဏာအပ်နှင်းထားသည့် တရားရုံးသို့ တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားနိုင်သည်။

**အခန်း (၁၀)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၇။ မည်သူမဆို ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်ကို ယင်းအပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ပုဒ်မ ၂၂၊ ၂၄ နှင့် ၂၅ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေဒဏ်ကျပ်တစ်ဆယ်သိန်းမှ အများဆုံးငွေဒဏ်ကျပ် သိန်းငါးဆယ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

**အခန်း (၁၁)**

**အထွေထွေ**

၃၈။ အပင်မျိုးသစ် ကာကွယ်ခွင့်လျှောက်ထားသူသည် ဤဥပဒေပြဋ္ဌာန်းချက်များအား လိုက်နာမှုရှိခြင်း၊ လိုအပ်သည့် အဖိုးအခပေးဆောင်ခြင်းများ ဆောင်ရွက်ထားပါက အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို အခြားမည့်သည့်အကြောင်းအရာများကမှ ဟန့်တားခြင်း မရှိစေရ။

၃၉။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားခြင်း၊ အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်း၊ အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်အမည် တင်ပြခြင်း၊ အတည်ပြုခြင်းတို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပြည်သူလူထုအား အသိပေးရမည်။

၄၀။ ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နည်းပညာကော်မတီ၏ တွေ့ရှိချက်ကို အခြေခံ၍ ဗဟိုကော်မတီသည် ကြီးကြပ်စီမံ ဆောင်ရွက်ရမည်။

၄၁။ (က) အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးရရှိထားသော အပင်မျိုးမွေးမြူသူသည် ၎င်း၏ ရပိုင်ခွင့်အခွင့်အရေးကို ချိုးဖောက်သူအား တွေ့ရှိပါက အောက်ဖော်ပြပါအရေးယူမှုများ ဆောင်ရွက်ပေးရန် ဗဟိုကော်မတီသို့ တောင်းဆိုနိုင်သည် -

(၁) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို ချိုးဖောက်သည်ဟု သက်သေအထောက်အထားရှိပါက ဆက်လက်လုပ်ဆောင်ခြင်း မပြုရန် တားမြစ်ခြင်း၊

(၂) အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ ချိုးဖောက်သူလက်ဝယ်တွင် တွေ့ရှိသော ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများ၊ ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများ သို့မဟုတ် ၎င်းတို့မှ ရရှိလာသော ဆက်စပ်ထွက်ကုန်များအား ဖျက်ဆီးခြင်း။

(ခ) အခြားသော ဉာဏမူပိုင်ခွင့် အခွင့်အရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများပါ ပြဋ္ဌာန်းချက်များကို အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးဆိုင်ရာ ဥပဒေအား လိုက်နာဆောင်ရွက်ရေးအတွက် အသုံးပြုနိုင်သည်။

၄၂။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ထားသော ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၄၃။ ဗဟိုကော်မတီသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးရရှိရန် အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေး လျှောက်ထားသူက ပေးဆောင်ရမည့် အခကြေးငွေများကို သတ်မှတ်ပေးရမည်။

၄၄။ အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေး လျှောက်ထားသူသည် အပင်မျိုးသစ်ကာကွယ်ခွင့် လျှောက်ထားခြင်း၊ စစ်ဆေးခြင်းများအတွက် သတ်မှတ်ထားသည့် အခကြေးငွေများကို ဗဟိုကော်မတီသို့ ပေးဆောင်ရမည်။

၄၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၆။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်-၁၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## ရေးမြို့ ရွှေဆံတော်နှင့် စကားတောင်စေတီ (၁၃၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ရေး ဖေဖော်ဝါရီ ၁၁**

မွန်ပြည်နယ် ရေးမြို့ကျက်သရေဆောင် ရွှေဆံတော်စေတီနှင့် စကားတောင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် အသံမစဲပဋ္ဌာန်းတရားပူဇော်ပွဲကို တပို့တွဲလဆန်း ၇ ရက်မှ ၁၂ ရက်အထိ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်ကာလတွင် မွန်ပြည်နယ်ဇာတ်ပွဲ နှစ်ပွဲအပြင် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများမှ ထိုင်း-မြန်မာ အီရန်လက်ဝှေ့အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ပြည်တွင်း လက်ဝှေ့ကလပ်အသင်းက ရွှေခါးပတ်ချန်ပီယံလက်ဝှေ့သမားများလည်း ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီထံမှ သိရသည်။



ရေးမြို့ ရွှေဆံတော်ဘုရားကို ဖူးတွေ့ရစဉ်။

ပွဲတော်ကာလကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၁ ရက်အထိ ကံထူးရှင်ရွှေချယ်ရေး အစီအစဉ်များနှင့်အတူ လူသုံးကုန်၊ အဝတ်အထည် ဈေးဆိုင်အရောင်းပြခန်းများပါ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

---

## ဆုတောင်းပြည့်လုဒ်မယ်တော် သခင်မပွဲတော် ညောင်လေးပင်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၁**

နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသော (၁၁၇)ကြိမ်မြောက် ကက်သလစ်ခရစ်ယာန် ဘာသာဝင်များ၏ဆုတောင်းပြည့်လုဒ်မယ်တော်သခင်မပွဲတော်ကြီးပထမနေ့အဖြစ် မြို့တွင်းသို့ လှည့်လည်ပူဇော်ခြင်းကို ဖေဖော်ဝါရီ ၈ ရက် ညနေ ၆ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၃) ရပ်ကွက်ရှိ လုဒ်မယ်တော်သခင်မကျောင်းတော်မှစတင်ကာ လှည့်လည်ပူဇော်ခဲ့ကြသည်။

ဆုတောင်းပြည့် လုဒ်မယ်တော်သခင်မပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၀ ရက်အထိ နိုင်ငံတစ်ဝန်းရှိ ကက်သလစ်ခရစ်ယာန် ဘာသာဝင်များ ရောက်ရှိလာကြပြီး ဆုတောင်းပြည့်လုဒ်မယ်တော်ကျောင်း ပရိဝုဏ်အတွင်း၌ မယ်တော်အလံတင်ခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်း၊ ပုတီးစိပ်ခြင်း၊ မယ်တော်ရှေ့ ဂါရဝပြုခြင်း၊ ဘုရားကျောင်းပရိဝုဏ်အတွင်း စီတန်းလှည့်လည်ခြင်းများကို ပြုလုပ်ဆောင်ရွက်ကြခဲ့ကြပြီး ဖေဖော်ဝါရီ ၈ ရက်နှင့် ၉ ရက် ညနေပိုင်း အချိန်မြို့တွင်းသို့ ဘာသာဝင်များက ဆီမီးဖယောင်းတိုင်များ ကိုင်ဆောင်ကာ စီတန်းလှည့်လည်၍ မေတ္တာပို့ဆုတောင်းခြင်းနှင့် အန္တရာယ်ကင်းစေရန် ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

---

## သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲအတွက် တောင်သူ ၃၅၀ ကျော်မှ သစ်သီးဝလံနှင့် ပန်းမန် အမျိုးအစား ၆၀ ကျော် ယှဉ်ပြိုင်

**မုံရွာ ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တိုင်းဒေသကြီးအားကစားကွင်းအတွင်း ကျင်းပလျက်ရှိသော (၇၂)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်မှ စိုက်ပျိုးရေးတောင်သူ ၃၅၃ ဦးက သစ်သီးဝလံနှင့် ပန်းမန်အမျိုးအစားပေါင်း ၆၉ မျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

"ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကို ကျင်းပရတာက တောင်သူတွေ စိုက်ပျိုးထုတ်လုပ်တဲ့အခါမှာ စိုက်ပျိုးရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့အတွက် တောင်သူတွေကို ဖိတ်ခေါ်ပြီး ယှဉ်ပြိုင်စေခဲ့ပါတယ်။ အခုနှစ်မှာတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီး၊ လဟယ်နဲ့ နန်းယွန်းမြို့နယ်တွေက တောင်သူတွေ ခါတိုင်းနှစ်တွေထက် ပိုပြီးဝင်ပြိုင်တာကို တွေ့ရတယ်။ ပြိုင်ပွဲကို သစ်သီးဝလံအုပ်စု၊ ပန်းမန်အုပ်စု၊ ဟင်းသီးဟင်းရွက်အုပ်စုဆိုပြီး အုပ်စုသုံးစုခွဲထားပါတယ်။ အရည်အသွေးအကောင်းဆုံး တောင်သူတွေကို ဆုတွေ ချီးမြှင့်ပေးသွားမှာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာဦးက ပြောသည်။

**ဆုချီးမြှင့်မည်**

အဆိုပါ ပြည်ထောင်စုနေ့အထိမ်းအမှတ် သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်တောင်သူများ၏ မိမိတို့ ကိုယ်တိုင်စိုက်ပျိုးထားသော အသီးအနှံများ၊ ပန်းမျိုးစုံတို့ကို ယနေ့အကဲဖြတ်အမှတ်ပေးမှုပြုလုပ်ပြီး ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ပြခန်းတွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**










## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ပဲခူးမြို့၊ မြို့နယ်တရားသူကြီးရုံး**

**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၁**

| | | |
|---|---|---|
| မစန်းစန်းဝင်း<br>အမှတ် ၆၅၃/ခ၊ ရွှေသာလျောင်း<br>လမ်းမတန်း၊ ကလျာဏီရပ်ကွက်၊<br>ပဲခူးမြို့ | နှင့် | ဆိုမဆွံ့ဒရံမံပီလေး<br>အမှတ် ၆၅၃/ခ၊ရွှေသာ<br>လျောင်းလမ်းမတန်း၊<br>ကလျာဏီရပ်ကွက်၊ ပဲခူးမြို့<br>(ယခုနေရပ်လိပ်စာမသိ) |
| **တရားလို** | | **တရားပြိုင်** |

ပဲခူးမြို့၊ ကလျာဏီရပ်ကွက်၊ ရွှေသာလျောင်းလမ်းမတန်း၊ အမှတ် ၆၅၃/ခနေ တရားပြိုင်ဖြစ်သည့် ဆိုမဆွံ့ဒရံမံပီလေး(ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ် တရားလိုက တရားလိုလက်ရှိထားနေထိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှိနေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် (၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်ခင်လေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဟိန်းသူရိန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပဲခူးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ် ၈၄၀၊ မြေကွက်တည်နေရာအမှတ် ၈၄၀၊ မင်းရဲကျော်စွာလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးစိုးတင့် (CI-၀၃၂၆၉၃)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိုးတင့်(ကွယ်လွန်)သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်မကြည် ၁၂/ဥကတ(နိုင်) ၀၂၄၄၆၈ မှာ ဂရန်မူ ရင်း၊ နိုင်ငံသားကတ်၊ ခင်ပွန်းသေစာရင်း၊ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ဒေါ်ခင်မကြည်မှ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ ကျမ်းကျိန်ဆိုသူ အရာရှိရှေ့တွင် ပြုလုပ်ထားသည့် ၁၉-၁၂-၁၈ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ်(၁၂/၁၅၁၂)၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးခဲ့ရာ အုတ်ကာ၊ သွပ်မိုးနှစ်ထပ်အိမ်ရှိပြီး ကိုယ်တိုင်နေထိုင်ပါသည်။ ကွင်းဆင်းသိရှိကြောင်း ဒေါ်ခင်မကြည်မှ လက်မှတ်ရေးထိုးထားပါသဖြင့် ဒေါ်ခင်မကြည်၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဆင်ပေါင်ဝဲမြို့နယ်၊ မင်းကန်ရွာနေ မချိုမာဝင်း၏ဖခင် ဦးအေးဝင်းနှင့် ဦးအေးပြား ၈/ဆပဝ(နိုင်)၀၄၈၇၃၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအေးဝင်း(ခ)ဦးအေးပြား**

## ဖခင်အမည်မှန်

ပခုက္ကူမြို့နယ်၊ မြစ်ခြေ အထက နဝမတန်း(F) မှ မအေးမြတ်ဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝမ်း ၈/ပခက(နိုင်)၁၅၄၅၀၄ ဖြစ်ပါကြောင်း။

**ဦးဇော်ဝမ်း**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊(၁)ရပ်ကွက်၊ ရွှေဘိုတန်းလမ်း၊ အကွက်အမှတ်(၇)၊ ဈေးပိုင်းဦးပိုင်အမှတ် (၁၁၀-ခ)၊ဧရိယာ(၀ဒသမ ၀၄၇) ဧကရှိ မြေကို ဦးဘစိန်၏သား ဦးမောင်ချို ၁၄၅/ကကတ(နိုင်) ၀၄၃၂၈၈ အမည်ဖြင့် မြေငှားဂရန် လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများယူဆောင်၍ ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကန်ကြီးထောင့်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာစီမံကိန်းအတွင်းရှိ ဒေါ်မြကေသီ ၁၂/ကမရ(နိုင်) ၀၄၃၉၉၂ ထံမှ တိုက်အမှတ် ၄၊ အခန်းအမှတ် ၈၁၁၊ Type(C)၊ အကျယ်အဝန်း ၆၂၂၊ စတုရန်းပေရှိတိုက်ခန်းအား ဝယ်ယူပြီးဖြစ်ပါသဖြင့် (အမည်ပြောင်း) လျှောက်ထားနိုင်ရန် ဒေါ်ဖြူသန့်ပိုင် ၈/ပခက(နိုင်)၁၇၀၀၄၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိုက်ခန်းပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဖြူသန့်ပိုင်**
**၈/ပခက(နိုင်)၁၇၀၀၄၀**
**ဖုန်း-၀၉-၇၃၀၀၁၈၁၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ပြည်လမ်းနှင့်နာနတ်တောလမ်းထောင့်၊DIAMOND CONDOMINIUM၊ တိုက်အမှတ်-B ၊အခန်းအမှတ်-B (07-03)၊၇-လွှာ၊အကျယ်(၁၀၅၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်အကျိုးခံစားခွင့်တို့ကို လက်ရှိပိုင်ဆိုင်သူ ဦးဆန်းထူးမြင့်(၁၂/မရက(နိုင်)၀၂၅၃၈၁) ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်တို့ ရောင်းဝယ်မှု အပေါ် ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ခိုင်လုံသည့်အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုမရှိပါကတိုက်ခန်းနှင့် အကျိုးခံစားခွင့် တရားဝင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်မောင်ဆွေ
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၅၂)
အမှတ်-၁၈၅၊ ပထမထပ်၊ (ဝဲဘက်အခန်း)
၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၀၀ ၄၇၇၅


ပြည်ထောင်စုနေ့
MPT
ရှေ့သို့လှမ်း၍ မြန်မာပြည်
(၇၂) နှစ်မြောက်ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုပါ၏။


HONDA | NCX
Dream
The New Honda Dream 125
CALL NOW (01) 218521
NCX MYANMAR CO., LTD.

## မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ပါရှိ

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၀ တွင် ဖော်ပြထားပါသည်။

## ယနေ့ မာတိကာ

မာန်အောင်ကျွန်း၏ အနောက်မြောက်ဘက်ရှိ မီးပြတိုက်အနီး သင်္ဘောတစ်စင်းနစ်မြုပ်၊ လူ ၁၈ ဦး ပျောက်ဆုံးလျက်ရှိ စာ » ၁၂

နယူးဇီလန်တောမီး ရက်သတ္တပတ်အနည်းငယ်ကြာအောင် ဆက်လက်လောင်ကျွမ်းဖွယ်ရှိသည်ဟု ခန့်မှန်း စာ » ၁၄

# အိန္ဒိယဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်းက အီရန်အသင်းကို အနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

2019 Hero Gold Cup အိန္ဒိယဖိတ်ခေါ်အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ယနေ့ ညနေပိုင်းက အိန္ဒိယနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက အီရန်လက်ရွေးစင် အမျိုးသမီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် နှစ်ပွဲဆက် အနိုင်ရခဲ့သော်လည်း အီရန်အသင်း၏ ရုန်းကန်မှုကြောင့် ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ မြန်မာအမျိုးသမီးအသင်းသည် မိနစ် ၉၀ ပြည့်သည်အထိ ဂိုးသွင်းနိုင်ခြင်းမရှိသော်လည်း နာကျင်အချိန်ပိုတွင် သွင်းယူသည့် နောက်ကျဂိုးများဖြင့် နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ပထမပွဲတွင် နီပေါအသင်းကို ဂိုးပြတ်

စာမျက်နှာ ၁၂ ကော်လံ ၁ ✪



မြန်မာနှင့် အီရန်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-MFF

# အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ ချင်းရိုင်ယူနိုက်တက်နှင့် ရန်ကုန် ယနေ့ ယှဉ်ပြိုင်မည်



အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲယှဉ်ပြိုင်မည့် ရန်ကုန်အသင်း။ ဓာတ်ပုံ-စိုးညွန့်

**ချင်းရိုင် ဖေဖော်ဝါရီ ၁၁**

၂၀၁၉ ရာသီ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ ဒုတိယအဆင့်အဖြစ် ချင်းရိုင်ယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းသည် ဖေဖော်ဝါရီ ၁၂ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ထိုင်းနိုင်ငံ ချင်းရိုင်မြို့ရှိ ဆင်ဂါကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲ အကြိုခြေစစ်ပွဲ ဒုတိယအဆင့်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက် တစ်ရက်တည်း ကျင်းပမည်ဖြစ်ပြီး အနောက်အာရှဇုန်တွင် လေးပွဲ၊ အရှေ့အာရှဇုန်တွင် လေးပွဲ ပါဝင်မည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အဝေးကွင်း၌ ရလဒ်ကောင်းရရန် ရုန်းကန်ရမည်ဖြစ်ပြီး ထိုင်းလိဂ်-၁ ကလပ် ချင်းရိုင်ယူနိုက်တက်အသင်းနှင့် တွေ့ဆုံနေသောကြောင့် ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။ ရန်ကုန်အသင်းသည် ပထမအဆင့်တွင်

စာမျက်နှာ ၁၂ ကော်လံ ၃ ✻

## မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ သန်လျင်ကျိုက်ခေါက်စေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်တွင် ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၉ ရက်တွင် သပြေညိုနှင့် ဝမ်ချနာ(ထိုင်း)၊ ရဲသွေးအောင်(အဖြူရောင်သွေးသစ်)နှင့် ဆူးမိုက်(ခြင်္သေ့မင်း)၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် အောက်ချင်းလေး(မြန်မာ)နှင့် ခေါင်ဝမ်(ထိုင်း)တို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြည်တွင်း မြန်မာပွဲများဖြစ်သည့် သိန်းနီ (အဖြူရောင်သွေးသစ်)နှင့် ဟံသာဝတီသား (အဖြူရောင် သွေးသစ်)၊ အံ့ဘွား(ကျားဖြူ)နှင့် ကိုကိုအောင် (တောင်ဇလပ်)၊ ဇလပ်သွေး(တောင်ဇလပ်)နှင့် သားဒိန်း (ဖိုးရာဇာ)၊ သက်ဦးကျော်(ရွှေချောင်းသာ)နှင့် တောက်ရှာအောင်(AMT2)တို့ ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်သည်။

ထို့ပြင် အထူး သုံးချီစိန်ခေါ်ပွဲများနှင့် လေးချီစိန်ခေါ်ပွဲများကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို မြန်မာ့ရိုးရာလက်ဝှေ့ အစည်းအရုံးနှင့် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ဂေါပကအဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဝင်ကြေးအဖြစ် ငွေကျပ် ၄၀၀၀၊ ၅၀၀၀၊ ၁၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။ ဗလစိုး





# မြန်မာ့အလင်း

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၈ ရက် | ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ အင်္ဂါနေ့



## စုပေါင်းပြီး အင်တိုက် အားတိုက်လုပ်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်ည ပင်လုံမြို့ စော်ဘွားများ ထမင်းစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မြွက်ကြားချက်မှ)



# (၇၂) နှစ်မြောက်

# ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

# ပြည်သူတစ်ယောက်၏ ပြည်ထောင်စုမျှော်လင့်ချက်

**သိန်းထွန်း (IR)**

မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းသည့် ပြည်ထောင်စုနေ့ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် **(ယနေ့)** တွင် (၇၂)နှစ်မြောက်ခဲ့ပြီ ဖြစ်သည်။ ပြည်ထောင်စုနေ့သည့် မြန်မာနိုင်ငံအတွက် တိုင်းရင်းသားအားလုံးအတွက် အနှစ်သာရအားဖြင့် လည်းကောင်း၊ လိုအပ်ချက်အရ လည်းကောင်း၊ အတိတ် ပစ္စုပ္ပန် အနာဂတ် ကာလသုံးပါးအားဖြင့် လည်းကောင်း အရေးပါလျက်ရှိပါသည်။ ပြည်ထောင်စုနေ့သည် ပြည်ထောင်စု သဘောကို ဖော်ကျူးသော၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ကျူးသော၊ အထိမ်းအမှတ်နေ့ရက်တစ်ရက်ထက် ပိုသော အဓိပ္ပာယ်များစွာရှိနေသည်မှာ ယနေ့အတွက်သာမက အနာဂတ်ကာလအတွက်အထိ ဆိုရပါမည်။

### ပြည်ထောင်စုနေ့၏အခြေခံ

ပြည်ထောင်စုနေ့၏ အခြေခံသည် ပင်လုံစာချုပ်ပင် ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီတွင် တိုင်းရင်းသားကိုယ်စားလှယ်များအကြား စည်းလုံးညီညွတ်စွာဖြင့် ပြည်နယ် ပြည်မ ပူးပေါင်း၍ လွတ်လပ်ရေး ရယူမည်ဟူသော ယုံကြည်ချက်၊ ဆုံးဖြတ်ချက်တို့ဖြင့် ပင်လုံ စာချုပ်ကြီးကို ညီညွတ်စွာ လက်မှတ်ရေးထိုးခဲ့ကြခြင်း



ကချင်တိုင်းရင်းသား တိုင်းရင်းသူ



ကယားတိုင်းရင်းသား တိုင်းရင်းသူ



ကရင်တိုင်းရင်းသား တိုင်းရင်းသူ



ချင်းတိုင်းရင်းသား တိုင်းရင်းသူ

ဖြစ်သည်။

ပင်လုံစာချုပ်လက်မှတ်ရေးထိုးရန် ဖြစ်ပေါ်လာရသည့် အကြောင်းရင်းမှာလည်း သတိပြုဖွယ်ဖြစ်ပါသည်။ တစ်နှစ်အတွင်း လွတ်လပ်ရေးရရှိရန်အတွက် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ၁၆ ဦးအဖွဲ့သည် ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဗြိတိသျှဝန်ကြီးချုပ် အက်တလီ ခေါင်းဆောင်သော အဖွဲ့နှင့် လန်ဒန်၌ ဆွေးနွေးခဲ့ကြသည်။ ဗြိတိသျှတို့သည် ဗမာပြည်မကိုသာ လွတ်လပ်ရေးပေး၍ တောင်တန်းဒေသတို့ကို ခွဲခြားထားလိုခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း တောင်တန်းဒေသများနှင့်အတူ လွတ်လပ်ရေးပေးရန် တောင်းဆိုခဲ့သည်။

လန်ဒန်၌ ဗိုလ်ချုပ်အောင်ဆန်း ထိုသို့ တောင်းဆိုဆွေးနွေးနေစဉ် ဗြိတိသျှတို့၏ တောင်တန်းဒေသမင်းကြီး မစ္စတာ စတီဗင်ဆင်၏ ကြိုးဆွဲမှုခံနေကြရသည့် ပဒေသရာဇ် စော်ဘွားအချို့က “ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ် စော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်ကြောင်းနှင့် တောင်တန်းဒေသများ၏ ကိစ္စကို ဆွေးနွေးရန် ရှမ်းပြည်နယ် စော်ဘွားများကို သီးသန့်ဖိတ်ကြားပါ” ဟူ၍ ကြေးနန်း တစ်စောင်ကို လားရှိုးမြို့မှ လန်ဒန်သို့ တိတ်တဆိတ်ပေးပို့ခဲ့ ကြသည်။ ၎င်းကြေးနန်းစာကို အကြောင်းပြု၍ ဗြိတိသျှ အစိုးရနှင့် ဗိုလ်ချုပ်တို့အဖွဲ့ဆွေးနွေးမှု မှာ လိပ်ခဲတည်းလည်း ဖြစ်ခဲ့ရသည်။ သို့သော်လည်း ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဗိုလ်ချုပ်တို့အဖွဲ့နှင့် ဝန်ကြီးချုပ် အက်တလီတို့သည် အဓိကအချက်ကြီး ရှစ်ချက်ပါဝင်သော “အောင်ဆန်း-အက်တလီ”စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့၏။

အဆိုပါစာချုပ် အပိုဒ်(၈)တွင် “တောင်တန်းဒေသများ တွင် နေထိုင်ကြသောသူများ၏ လွတ်လပ်သော သဘော တူညီချက်အရ ဆောလျင်စွာပူးပေါင်းနေထိုင်ရေးမှာ ဗြိတိသျှ အစိုးရနှင့် မြန်မာနိုင်ငံကိုယ်စားလှယ်များ နှစ်ဦးနှစ်ဖက်သဘော တူသော ရည်ရွယ်ချက်ဖြစ်သည်။ ယင်းရည်ရွယ်ချက်နှင့်အညီ မိမိတို့ လက်ခံနိုင်မည်ဟုထင်မြင်သော မြန်မာအစိုးရနှင့် ပူးပေါင်းပုံနှင့် ပတ်သက်၍ မိမိတို့ထင်မြင်ချက်များ ထုတ်ဖော် ပြောဆိုနိုင်ရန် နောက်လဆန်း၌ ကျင်းပမည့် ပင်လုံကွန်ဖရင့်တွင် နယ်ခြားဒေသခေါင်းဆောင်ကိုယ်စားလှယ်များကို မေးမြန်း ရမည်။ အထူးကွန်ဖရင့်ပြီးသည့်အခါ ဗြိတိသျှအစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့သည် နယ်ခြားဒေသများ၏ ဆန္ဒနှင့်အညီ လိုက်လျောညီစွာ အကျိုးတူရည်မှန်းချက်ဖြည့်စွမ်းရန် အကောင်းဆုံးစနစ်နှင့် ပတ်သက်၍ သဘောတူညီချက်ရယူ လိမ့်မည်ဖြစ်ကြောင်း”ဖော်ပြပါရှိပါသည်။ ယင်းမှာ နယ်ချဲ့တို့၏ သွေးခွဲလိုသည့် အချက်ပင်ဖြစ်ပါသည်။

တိုင်းရင်းသားအားလုံး၏ သဘောတူညီချက်ရရှိရေးအတွက် ပင်လုံမြို့တွင် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှစ၍ ဒုတိယ ပင်လုံညီလာခံကိုကျင်းပ၍ ဖေဖော်ဝါရီ ၇ ရက်တွင် တောင်တန်း သားများ ညီညွတ်ရေးဦးစီးအဖွဲ့ကို ၁၈ ယောက်နှင့် ဖွဲ့စည်းခဲ့ပါ သည်။ အဆိုပါအဖွဲ့၏ ဆွေးနွေးမှုများကြောင့် တိုင်းရင်းသား လူမျိုးများက မြန်မာပြည်နှင့် ပူးပေါင်းပြီး လွတ်လပ်ရေးရယူမည် ဖြစ်ကြောင်း သဘောတူပြောကြားစဉ် ဗြိတိသျှကိုယ်စားလှယ် မစ္စတာ စတီဗင်က သွေးခွဲစကားများ ပြောခဲ့သော်လည်း တိုင်းရင်းသားလူမျိုးများက လက်ခံမှုမရှိခြင်းကြောင့် ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် သမိုင်းတွင်မည့် ပင်လုံစာချုပ်ကြီးကို အနှောင့် အယှက် အခက်အခဲအမျိုးမျိုးထဲမှ အကြမ်းရေးနိုင်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပင်လုံစာချုပ်လက်မှတ်မရေးထိုးမီ အချိန်အထိ နယ်ချဲ့တို့သည် နည်းအမျိုးမျိုးဖြင့် တိုင်းရင်းသား များအကြား သွေးခွဲခဲ့ကြသည်။

**မြန်မာနိုင်ငံ၏ အနာဂတ်သည် အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုအရေးအပေါ် မူတည်နေလျက်ရှိသည်။ ယခင်က တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဗိုလ်ချုပ်အောင်ဆန်း မည်ကဲ့သို့ တည်ဆောက်ခဲ့ပါသနည်း။ ခက်ခဲလှသော နယ်ချဲ့တော်လှန်ရေး၊ ရှုပ်ထွေး လှသည့် အာဏာပြိုင်ဆိုင်မှု၊ နယ်ချဲ့တို့၏ သွေးခွဲမှုများရှိနေသည့်တိုင် ဗိုလ်ချုပ်အောင်ဆန်း၏ ထူးခြားလှသည့် တိုင်းရင်းသားစည်းလုံးညီညွတ် ရေး တည်ဆောက်နိုင်မှုမှာ ယနေ့အတွက် အတုယူစရာပင် . . .**

### ထူးခြားမှုများနှင့် နိုင်ငံ

မြန်မာနိုင်ငံသည် ဝိသေသထူးခြားသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ နိုင်ငံ၏အရွယ်အစားနှင့်မမျှသည့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး မှီတင်းနေထိုင်သည်မှာလည်း ထူးခြားမှုတစ်ရပ်ဟု ဆိုရပါမည်။ တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်ကြသည့် အတွက်လည်း ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်ရာ စသည့် ကွဲပြားသည့် ယဉ်ကျေးမှုစရိုက်လက္ခဏာများ ပေါင်းစည်းထား သည်မှာ ယနေ့ သုံးနှုန်းနေကြသည့် ယဉ်ကျေးမှုပေါင်းစုံစုစည်း ထားခြင်း၊ မတူညီမှုများနှင့် ပေါင်းစည်းနေထိုင်ခြင်း စသည့် ဒီမိုကရေစီအခြေခံများ ရှိပြီးဖြစ်သည်ဟု ဆိုရပါမည်။

အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားလက်ထက် ကပင် မြန်မာနိုင်ငံသည် တိုင်းရင်းသားများ တစ်စုတစ်စည်းတည်း နေထိုင်ခဲ့ကြသည်။ တိုင်းရင်းသားများစုစည်းနေထိုင်မှုကို ပထမ မြန်မာနိုင်ငံ၊ ဒုတိယမြန်မာနိုင်ငံ၊ တတိယမြန်မာနိုင်ငံ တည်ထောင်ခဲ့မှုအတူ အတူယှဉ်တွဲနေထိုင်ခဲ့ကြသည်မှာ သမိုင်း သက်သေပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စည်းလုံးမှုသမိုင်း ကြောင်း ရှည်လျားခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အခြားထူးခြားချက်တစ်ရပ်မှာ နိုင်ငံ၏ ပထဝီဝင်အရ တည်ရှိမှုဖြစ်သည်။ မြန်မာနိုင်ငံသည် အင်အားကြီး နိုင်ငံနှစ်ခုအကြား တည်ရှိနေခြင်းဖြစ်သည်။ မခေါ်ချင်သာ နေလို့ ရမည် မတော်ချင်လို့မရဆိုသကဲ့သို့ အိမ်နီးချင်းနိုင်ငံဆိုသည်မှာ လည်း ပြောင်းလဲ၍ရသည့် အခြေအနေမဟုတ်။ ယနေ့ခေတ်တွင် ပထဝီနိုင်ငံရေးကို ကျယ်ပြန့်စွာအသုံးချလာကြသည်ဖြစ်ရာ မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအရ တည်ရှိမှုသည်လည်း အရေးပါ လာသည့် ပထဝီဒေသတစ်ခုဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံ၏ နိုင်ငံ ရေး ပထဝီအနေအထားအရ အရေးပါမှုသည် အင်အားကြီးနိုင်ငံ များအတွက် ကစားကွက်တစ်ခုဖြစ်နေသကဲ့သို့ ထပ်မံဖြစ်ပွား လာနိုင်သည့် အလားအလာများလည်းရှိနေပါသည်။ အင်အား ကြီးနိုင်ငံများ၏ အင်အားပြိုင်မှုဖြစ်ပွားလာခြင်းကြောင့် မိမိတို့တိုင်းရင်းသားများအကြား စည်းလုံးမှုကို အနည်းနှင့်အများ ထိခိုက်လာမည် ဖြစ်ပါသည်။ နိုင်ငံ၏စည်းလုံးမှု အားနည်းသည် နှင့် ခေတ်သစ်ကိုလိုနီလွှမ်းမိုးမှုများ ဝင်ရောက်လာနိုင်သည်ကို အထူးသတိချပ်ရမည် ဖြစ်ပါသည်။

### အဆုံးမသတ်နိုင်သေးသည့် ပြည်တွင်းစစ်

လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်း လက်နက်ကိုင်တိုက်ပွဲများသည် နှစ်ပေါင်း ၇၀ ကျော်သည့် ယနေ့အထိတိုင် မဖြေရှင်းနိုင်သေးသည်မှာလည်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အခက်အခဲတစ်ခုဖြစ်နေဆဲဟု ဆိုရပါမည်။ တစ်နိုင်ငံလုံးလွတ်လပ်ရေးအတွက် တိုင်းရင်းသား အားလုံး စုစည်းညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြ သော်လည်း လွတ်လပ်ရေးရပြီးချိန်တွင် စည်းလုံးမှုပြိုကွဲခဲ့ရခြင်း အကြောင်းရင်းကို မခွင်းမချန် ပြန်လည်သုံးသပ်ပြင်ဆင် ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ယင်းသည် အဖြေမရှိသည့် ပုစ္ဆာ တစ်ပုဒ်တော့ မဟုတ်နိုင်ပါ။

လက်နက်ကိုင်တိုက်ခိုက်ခြင်းဖြင့် နှစ်ပေါင်းများစွာ တိုက်ခိုက်အဖြေရှာခဲ့ကြသော်လည်း ယနေ့အထိ မှန်ကန်သော အဖြေ၊ အားလုံး လိုလားသောရလဒ် မရရှိသေးသည်ကို ကြည့်ခြင်းအားဖြင့် လက်နက်ကိုင်လမ်းစဉ်သည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အနာဂတ်နိုင်ငံတော် တည်ဆောက်ရေး အတွက် မှန်ကန်သောနည်းလမ်းတစ်ရပ်ဟု မဆိုနိုင်တော့ပေ။ လက်နက်ကိုင်တိုက်ခိုက်ဖြေရှင်းခြင်း နည်းလမ်းများကြောင့် အပြစ်မဲ့ပြည်သူများမှာ ယင်း၏ဆိုးကျိုးများကို ယနေ့ထက် တိုင် ခံစားနေရဆဲအဖြစ် တွေ့ရသည်။ စစ်၏ဘေးဒဏ်၊ ပညာ ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အတွေးအခေါ်၊ မျှော်လင့်ချက်၊ အနာဂတ် စသည့် ဆုပ်ကိုင်ပြနိုင်သော ထိခိုက်ဆုံးရှုံးမှု၊ ဆုပ်ကိုင်ပြ၍ မရသော ဆုံးရှုံးနစ်နာမှုများ ခံစားခဲ့ကြရသည်မှာ ခန့်မှန်းရန်ပင် ခက်ခဲလှသည်။

တိုက်ခိုက်ဖြေရှင်းခြင်းနည်းလမ်းသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေး အတွက် မှန်ကန်သောနည်းလမ်းတစ်ရပ် မဖြစ်နိုင်ကြောင်း နှစ်ပေါင်း ၇၀ ကျော်ကြာ တိုက်ပွဲများက သက်သေထူခဲ့ပြီး ဖြစ်သည်။ မည်သူမျှ မနိုင်သော ဖြေရှင်းနည်းဟု ဆိုချင်ပါသည်။

### ငြိမ်းချမ်းရေးအခွင့်အလမ်းသစ်

မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားညီအစ်ကိုများအကြား ငြိမ်းချမ်းရေးတည်ဆောက်မှုကို ယခင်ကလည်း ပုံစံအမျိုးမျိုး နှင့် ဆောင်ရွက်ခဲ့ကြပါသည်။ သို့သော်လည်း လက်နက်ကိုင် တိုက်ခိုက်မှုများမှာ အဆုံးမသတ်နိုင်သေးချေ။ လက်နက်ကိုင် တိုက်ခိုက်မှုများတွင်လည်း ရည်ရွယ်ချက်မျိုးစုံ၊ ပုံစံမျိုးစုံ ရှိတတ် ကြသည်။ နိုင်ငံရေး၊ လူမျိုးရေး၊ ဝါဒရေး၊ ကိုယ်ကျိုးစီးပွားအရေး၊ ဒေသ အရေးတို့အပြင် ပတ်ဝန်းကျင်၏ ကြိုးဆွဲခံရမှု စသည့် အခြေခံအကြောင်းတရားတို့ကြောင့် လက်နက်ကိုင်တိုက်ခိုက် မှုများ ဖြစ်ပွားတတ်ကြသည်ကို တွေ့ရပါသည်။ ထိုသို့ပုံစံမျိုးစုံ၊ ရည်ရွယ် ချက်မျိုးစုံရှိတတ်သော လက်နက်ကိုင်တိုက်ခိုက်မှု များအကြား ငြိမ်းချမ်းရေးတည်ဆောက်ရန် ဆိုသည်မှာ ရှုပ်ထွေးခက်ခဲမည်မှာ အမှန်ပင်ဖြစ်ပါသည်။ မည်သို့ဆိုစေ ခိုင်မာသော ပြည်ထောင်စုတည်ဆောက်ရန် အတွက် ဘုံသဘောတူညီရရှိရေး ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်း ကြရပါမည်။

မြန်မာနိုင်ငံ၏ ရှုပ်ထွေးခက်ခဲလှသည့် ငြိမ်းချမ်းရေး အကောင်အထည်ဖော်မှုကို ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် ယခင် အတိတ်ကာလများနှင့်မတူညီဘဲ နိုင်ငံရေးအား နိုင်ငံရေးစားပွဲ ဝိုင်းတွင် ငြိမ်းချမ်းစွာအဖြေရှာရေး၊ အနာဂတ်နိုင်ငံတော် တည်ဆောက်ရာတွင် တိုင်းရင်းသားများ၏ လိုလားချက်များကို ငြိမ်းချမ်းစွာညှိနှိုင်းရေးနည်းလမ်းတို့ဖြင့် အကောင်အထည် ဖော်လျက်ရှိပါသည်။ တိုင်းရင်းသားများအကြား ငြိမ်းချမ်းစွာ ဖြင့် ညှိနှိုင်းအဖြေရှာသည့်နည်းလမ်း သို့မဟုတ် ယဉ်ကျေးမှု သည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သူများအကြားသာမက မြေစာပင်ဖြစ်ခဲ့ကြရသည့် ပြည်သူများအတွက်လည်း အကျိုးရှိ စေသော နည်းလမ်းဖြစ်မည်ဟု အခိုင်အမာယုံကြည်ပါသည်။

အချပ်ပို (၈) သို့

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

တန်းတူညီမျှ အခွင့်အရေးရ
ငြိမ်းချမ်းသာယာ ပြည်ထောင်စုမှာ
တန်းတူညီမျှ တာဝန်ယူကြ
လုံခြုံခိုင်မာ ပြည်ထောင်စုမှာ။

## ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစု ပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး "စည်းလုံးညီညွတ်စွာ"ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

**အချုပ်ပို(ဃ)မှ**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီဝိုင်းဝန်းလုပ်ဆောင်ကြရန် အထူးလိုအပ်လျက်ရှိနေပေသည်။

**ထာဝရငြိမ်းချမ်းရေး**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ကလည်း **"ယခုအချိန်အခါသည် ပြည်ထောင်စုတိုင်းရင်းသားအားလုံးအနေဖြင့် အတိတ်သမိုင်းမှ အတွေ့အကြုံများကို သင်ခန်းစာယူပြီး တိုင်းရင်းသားအချင်းချင်း ညီအစ်ကိုမောင်နှမစိတ်ဓာတ်ဖြင့် လက်နက်ကိုင်ပဋိပက္ခများ အကြွင်းမဲ့ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချိန်ကောင်း အခါကောင်းဖြစ်ပါသည်"** ဟု ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့ (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြခဲ့ပေသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း **"ကျွန်မတို့နိုင်ငံမှာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများဟာ နှစ်ပေါင်း ၇၀ နီးပါး ကြာမြင့်ခဲ့ပြီးဖြစ်ပါတယ်။ ခေတ်အဆက်ဆက် သူ့ခေတ်၊ သူ့ကာလ၊ သူ့အခြေအနေတွေအရ ငြိမ်းချမ်းရေးရဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ရတာတွေကို သင်ခန်းစာယူပြီး ကျွန်မတို့ခေတ်မှာ စုပေါင်းညီညာအောင်ကြောင်းဖြာဆိုသလို ကျွန်မတို့အားလုံး စုပေါင်းပြီး သမိုင်းမော်ကွန်းသစ်ကို ရေးထိုးကြရမှာ ဖြစ်ပါတယ်"** ဟု ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကြိုဆိုထောက်ခံပွဲသို့ ပေးပို့သည့် သဝဏ်လွှာတွင် ထည့်သွင်းပြောကြားခဲ့သည်။

လက်ရှိ ငြိမ်းချမ်းရေးခရီးလမ်းမှာ နီးလျက်ဝေးနေသေးသည်ဟု ထင်ရသော်လည်း ယနေ့ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးပြီး၊ ဆွေးနွေးဆဲနှင့် ဆွေးနွေးရန်အရေးတို့အရ ထင်သလောက်မဝေးတော့ဘဲ မကြာမီဖြစ်ပေါ်လာနိုင်စရာအကြောင်းရှိသဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် တစ်လှေတည်းစီး တစ်ခရီးတည်းသွား သဘောထားဖြင့် ပူးပေါင်းပါဝင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် လိုပေသည်။

**ငြိမ်းချမ်းရေးပြုလုပ်ခြင်း**

ငြိမ်းချမ်းရေးပြုလုပ်ရာတွင် သတိရှိခြင်းလိုအပ်၏။ မနာလိုခြင်း၊ ငါသာအမှန်ဟုထင်ခြင်း၊ အဓိပ္ပာယ်မရှိသော ဝေဖန်ခြင်းတို့နှင့် အတူတော့ ငြိမ်းချမ်းရေးမရနိုင်၊ ငြိမ်းချမ်းရေးပြုလုပ်ခြင်းအား စစ်တိုက်ခြင်းထက် ပို၍အရေးကြီးသည်ဟု ဆုံးဖြတ်ရမည်။ အတ္တနည်းခြင်းလည်းလိုအပ်၏။ ငြိမ်းချမ်းရေးဟူသည်မှာ အတ္တနည်းခြင်းက အမြစ်တွယ်ခြင်းဖြစ်၏။ ငြိမ်းချမ်းရေးပြုလုပ်ခြင်း၌ အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်ခြင်း မရှိမဖြစ် လိုအပ်၏။ ကိုယ်သာ လမ်းကိုသိသူများဟု ထင်နေသမျှ ငြိမ်းချမ်းရေးအတွက် ပြက်သိကာသာ လုပ်နိုင်မည်။ ငြိမ်းချမ်းရေးလုပ်သူသည် ကျော်ဇောမှု ဂုဏ်ဒြပ်နှင့် ချီးကျူးခံဖို့အတွက် အားမထုတ်၊ ငြိမ်းချမ်းရေးအတွက်သာ အားထုတ်သည်။ ငြိမ်းချမ်းရေးဆိုသည်မှာ ဥပေက္ခာထားရသော အလယ်အလတ်ဖြစ်သည်။ လူတို့၏ လိုအပ်ချက်များနှင့် နိုင်ငံရေးအခြေအနေများ ဆုံစည်းခြင်းပင်ဖြစ်သည်။ ဤသည်တို့မှာ ကမ္ဘာတစ်လွှားက ဒုက္ခသည်များအတွက် ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့သော ဘုန်းတော်ကြီး မဟာဂေါသနန္ဒ၏ ငြိမ်းချမ်းရေးအယူဝါဒဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း အပေးအယူဆိုရာတွင် နိုင်ငံတော်အပေါ်ထားရှိသည့် စေတနာ၊ မိမိ ဂုဏ်သိက္ခာအရ ကိုယ်ဘာပေးနိုင်မည်ကို ဦးစားပေး၍ ဆွေးနွေးစဉ်းစားစေချင်ကြောင်း၊ ကိုယ်ဘာလိုချင်သလဲဆိုတာကိုသာ ကြည့်မည်ဆိုပါက တိုင်းရင်းသားမျိုးစုံဖြင့် တည်ထောင်ထားသော ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ ညီညွတ်ဖို့လွယ်မည်မဟုတ်ကြောင်း ပြောကြားခဲ့ဖူးသည်။

**ငြိမ်းချမ်းရေးသည်အရေးကြီး**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်ရေးတို့အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သံသယစိတ်ကင်းစင်ကာ ခိုင်မာသည့်ယုံကြည်မှုဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရမည်ဖြစ်သည်။ တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ တစ်ပြည်လုံးအတိုင်းအတာနှင့် ဆက်စပ်နေပေသည်။ တစ်နေရာတွင် မငြိမ်းချမ်းဘဲ အခက်အခဲအဟန့်အတားများ ကြုံတွေ့နေရလျှင် အခြားဒေသများအတွက် အနည်းနှင့် အများဆိုသလို ဆက်စပ်ထိခိုက်ရပေသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးသည် အရေးကြီးဆုံးဖြစ်၏။

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် အတိတ်ကဆိုးမွေများကို သင်ခန်းစာယူပယ်ဖျောက်ပြီး တစ်ဦးနှင့်တစ်ဦး၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုးစစ်မှန်သည့် ပြည်ထောင်စုသားများ ဖြစ်သည်ဆိုသည့် ခံယူချက်နှင့် စိတ်ထားမွေးမြူကာ အနာဂတ်နိုင်ငံတော်သစ်ကို ညီညီညွတ်ညွတ်၊ ယုံယုံကြည်ကြည်ဖြင့် ဝိုင်းဝန်းတည်ဆောက်သွားကြရမည်ဖြစ်သည်။

တစ်မိသားစုအတွင်းရှိ ညီအစ်ကိုမောင်နှမများတွင်ပင် မတူကွဲပြားသည့် သဘောထားများ ရှိမည်ဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ခွင့်လွှတ်မှု၊ ယုံကြည်မှု၊ စာနာမှုများဖြင့် တည့်မတ်ကြလျှင် အေးချမ်းသာယာသော မိသားစုဘဝကို တည်ဆောက်နိုင်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့်လည်း မိမိတို့၏မတူညီသော သဘောထားများကို ထိုနည်းတူ တည့်မတ်ထိန်းကျောင်းသွားကြမည်ဆိုပါက ငြိမ်းချမ်းသာယာသောဘဝကို ပိုင်ဆိုင်နိုင်ကြပြီး ပြည်ထောင်စုကြီးသည်လည်း အစဉ်ထာဝရ အဓွန့်ရှည်တည်တံ့နေမည်ဖြစ်ပေသည်။

**အမျိုးသားရေးလုပ်ငန်းစဉ်များ ပေါက်မြောက်အောင်မြင်ရေး**

၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အတွက် နိုင်ငံတော်မှ ချမှတ်ပေးထားသော အမျိုးသားရေးဦးတည်ချက် (၅)ရပ်အား အလေးအနက်ခံယူပြီး ယင်းဦးတည်ချက်ပါလုပ်ငန်းစဉ်များ ပေါက်မြောက်အောင်မြင်အောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စုပေါင်းအားဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန်လည်း လိုအပ်ပေသည်။ ယင်းလုပ်ငန်းစဉ်များ ပေါက်မြောက်အောင်မြင်မှသာ အများပြည်သူတို့ မျှော်မှန်းထားသည့် ထာဝရငြိမ်းချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ထွန်းပေါ်ပေါက်လာနိုင်မည် ဖြစ်ပါကြောင်းဖြင့် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကြီးအား ဂုဏ်ပြုလိုက်ရပါကြောင်း။ ။

**အချုပ်ပို (ခ)မှ**

အတိတ်ကာလက မကြုံခဲ့ဖူးသော ယနေ့ ငြိမ်းချမ်းရေးအကောင်အထည်ဖော်မှုနည်းလမ်းသည် ငြိမ်းချမ်းရေးနှင့် ဆက်စပ်ပတ်သက်နေသူများအားလုံးအတွက် အခွင့်အလမ်းကောင်းတစ်ရပ်လည်း ဖြစ်ပါသည်။ ငြိမ်းချမ်းသော နည်းလမ်းဖြင့် ပါဝင်ခွင့်၊ ဆွေးနွေးခွင့်၊ တောင်းဆိုခွင့်၊ ညှိနှိုင်းခွင့် အခွင့်အရေး များရရှိနေပါသည်။ ထိုအခွင့်အရေးများကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်မည်ဆိုပါက သူနိုင်ကိုယ်နိုင်အခြေအနေများကို ရရှိနိုင်ပေမည်။

**စစ်မှန်သောသဘောထား**

သို့သော်လည်း ထိုအခွင့်အရေးများကို အသုံးပြု၍ ငြိမ်းချမ်းရေးမှတစ်ဆင့် အနာဂတ်ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေး တည်ဆောက်ရာတွင် ပါဝင်ဆက်စပ်နေသူအားလုံး၏ မှန်ကန်သောစိတ်ထား၊ မှန်ကန်သောနည်းလမ်းများဖြစ်ရန်လည်း အထူးလိုအပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အနာဂတ်သည် အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုအရေးအပေါ် မူတည်နေလျက်ရှိသည်။ ယခင်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဗိုလ်ချုပ်အောင်ဆန်း မည်ကဲ့သို့ တည်ဆောက်ခဲ့ပါသနည်း။ ခက်ခဲလှသော နယ်ချဲ့တော်လှန်ရေး၊ ရှုပ်ထွေးလှသည့် အာဏာပြိုင်ဆိုင်မှု၊ နယ်ချဲ့တို့၏ သွေးခွဲမှုများရှိနေသည့်တိုင် ဗိုလ်ချုပ်အောင်ဆန်း၏ ထူးခြားလှသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်မှုမှာ ယနေ့အတွက် အတုယူစရာပင်။ ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံ၏ လွတ်လပ်ရေးရယူရာတွင် လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်ရာတွင်လည်း အခြေခံရပ်တည်မှုမှာ ဘုံအကျိုးစီးပွားအပေါ် အခြေခံခြင်း၊ ရိုးသားခြင်း၊ အပြုသဘောဆောင်ရွက်ခြင်းတို့ကို တွေ့ရပါသည်။ ယင်းအခြေခံရပ်တည်ချက်များအပေါ်မူတည်၍ တိုင်းရင်းသားများအားလုံးအကြား ယုံကြည်မှု၊ အပြန်အလှန်နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ရရှိခဲ့သည်မှာ ထင်ရှားလှသည့် သမိုင်းသက်သေပင်ဖြစ်သည်။ ယင်းနှင့်ဆန့်ကျင်ဘက်မှာ ဘုံအကျိုးစီးပွားအပေါ် အခြေမခံဘဲ တစ်ဦးတစ်ယောက်သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏အကျိုးစီးပွားအပေါ် အခြေခံခြင်း၊ မရိုးသားခြင်းနှင့် အပျက်လုပ်ဆောင်ခြင်းတို့ပင် ဖြစ်သည်။

ပြည်ထောင်စု၏ အခြေခံသည် စည်းလုံးညီညွတ်ခြင်း၊ ပေါင်းစည်းခြင်း၊ ချစ်ကြည်ခြင်း၊ အပြန်အလှန်နားလည်ခြင်း၊ ယုံကြည်မှုများအပြင် မတူကွဲပြားမှုနှင့် ပေါင်းစည်းနေထိုင်ခြင်းဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးအရ လည်းကောင်း၊ နိုင်ငံ၏ ထူးခြားသည့် ဝိသေသများအရ လည်းကောင်း တိုင်းရင်းသားအားလုံး စုစည်းသည့် ပြည်ထောင်စုဖြင့်သာ ရေရှည်ရပ်တည်နိုင်မည်ဟု အခိုင်အမာ ယုံကြည်ပါသည်။ သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးအတွက် စုစည်းညီညွတ်သောအနာဂတ်ပြည်ထောင်စုကြီးအား ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ ဘုံအကျိုးစီးပွားအပေါ် ရပ်တည်ခြင်း၊ ရိုးသားခြင်း၊ အပြုသဘောစိတ်ထားတို့ဖြင့် စုပေါင်း အကောင်အထည်ဖော်နိုင်ရေး ပြည်သူတစ်ယောက်အနေဖြင့် မျှော်လင့်တောင့်တမိပါသည်။ ။



ဗမာတိုင်းရင်းသား တိုင်းရင်းသူ



မွန်တိုင်းရင်းသား တိုင်းရင်းသူ



ရခိုင်တိုင်းရင်းသား တိုင်းရင်းသူ



ရှမ်းတိုင်းရင်းသား တိုင်းရင်းသူ

# ပြည်ထောင်စုကြီး အစဉ်ထာဝရ အမွန့်ရှည်တည်တံ့ရေး

**ဦးအောင်(ရွှေပေါက်ကံ)**

**၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။**

ထိုနေ့ထိုရက်သည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်သည့် နေ့တစ်နေ့ ဖြစ်ဘိသကဲ့သို့ မြန်မာနိုင်ငံလွတ်လပ်ရေး အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို သက်သေပြနိုင်သည့် သမိုင်းမှတ်တိုင်စိုက်ထူနိုင်သော နေ့ထူးနေ့မြတ်လည်း ဖြစ်သည်ဟု ဆိုရပေမည်။

ထို့ပြင် နိုင်ငံတော်အတွက် အလွန်တန်ဖိုးအနဂ္ဃထိုက်တန်သော ပြည်ထောင်စုစိတ်ဓာတ်ကို မွေးဖွားသန့်စင်ပေးလိုက်သည့် နေ့တစ်နေ့လည်း ဖြစ်ပေသည်။ ထိုပြည်ထောင်စုစိတ်ဓာတ်ကြောင့်ပင် လက်လွတ်ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပင်လုံစာချုပ် ချုပ်ဆိုပြီးနောက် တစ်နှစ်တာကာလအတွင်း ပြန်လည်ရယူနိုင်ခဲ့ခြင်း ဖြစ်ပေသည်။




**ပင်လုံစာချုပ်**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော မျိုးချစ်ခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်၊ လူထုကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့သည် ရှမ်းပြည်နယ် ပင်လုံမြို့၌ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် စုဝေးဆွေးနွေးညှိနှိုင်းကြပြီး ယင်းနေ့ ၁၀ နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင် ၂၂ ဦးတို့သည် မြန်မာနိုင်ငံအား တောင်ပေါ်မြေပြန့်ခွဲခြားပြီး လွတ်လပ်ရေးပေးမည့် ကိုလိုနီနယ်ချဲ့ ဗြိတိသျှတို့၏ စီမံကိန်း (ဝါ) သွေးခွဲရေးထောင်ချောက်ကို ဖြိုခွင်းရှောင်လွှဲကာ သမိုင်းတွင်မည့် မြန်မာနိုင်ငံနှင့် တောင်တန်းဒေသများ ပူးပေါင်းရေးအချက် ကိုးချက်ပါသော ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။

> **“ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အနေဖြင့် အတိတ်ကဆိုးမွေများကို သင်ခန်းစာယူ ပယ်ဖျောက်ပြီး တစ်ဦးနှင့်တစ်ဦး၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး စစ်မှန်သည့် ပြည်ထောင်စုသားများ ဖြစ်သည် ဆိုသည့် ခံယူချက်နှင့် စိတ်ထားမွေးမြူကာ အနာဂတ်နိုင်ငံတော်သစ်ကို ညီညီညွတ်ညွတ်၊ ယုံယုံကြည်ကြည်ဖြင့် ဝိုင်းဝန်းတည်ဆောက် ”**

**အသက်တမျှအရေးကြီး**

မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အသက်တမျှအရေးကြီးသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ပင်လုံမြေ၊ ပင်လုံစာချုပ်မှ ဖြစ်တည်လာသည်ဟု ဆိုရပေမည်။ တိုင်းရင်းသားအားလုံး တစည်းတလုံးတည်း ရှိကြောင်း တောင်တန်းပြည်မ အတူတကွ လက်တွဲ၍ လွတ်လပ်ရေးကို အရယူမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့သည့် ပင်လုံစာချုပ်ကြီးသည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ကမ္ပည်းမော်ကွန်းတင်နိုင်ခဲ့ပေသည်။ ထို့ကြောင့်လည်း လုံးဝလွတ်လပ်သော မြန်မာနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပေသည်။

သို့သော် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို လွယ်လွယ်ကူကူနှင့် ရရှိခဲ့ခြင်းကား မဟုတ်ပေ။ အခက်အခဲ အနှောင့်အယှက်များ သွေးထိုးသပ်လျှိုမှုများ သဘောထားကွဲလွဲမှုများကြားမှ လွတ်လပ်ရေးတည်းဟူသော အောင်ပန်းကိုရယူလိုသော တူညီသည့် သဘောထားများကြောင့်သာ စည်းလုံးညီညွတ်မှုဖြစ်ခဲ့သည်။ ဥပမာအနေဖြင့် အောင်ဆန်း-အက်တလီစာချုပ်ကိုပင် ဂဠုန်ဦးစော၊ သခင်ဗစိန်၊ ဒေါက်တာဘမော်နှင့် သခင်စိုး၏ အလံနီကွန်မြူနစ်ပါတီတို့က ဝေဖန်ကန့်ကွက်ခဲ့ကြသေးသည်။ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်ပေါ်သားများ ညီညွတ်ရေးအဖွဲ့ ကိုယ်စားလှယ်များ ဆွေးနွေးပွဲတွင် ရှမ်းနှင့် ကချင်ပြည်နယ်အရေး မပြေမလည်ဖြစ်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည်ပင် စိတ်ပျက်၍ ရန်ကုန်ပြန်ရန် လေယာဉ်စီစဉ်ခိုင်းခဲ့သည်အထိ ဖြစ်ခဲ့သည်။ သို့သော် ဦးဝမ်ကိုဟော ခေါင်းဆောင်သည့် အဖွဲ့က ဆွေးနွေးပွဲကို အပျက်မခံဘဲ ဆက်လက်ဆွေးနွေးကြသဖြင့် ချင်းကိုယ်စားလှယ်များနှင့် ဗိုလ်ချုပ်အောင်ဆန်း သဘောတူညီချက်ရရှိပြီးနောက် ရှမ်း၊ ချင်း၊ ကချင်ကိုယ်စားလှယ်များ အပြန်အလှန်ဆွေးနွေးကြရာမှ ရှမ်း၊ ချင်း၊ ကချင် ကိုယ်စားလှယ်များ တင်ပြချက်များကို နှစ်ဖက်ဆွေးနွေးပြီးနောက် ပင်လုံစာချုပ်မူကြမ်းရေးဆွဲခဲ့ကြသည်။

နယ်ချဲ့ရန်ကို အတူတကွ တွန်းလှန်ခဲ့ကြသော်လည်း မိမိတို့အရေးအတွက်မူ သဘောကွဲလွဲခဲ့ကြသည်ကို သင်ခန်းစာယူကာ ထိုသို့မဖြစ်စေဘဲ ပြည်ထောင်စုအရေးကို ဦးစားပေးကြရမည်ဖြစ်သည်။ ပြည်ထောင်စုကြီးအရေးသည် အားလုံးနှင့် သက်ဆိုင်သည့် အရေးဖြစ်သည်ကို သတိချပ်ကြရပေမည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလ လွတ်လပ်ရေးရလုနီးပါး အချိန်တွင် ဤကဲ့သို့ အကွဲကွဲအပြားပြားဖြစ်ရသည့် အကြောင်းရင်းဇာစ်မြစ်မှာ ဤသို့ဖြစ်အောင် နယ်ချဲ့တို့က လမ်းကြောင်းချထားပြီးဖြစ်သကဲ့သို့ သွေးကွဲလိုမှုနှင့် အာဏာရလိုမှုများကြောင့်လည်း ဖြစ်သည်ဟု ဆိုရပေမည်။ မည်သို့ပင်ဆိုစေ ပင်လုံစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့သဖြင့် လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ဤအောင်ပွဲကို အသိအမှတ်ပြုသည့်အနေဖြင့် ထိုဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့ဟူ၍ သတ်မှတ်ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားများအနေဖြင့် ဤသို့ပြည်ထောင်စုနေ့ဖြစ်ပေါ်လာရခြင်း၏ သမိုင်းကြောင်းကို လေ့လာသိရှိပြီး ပြည်ထောင်စုကြီးအစဉ်ထာဝရ အမွန့်ရှည်တည်တံ့နေစေရန် တူညီသောပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ တွဲလက်များ ခိုင်ခိုင်မြဲလျက် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည်မှာ မိမိတို့၏ မွေးရာပါတာဝန်ဖြစ်သည်။

ဤမြေ၊ ဤပြည်ထောင်စုကြီးသည် တိုင်းရင်းသား ဘေး၊ ဘိုး၊ ဘီဘင်တို့၏ အသက်၊ သွေးချွေးမြောက်မြားစွာ စတေးပြီး မွန်မြတ်စွာ ပေးခဲ့သော ဘိုးဘွားတို့အမွေ သွေးချင်းတို့၏ မြေဖြစ်သည်။ ဤမြေ၊ ဤပိုင်နက်နယ်နိမိတ်၏ မည်သည့်အစိတ်အပိုင်းတစ်လက်မကိုမျှ ပဲ့ထွက်မသွားစေရန်နှင့် ခွဲထွက်ရန် အကြံအစည်မှန်သမျှကို ကျွန်ုပ်တို့တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စုပေါင်းအားဖြင့် ကာကွယ်တားဆီးကြရပေမည်။ ကျွန်ုပ်တို့အားလုံး ညီညွတ်နေကြရမည်။ မညီညွတ်ဘဲ အကွဲကွဲအပြားပြားဖြစ်နေက နွားကွဲလျှင် ကျားဆွဲ ခံရပေလိမ့်မည်။ ကျားဆွဲမခံရအောင် ကျောချင်းကပ်၊ ရင်ချင်းအပ်ကာ ခိုင်မြဲစွာ ချည်နှောင်ထားသော ထင်းစည်းပမာကျစ်လျစ်သိပ်သည်းစွာ စည်းလုံးညီညွတ်နေကြရပေမည်။

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား**

ကျွန်ုပ်တို့၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ရှမ်း၊ ချင်း၊ ကချင်၊ မွန်၊ ဗမာ၊ ရခိုင်၊ ကယား၊ ကရင်၊ ဓနု၊ ပလောင်၊ ဝ၊ ပအိုဝ်း၊ အာခါ စသည့်လူမျိုးပေါင်း ၁၃၅ မျိုးတို့ စုပေါင်းနေထိုင်ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုကြီး ဖြစ်သည်။ ရှေးနှစ်ပေါင်းများစွာကတည်းကပင် အထင်ကရတည်ရှိခဲ့သည့် နိုင်ငံဖြစ်ပြီး ဤနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားလူမျိုးများသည်လည်း ရှေးပဝေသဏီကတည်းကပင် ဥမကွဲသိုက်မပျက်စည်းလုံးညီညွတ်စွာနေထိုင်ခဲ့ကြသည့် တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြသူများ ဖြစ်ကြသည့်အလျောက် ခရီးအတူသွားကြသူများအဖို့ မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ အတူတကွလက်တွဲကာ စိတ်တူကိုယ်တူဖြင့် မခိုမကတ် တက်ညီလက်ညီ ပြိုင်တူလှော်ခပ်ကြမှသာ လိုရာခရီးသို့ အချိန်မီရောက်ရှိနိုင်မည် ဖြစ်သကဲ့သို့ပင် ယနေ့အချိန်ကာလ နိုင်ငံတော်မှ ကြိုးပမ်းလုပ်ဆောင်နေသော

**အချပ်ပို(ဂ)သို့**

## ပြည်ထောင်စုနေ့ ပန်းတိုင်

* အမျိုးသားရေးဦးတည်ချက်နဲ့
တိုင်းပြည်တွက် ကောင်းကျိုးရည်
ရှေးရှူဦးတည်။
ဖက်ဒရယ်ပြည်ထောင်စု ဒီမိုကရေစီ
စံချိန်ညီ ဥပဒေတစ်ရပ်။
ပေါ်ပေါက်ရန်အစဉ်ကြိုးပမ်း
ရည်မှန်းချမှတ်။

* သုံးရပ်အရေးကို စုပေါင်းအားနဲ့
တိုင်းရင်းသားထု ဟန်ချက်ညီ
ကာကွယ်ပြုမည်။
(၂၁)ရာစု ပင်လုံမှသည်
ပြည်တွင်းငြိမ်းချမ်းရေးဆီ
အတူလျှောက်လှမ်း။
စည်းလုံးညီအတူလက်တွဲ
အောင်ပွဲလက်တစ်ကမ်း။

* ဘေးမသန်း ရန်မသီ လုံခြုံမှုနှင့်
တရားဥပဒေစိုးမိုးရန်
ဆောင်ရွက်ခဵ္ဌာန်။
ပညာရေးနှင့်ကျန်းမာရေးမကျန်
ရရှိခံစားနိုင်ဖို့အရေး။
(၇၂)နှစ်မြောက်
ပြည်ထောင်စုနေ့အတွက်
ဦးတည်ချက်ပေး။ ။

**အောင်မြင့်စိုး(ရေစကြို)**

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

ညီညွတ်ခြင်းသည် စွမ်းအင်
စည်းလုံးခြင်းသည် ခွန်အား
ပြည်ထောင်စု၏ နှလုံးသား။